# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၉ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၆၀)


# ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် အမျိုးသမီးထု၏စွမ်းအားကို အပြည့်အဝဖော်ထုတ် အမျိုးသမီးများဘဝ လုံခြုံရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်သွားမှာဖြစ်




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ဦးစီးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကနှင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကလေးသူငယ်များ စောင့်ရှောက်ရေးအသင်း၊ ကျား မ တန်းတူညီမျှရေးအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက eVisa စနစ်အား လွယ်ကူလျင်မြန်စွာ ရယူနိုင်ရေး တရားဝင် Website မှ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် eVisa စနစ်အား နိုင်ငံခြားသားများ ပိုမိုလွယ်ကူလျင်မြန်စွာ လျှောက်ထားရယူနိုင်ရေးအတွက် အဆိုပါဝန်ကြီးဌာန၏ တရားဝင် Website ဖြစ်သည့် https://evisa.moip.gov.mm ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံခြားသားခရီးသွား အချို့သည် ဝန်ကြီးဌာနပိုင် eVisa Website မှ ထုတ်ပေးထားရှိခဲ့သည့် ယခင် အသုံးပြုပြီးသော eVisa Approval Letter အဟောင်းပါ အချက်အလက်များအား ပြင်ဆင်ထားသော စာရွက်စာတမ်းများကိုင်ဆောင်၍ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်များသို့ ရောက်ရှိလာသည်ကို လည်းကောင်း၊ အချို့သော Website များသည် အခကြေးငွေပိုမိုရယူ၍ ဝန်ကြီးဌာနပိုင် eVisa Website သို့ ဝင်ရောက်လျှောက်ထားဆောင်ရွက်လျက်ရှိသည်ကို လည်းကောင်း စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

အခကြေးငွေ ပိုမိုရယူကာ အချို့သော Website များမှတစ်ဆင့် ဝန်ကြီးဌာနပိုင် eVisa Website ဝင်ရောက်လျှောက်ထားမှုများ ဆောင်ရွက်နေသော Tour Agent များကို ဝန်ကြီးဌာနအနေဖြင့် လုံးဝ ခွင့်ပြုထားခြင်း မရှိကြောင်းနှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❒

**တိုင်းပြည်စီးပွားရေးကောင်းဖို့ အရေးကြီးဆုံးအလှည့်အပြောင်း ၂၀၁၈ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ**

ဆောင်းပါး၊ စာမျက်နှာ - ၆

**အမေရိကန်နှင့် မြောက်ကိုရီးယား ဆွေးနွေးပွဲဖြစ်မြောက်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း**

စာမျက်နှာ - ၁၄




မြန်မာ့အလင်း

# တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု

တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤအဖွင့်မိန့်ခွန်း၌ နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရှိရေးအတွက် ဆုပ်ကိုင်သင့်ဆုပ်ကိုင်ထိုက်သည့် သဘောထားခံယူချက်တို့နှင့် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းဆောင်တာတို့အပေါ် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြခဲ့ပါသည်။

တရားသောဥပဒေတို့ စိုးမိုးမှသာ နိုင်ငံသူနိုင်ငံသားတို့ တည်ငြိမ်မှုနှင့် လုံခြုံမှုရှိမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြသကဲ့သို့ ပြဋ္ဌာန်းထားသည့်တရားဥပဒေတို့ တရားမျှတမှုရှိခြင်း / မရှိခြင်းကို နိုင်ငံသူ နိုင်ငံသားတို့ကသာ ဆုံးဖြတ်မည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ ပြဋ္ဌာန်းလိုက်သည့် ဥပဒေတို့က ပြည်သူလူထု၏ နေ့စဉ်ဘဝအပေါ် အကျိုးသက်ရောက်မှု ရှိစေနိုင်မှသာ တရားဥပဒေစိုးမိုးမည်ဖြစ်ကြောင်းကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညွှန်ပြခဲ့ပါသည်။ တရားဥပဒေစိုးမိုးမှသာ နိုင်ငံတော်အတွင်း ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း တန်းတူရည်တူ ယှဉ်ပြိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းတင်ပြခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်လွန်ကာလများ၌ မြန်မာနိုင်ငံက ထုတ်ပြန်ခဲ့သည့် **The Burma Law Report** တို့သည် စင်ကာပူနှင့် ဟောင်ကောင်တို့ကဲ့သို့သော နိုင်ငံတို့၏ **Law Report** တို့နှင့် တန်းတူအဆင့်အတန်းရှိခဲ့သည့် အစဉ်အလာကောင်းများ ပြန်လည်ရှင်သန်ရေး ဆောင်ရွက်ရမည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တိုက်တွန်းနှိုးဆော်ချက်ကို သက်ဆိုင်သူအားလုံးက အလေးအနက် နှလုံးသွင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်ရမည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုကို သက်ဆိုင်ရာပုဂ္ဂိုလ် အဖွဲ့အစည်းအသီးသီးက အလုပ်လမ်းညွှန်အဖြစ် ခံယူကျင့်သုံးကြရမည် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးစင်တာတို့ကို မန္တလေးမြို့နှင့် လားရှိုးမြို့တို့မှသည် မြစ်ကြီးနားမြို့၊ ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တို့အထိ တိုးချဲ့ဆောင်ရွက်ခဲ့ခြင်းနှင့် နိုင်ငံတော်ရှေ့နေချုပ်ရုံးက မျှတသည့်တရားစီရင်ရေးစံနှုန်းများ **(Fair Trial Standards)** စာအုပ်ထုတ်ဝေရန် စီစဉ်ခြင်းကဲ့သို့သော သတင်းကောင်းတို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုအား အသိပေးတင်ပြခဲ့ခြင်းသည် စိတ်အားတက်ကြွစရာကိစ္စရပ်များ ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာ၌ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံတို့ကို မပစ်ပယ်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှိုးဆော်သကဲ့သို့ ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အရေးကြီးကြောင်း ထောက်ပြခဲ့ခြင်းတို့သည် သက်ဆိုင်ရာပုဂ္ဂိုလ် အဖွဲ့အစည်းတိုင်းက အလေးအနက်ထား သုံးသပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ဖြစ်ပါသည်။

အဂတိလိုက်စားမှုသည် တရားဥပဒေစိုးမိုးရေးအတွက် အဓိက အဟန့်အတားဖြစ်ပြီး ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဟူသော အကြောင်းတရားလေးပါးသည် အဂတိလိုက်စားမှု၏ ပင်ရင်းအကြောင်းတရားတို့ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဤအတွေးအခေါ်ကို နိုင်ငံတော်ဝန်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အလေးအနက်လိုက်နာဆောင်ရွက်ပါက နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးကို ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

## နိုင်ငံအဆင့်သစ်တောဖုံးလွှမ်းမှု သစ်တောအမျိုးအစား၊ သစ်တောပြုန်းတီးမှု ကာဗွန်ထုတ်လွှတ်မှု၊ မြေအသုံးချမှုတို့ကို RS/GIS နည်းပညာဖြင့် မြေပုံထုတ်နိုင်မည်

**နေပြည်တော် မတ် ၈**

GPS ကိုင်တွယ်အသုံးချခြင်း၊ Global Mapper နှင့် ArcGIS Software များအသုံးပြုပြီး မြေပုံထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲကို မတ် ၆ ရက်က သစ်တောသုတေသနဌာန ရေဆင်း (စုဝေးခန်းမ) ၌ ကျင်းပသည်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (UNFCCC) သို့ တင်သွင်းခဲ့သည့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုလျှော့ချရေး ကတိကဝတ်များတွင် ပါဝင်သည့်သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် သစ်တောပြုန်းတီးမှုလျှော့ချရေး၊ သစ်တောပြန်လည် တည်ထောင်ရေးမူဝါဒများ၊ စီမံကိန်းများ၊ လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် RS/GIS နည်းပညာများ၏ အခန်းကဏ္ဍသည်အလွန် အရေးကြီးကြောင်း သိရသည်။

RS/GIS နည်းပညာများကို အသုံးပြုခြင်းဖြင့် လွယ်ကူမြန်ဆန်ပြီး အချိန်ကုန်သက်သာ၍ တိကျသည့် ကိန်းဂဏန်းအချက်အလက်များရရှိနိုင်မည့်အပြင် နိုင်ငံအဆင့် သစ်တောဖုံးလွှမ်းမှုပမာဏ၊ သစ်တောအမျိုးအစားအလိုက်၊ နေရာဒေသအလိုက် သစ်တောပြုန်းတီးမှု၊ ကာဗွန်ထုတ်လွှတ်မှု၊ မြေအသုံးချမှု၊ ပြောင်းလဲလာမှုစသည်တို့ကို ဖော်ပြနိုင်သည့် အဆင့်မြင့်မြေပုံများကို အရည်အသွေးမီ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သစ်တောဦးစီးဌာန၏ သစ်တောကဏ္ဍတွင် စဉ်ဆက်မပြတ်သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် RS/GIS အဆင့်မြင့်နည်းပညာများကို လူငယ်မျိုးဆက်သစ်များအတွက် ကျွမ်းကျင်စွာအသုံးပြုလာနိုင်စေရန်နှင့် အရည်အသွေး ပြည့်မီသည့် မြေပုံများ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးများတွင် ကိုယ်တိုင်ထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်ပြီး ယင်းသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် သင်တန်းနည်းပြဆရာများ၊ သုတေသီများနှင့်သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းများ အများစုနေထိုင်သည့် ဇမ္ဗူသီရိမြို့နယ်တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သက်ဆိုင်ရာမှပြောကြား

**နေပြည်တော် မတ် ၈**

မတ် ၈ ရက် မြန်မာစံတော်ချိန် နံနက် ၃ နာရီ ၄၃ မိနစ် ၈ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၁ ဒီဂရီ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဖေ့ဘုတ်စာမျက်နှာတွင် ဖော်ပြထားရှိသည်။

ယင်းမြေငလျင်လှုပ်ခတ်သွားခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများ အများစုနေထိုင်သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းမိသားစုများမှာ စိုးရိမ်ထိတ်လန့်ပြီး အဆောက်အအုံပြင်ပသို့ ထွက်ခွာကြရကာ ငလျင်အခြေအနေအပေါ် လေ့လာသုံးသပ်၍ မိုးလင်းသည်အထိ မြေပြင်ပေါ်တွင် နေထိုင်ကြရကြောင်း သိရသည်။

"ကျွန်တော်တို့ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတာ ၁၂ နှစ်ရှိပါပြီ၊ ဒီလိုမျိုး အဆောက်အအုံကို ဆောင့်ဆွဲလိုက်သလို အင်အားပြင်းပြင်း လှုပ်ခတ်တာမျိုး မကြုံဖူးသေးဘူး၊ စက္ကန့်ပိုင်းလောက်ပဲ လှုပ်လို့တော်သေးတယ်၊ မိသားစုအကုန်လုံး အဆောက်အအုံနဲ့လွတ်တဲ့ မြေပြင်မှာ မိုးလင်းခဲ့ရတယ်၊ ငလျင်ငယ်တွေ မကြာခဏ လှုပ်နေကတည်းက တိုက်ခန်းတွေက အက်တဲ့နေရာတွေ အက်နေတယ်၊ ခုဆို အက်ကြောင်းတွေက ပိုများလာတယ်၊ ရှေ့ဆိုရင် အထပ်မြင့်တိုက်ခန်းတွေနဲ့ နေရဖို့ အန္တရာယ်ရှိလာနိုင်တယ်" ဟု ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းတစ်ဦးက ပြောသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ လူနေတိုက်ခန်းများအပါအဝင် အခြေခံပညာကျောင်းများ၊ အခြားအဆောက်အအုံများနှင့်လူများ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း မတ် ၈ ရက် မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## မြို့လယ်မီးပွိုင့်လမ်းဆုံ၌ ပေါက်နေသော ရေပြွန်ပေါ်ရှိ လမ်းကို ဆောင်ရွက်ပြီးစီး

**နမ့်ခမ်း မတ် ၈**

မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာတွင် မတ် ၃ ရက်က ပါရှိသော ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့လယ် လမ်းဆုံမီးပွိုင့်အနီး ပြည်ထောင်စုလမ်းမကြီးမှ လျှပ်စစ်ရုံးကွေ့ဝင်သည့် လမ်းထောင့်တွင် ရေပြွန်မြောင်းပေါ်ခင်းထားသည့် သံကူကွန်ကရစ်လမ်းမှာ လွန်ခဲ့သော တစ်လကျော်ကတည်းက အပေါက်ဖြစ်ကာပျက်စီးရာမှ တဖြည်းဖြည်းအပေါက်ကျယ်လာပြီးယခုအခါ သုံးပေကျော်ခန့်ရှိအပေါက်ကြီးကို မြို့နယ်စည်ပင်သာယာရေးဌာနက ဆောင်ရွက်ပြီးစီးသဖြင့် မတ် ၈ ရက်မှစ၍ ယာဉ်များဖြတ်သန်းသွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၈-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ・ ၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ・ ၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ・ ၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・ ၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ・ ၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလှမ်းနှင့် အခမ်းအနားတက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

❖ ***ရှေ့ဖုံးမှ***

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် “ဒီနေ့ကျင်းပတဲ့ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အမျိုးသားများကလည်း အမျိုးသမီးများနေ့မှာ အားလုံးတက်တက်ကြွကြွနဲ့ ပါဝင်ပြီးတော့ ကူညီကြဖို့လိုပါတယ်။

“မြန်မာနိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သမိုင်းအစဉ်အလာအရ အမျိုးသားများဟာ အမျိုးသမီးများထက် အခွင့်အရေး၊ အခွင့်အလမ်းများ ပိုမိုရရှိခဲ့ပါတယ်။ အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများကြောင့် အမျိုးသမီးအခွင့်အရေးတွေဟာ အမျိုးသားတွေနဲ့ တန်းတူမဖြစ်သေးပေမယ့် အတိတ်ကာလကထက်စာလို့ရှိရင် များစွာ ပိုမိုတိုးတက်ရရှိလာပါတယ်။

**ပိုမိုအသုံးချနိုင်လာ**

“အမျိုးသမီးများရဲ့အခွင့်အရေးတွေ ပိုမိုရရှိလာခြင်းဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ လူ့အခွင့်အရေး စံချိန်၊ စံနှုန်းများ မြင့်မားလာမှာဖြစ်သလို အမျိုးသမီးထုရဲ့ စွမ်းပကားကို ပိုမိုအသုံးချနိုင်လာတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

“အမျိုးသမီးတွေအနေနဲ့လည်း ကိုယ့်အခွင့်အရေးတွေ သိရှိသလို မိမိတို့ရဲ့တာဝန်တွေကို ကျေပွန်ဖို့လိုအပ်ပါတယ်။ အခွင့်အရေးသာတောင်းခံပြီး တာဝန်ယူမှု၊ တာဝန်ခံမှုမရှိရင် ဒါဟာအပေါင်းလက္ခဏာဆောင်မှာမဟုတ်ပါဘူး။ ဒီအမျိုးသမီးများကို တန်ဖိုးထားဖို့ဆိုတာ စရမှာက မိခင်များကနေ စရမှာဖြစ်ပါတယ်။ အဲဒါအတွက် ကျွန်မအထူးသတိပေးချင်ပါတယ်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာဆိုရင် ယဉ်ကျေးမှုအရ မိန်းကလေးတွေကို တန်ဖိုးထားတယ်ဆိုတာ မိဘကို အလုပ်အကျွေးပြုဖို့၊ မိဘစကားနားထောင်တဲ့ မိန်းကလေးတွေကို တန်ဖိုးထားပေမယ့်လည်း သားယောကျ်ားလေးတွေ ဦးစားပေးတဲ့ အလေ့အကျင့်ဟာ အခုထက်ထိ မပျောက်သေးတဲ့နေရာတွေအများကြီး ရှိပါတယ်။

**တန်ဖိုးထားစေချင်**

“ဒါကြောင့်မို့ ဒါဟာ မိသားစုထဲကစရမှာပါ။ သမီးတွေနဲ့ သားတွေနဲ့ တန်းတူညီတူတန်ဖိုးထားဖို့ပါပဲ၊ တန်းတူညီတူ အခွင့်အရေးလို့ ကျွန်မမပြောချင်ဘူး။ အခွင့်အရေး ဆိုတာကတော့ သူ့ရဲ့လိုအပ်ချက်အရ ဖြစ်လာတာတွေလည်းရှိပါတယ်။ ဒါပေမယ့် တန်းတူညီတူတော့ တန်ဖိုးထားစေချင်ပါတယ်။ မိခင်များက ဒီဟာကိုစမှ ကျွန်မတို့နိုင်ငံမှာ တကယ့်ကို အမျိုးသမီးတွေနဲ့ အမျိုးသားတွေကြားမှာ တန်းတူညီတူမှုဆိုတာ ရှိလာမှာပါဖြစ်ပါတယ်။

“ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးတဲ့ ဦးတည်ချက် ဆောင်ပုဒ်ကတော့ **“အမျိုးသမီးများဘဝမြှင့်တင်ဖို့ ကျေးလက်နှင့်မြို့ပြတက်ကြွ လှုပ်ရှားသူများ ပူးပေါင်းလို့ ယခုပင်ကြိုးပမ်းကြပါစို့”** ဖြစ်ပါတယ်။ ဒီတော့ မြန်မာနိုင်ငံ (GDP) ရဲ့ ၃၀ ရာခိုင်နှုန်းဟာ လယ်ယာကဏ္ဍကနေရရှိနေပြီး နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလောက်ဟာ ကျေးလက်ဒေသမှာပဲ နေထိုင်ကြတာ ဖြစ်လို့ ကျေးလက်နေ အမျိုးသမီးထုက အင်မတန်မှ အရေးကြီးပါတယ်။

“တစ်နိုင်ငံလုံးမှာရှိတဲ့ အမျိုးသမီးတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ ကျေးလက်ဒေသတွေပါမကျန် လွှမ်းခြုံဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်အစိုးရက အင်တိုက်အားတိုက် ကြိုးစားနေပါတယ်။ အခုကျွန်မတို့ နိုင်ငံမှာဆိုရင် အထူးသဖြင့် ကျေးလက်တောရွာတွေက အမျိုးသားများ၊ ယောကျ်ားလေးများ၊ လူငယ်များဟာ တခြားနေရာတွေမှာ သူတို့ရဲ့ရွာတွေရဲ့ပြင်ပမှာ သွားပြီးတော့ အလုပ်ရှာတဲ့အခါမှာ ကျေးလက်ဒေသ တော်တော်များများမှာ အမျိုးသမီးတွေကသာ ပဲ့ကိုင်ဖို့ကျန်ခဲ့တာပါ။ ဒါကြောင့်မို့ ကျွန်မတို့ ကျေးလက်တောရွာဘက်မှာနေတဲ့ အမျိုးသမီးတွေရဲ့အခွင့်အရေးများ၊ အမျိုးသမီးတွေရဲ့ အရည်အချင်း မြှင့်တင်ရေးကိစ္စတွေကို အထူးအလေးပေးဖို့ လိုနေပါတယ်။

“မျက်မြင်လက်တွေ့ပြနိုင်မယ့် လမ်းတံတားတွေ၊ လျှပ်စစ်အချိန်ပြည့်ရရှိရေး၊ တယ်လီဖုန်း ဆက်သွယ်ရေးတွေရှိသလို လက်နဲ့ ကိုင်တွယ်လို့မဖြစ်တဲ့ ကျန်းမာရေးကဏ္ဍ၊ လူမှုရေးကာကွယ်စောင့်ရှောက်ရေးကဏ္ဍမှာလည်း ကျေးလက်၊ မြို့ပြမခွဲခြားဘဲ ကျွန်မတို့ကြိုးစားနေပါတယ်။ တချို့ကိစ္စတွေကျတော့ ကျေးလက်တွေကို အထူးဦးစားပေးပြီးတော့ ကြိုးစားပါတယ်။ ဒါပေမယ့်လည်း ဘယ်လိုပဲပြောပြော ကျေးလက်တောရွာ ပြည်သူလူထုကတော့ မြို့ပြပြည်သူလူထုလောက်လူမှုရေးနဲ့ ပတ်သက်ပြီးတော့ တိုးတက်မှုမရှိဘူးဆိုတာကိုတော့ ကျွန်မတို့ ဝန်ခံရမှာပဲ။ ဥပမာဆိုရင် ကျန်းမာရေးပါ။ ကျန်းမာရေးစောင့်ရှောက်မှုဟာ မြို့ပြတွေမှာဆိုရင် ကျေးလက် တောရွာတွေထက် အခုထက်ထိပိုပြီးတော့ ကောင်းနေပါတယ်။ သို့သော်လည်း ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာနကနေ ဒါကို အထူးအလေးပေးပြီးတော့ ကျေးလက်တောရွာ ကျန်းမာရေးဆိုတာဟာ စရမှာတော့ မိခင်နဲ့ ကလေးကျန်းမာရေးနဲ့ စရမှာပါ။ အဲဒါတွေကို ကျွန်မတို့က အထူးသဖြင့်လုပ်ပြီးတော့ ဆောင်ရွက်နေပါတယ်။

**စတင်ထောက်ပံ့ပေးနေ**

“ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်က ထုတ်ဝေဖြန့်ချိခဲ့တဲ့ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းရဲ့ Flagship ရှစ်ခုထဲက တစ်ခုဖြစ်တဲ့ “ကိုယ်ဝန်ဆောင်မိခင်များနဲ့ ၎င်းတို့က မွေးဖွားလာတဲ့ အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်” ကို Livelihoods and Food Security Trust Fund ရဲ့ ထောက်ပံ့မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျပြီး ထောက်ပံ့ပေးဖို့ လိုအပ်နေတဲ့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂဒေသတွေမှာ စတင်ထောက်ပံ့ပေးနေပါတယ်။

“ကျွန်မတို့ အဲဒီလိုထောက်ပံ့တဲ့အခါမှာ တစ်ခါတည်း ပညာပေးသွားဖို့ တော့လိုပါတယ်။ တချို့တွေကနေပြီးတော့ ဘာဖြစ်လို့ ဒီနှစ်နှစ်အောက်ကလေးတွေအတွက် စောင့်ရှောက်နှုန်းကအရေးကြီးတယ်ဆိုတာကို ပြည့်ပြည့်ဝဝသူတို့ သဘောမပေါက်ပါဘူး။ ဒီနှစ်နှစ်အောက်ကလေးတွေဟာ အာဟာရပြည့်ဝမှ သူတို့ရဲ့ ဉာဏ်ရည်ဟာ တစ်သက်လုံး ပြည့်ဝမယ်ဆိုတာကို တချို့က သိပ်ပြီးတော့ သဘောမပေါက်ပါဘူး။ ကျွန်မတို့တစ်ချိန်တစ်ခါတုန်းကဆိုရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ကလေးအာဟာရဖြည့်ရေး အစီအစဉ်လေးကို ကျွန်မတို့ရုံးမှာ လုပ်ပါတယ်။ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ ကျွန်မတို့ဟာ နှစ်ပတ်တစ်ခါ Vitamin ပေါ့၊ ကလေးတွေအတွက် အာဟာရပြည့်ဝမယ့် ဆေးရည်လေးတွေ ကျွန်မတို့ဝေတယ်။ ဝေပြီးတော့ နွမ်းပါးတဲ့မိခင်တွေက လာပြီးတော့ယူရတယ်။ ယူပြီးတော့ ကျွန်မတို့က ဘယ်လိုဘယ်လိုတိုက်ရမယ်။ တစ်ပုလင်းဆိုရင် နှစ်ပတ်ခံတယ်။ နှစ်ပတ်ကြာရင် ပြန်လာပြီးတော့ ဒီပုလင်းကို အသစ်ပေးမယ်။ ကျွန်မတို့က ပထမဦးဆုံးဒီဆေးရည်ကို ဝေပြီးတာနဲ့ ရက်ပိုင်းအတွင်းပဲ ကြားရတယ်။ တချို့မိခင်တွေက အဲဒီဆေးကို ရောင်းစားလိုက်တယ်။ ပြန်ပြီးရောင်းတဲ့အခါကျတော့ သူတို့အိမ်တွေ ပြန်ရောက်တဲ့အခါလှိုင်သာယာတို့ စသဖြင့် နည်းနည်းနွမ်းပါးတဲ့ မိခင်တွေကိုပေးတာကို။ အဲဒါကို ပြန်ရောက်တာနဲ့ ဘာမှမကြာဘူး ရောင်းစားလိုက်တယ်။ ရောင်းစားလိုက်တော့ နောက်တစ်ခါပြန်လာတော့ ကျွန်မတို့က ဒါကိုရှင်းပြတယ်။ ဒီဟာကို ရောင်းစားလိုက်ရင်အားလုံးရှုံးတယ်။

**ဉာဏ်ပညာဖွံ့ဖြိုးလာနိုင်**

“ဘာလို့လဲဆိုတော့ ကျွန်မတို့ပေးရသလောက်လည်း သူတို့ပြန်မရဘူး။ တစ်ဆင့် ပြန်ရောင်းတဲ့ အခါကျတော့ လျှော့ပေါ့ပြီးတော့ ရောင်းရတယ်။ ပြီးတော့ ဒီကလေးတွေအာဟာရပြည့်ဝအောင် လုပ်တယ်ဆိုတာဟာ လောလောဆယ်ကိုယ်ခန္ဓာ ဖွံ့ဖြိုးလာအောင်တင်မကဘူး။ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် တစ်သက်လုံးဉာဏ်ရည်ပိုပြီးတော့ ကောင်းဖို့အတွက်ဒီဟာကို ရည်ရွယ်ပြီးတော့လုပ်တာ။ ပြီးတော့ သူတို့ ဒီလိုကလေးတွေကို ဆေးမတိုက်ဘဲနဲ့ ဆေးပုလင်းတွေကို ရောင်းလိုက်လို့ရတဲ့ပိုက်ဆံလေးတွေ ဘာလုပ်နိုင်မှာလဲ။ လွန်ရောကျွံရောအသားဟင်းတစ်နပ်နှစ်နပ် ဝယ်စားလိုက်လို့တော့ ရတာပေါ့။ အဲဒါဟာဘာမှ အကျိုးဆက်ဒီလောက်မရှိဘူး။ ဒီကလေးတွေကိုသာ မှန်မှန်တိုက်မယ်ဆိုရင် ဘယ်လောက်ဖွံ့ဖြိုးနိုင်မယ်၊ ကိုယ်ခန္ဓာအားဖြင့်ရော၊ ဉာဏ်ပညာအားဖြင့်ရော ဘယ်လောက်ဖွံ့ဖြိုးနိုင်မယ်ဆိုတာကို ကျွန်မတို့က ရှင်းပြတယ်။

“ဒါပေမယ့်လည်း ရှင်းပြရုံနဲ့ ကျွန်မတို့က စိတ်မချတော့ အဲဒီနေ့ကနေစပြီး ပုလင်းတွေကို ဖွင့်ပြီးတော့ တစ်ဇွန်းတိုက်လိုက်တယ်။ တစ်ဇွန်းစီ တစ်ဇွန်းစီတိုက်ပြီးမှ တစ်ဇွန်းတိုက်ပြီးသားပုလင်းတွေကို ပြန်ပေးပြီးတော့ နောက်တစ်ခါပြန်လာရင် ပုလင်းအလွတ်ပြန်ယူခဲ့ရမယ်ဆိုပြီးတော့ ကျွန်မတို့ အဲဒီလိုအစီအစဉ်တွေလုပ်တဲ့ အခါကျမှ ကလေးတွေဟာ ဒီအာဟာရဖြည့်ဆေးကို မှန်မှန်သုံးစွဲနိုင်တဲ့အဆင့်ကို ရောက်သွားတယ်။ ဒီတော့ဒါဟာလည်း ပညာပေးမှုနဲ့ဆိုင်တယ်။ ရေတိုရေရှည်အကျိုးကိုနားလည်အောင် ကျွန်မတို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကလေးသူငယ်များအတွက် လုံးပမ်းနေတဲ့အဖွဲ့များကဂရုစိုက်ပြီး လုပ်ပေးစေချင်ပါတယ်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အမျိုးသမီးများ လှုပ်ရှားမှုပြခန်းများအား ကြည့်ရှုလေ့လာစဉ်။** သတင်းစဉ်

***စာမျက်နှာ ၄ သို့***

# ပြည်တွင်းသတင်း

*စာမျက်နှာ ၃ မှ*

"ဒီနေ့ မြန်မာအမျိုးသားတွေရဲ့ မျှော်မှန်းသက်တမ်းဟာ ၆၀ ဒသမ ၂ နှစ် ဖြစ်ပြီး မြန်မာအမျိုးသမီးတွေရဲ့ မျှော်မှန်းသက်တမ်းကတော့ ၆၉ ဒသမ ၃ နှစ် ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးနော်၊ အမျိုးသမီးတွေက အမျိုးသားတွေထက် ပိုပြီးတော့ အသက်ရှည်တယ်။

"နိုင်ငံတော်အစိုးရက အသက် ၉၀ နှစ်နဲ့အထက် ဘိုးဘွား ၄၀၉၇၂ ဦးကို လစဉ်လူမှုရေးပင်စင်ထောက်ပံ့ပေးလျက်ရှိရာမှာ ၂၇၅၀၀ ဦးဟာ အဘွားများဖြစ်ပါတယ်။ ဒီအချက်တွေအရ မြန်မာအမျိုးသမီးတွေဟာ အမျိုးသားတွေထက် အသက်ပိုရှည်ပြီး ကျန်းမာကြံ့ခိုင်တယ်ဆိုတာကိုပြတာပါ။ ဒါပေမယ့် စောစောက ကျွန်မပြောတဲ့ အတိုင်းပဲ ဒါဟာ တစ်ကမ္ဘာလုံးမှာကို ဒီလိုပဲဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ အမျိုးသားတွေထက် ပိုပြီးတော့ အသက်ရှည်တယ်။ ပိုပြီးတော့ ကျန်းမာရေးကောင်းပါတယ်။

## ကြိုးပမ်းအားထုတ်ကြဖို့လို

"ခေတ်သစ်မြန်မာသမိုင်းမှာ မြန်မာအမျိုးသမီးတွေဟာ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး လွတ်လပ်ရေးကြိုးပမ်းမှုအပါအဝင် နိုင်ငံရေးနယ်ပယ်အတွင်းမှာ တက်ကြွစွာပါဝင် စွမ်းဆောင်ခဲ့ပါတယ်။ အခုဆိုရင် အမျိုးသမီးတွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့်ကဏ္ဍစုံမှာ ပိုပြီးပါဝင်လာတာကို ဝမ်းမြောက်ဖွယ် တွေ့မြင်နေရပါတယ်။ ခေတ်အဆက်ဆက်က စွမ်းရည်ထက်မြက်ကြတဲ့ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်မှုကို အတုယူပြီး မျိုးဆက်သစ် မြန်မာအမျိုးသမီးတွေအနေနဲ့ ဘဝလုံခြုံမှုရှိရေးနဲ့ စွမ်းရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်းအားထုတ်ကြဖို့လည်း တိုက်တွန်းမှာကြားလိုပါတယ်။

"အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ အမျိုးသမီးတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ကျေးလက်ဒေသတွေ ပါမကျန် လွှမ်းခြုံဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီး၊ ပြည်နယ် အမျိုးသမီးကော်မတီများ၊ ခရိုင်အမျိုးသမီးကော်မတီများ၊ မြို့နယ် အမျိုးသမီးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ဒီကော်မတီဟာ အမျိုးသမီးများဘဝလုံခြုံရေးနဲ့ ဘက်စုံဖွံ့ဖြိုးမှုတိုးတက်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီရေးကို မူဝါဒများ၊ နည်းဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီး အားသွန်ခွန်စိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## အပြည့်အဝဖော်ထုတ်အသုံးချ

"ဒီနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများအနေနဲ့ ငြိမ်းချမ်းသာယာတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ဖို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံမှာ အမျိုးသမီးထုရဲ့ စွမ်းအားကို အပြည့်အဝဖော်ထုတ် အသုံးချနိုင်ဖို့အတွက် ပြည်ထောင်စုမျှော်မှန်းချက်တွေ ပြည့်ဝအောင်မြင်ရေးတို့ကို ကြိုးပမ်းရာမှာ တစ်ဦးချင်းစီရဲ့ဒီမိုကရေစီ စိတ်ဓာတ်နဲ့ ဒီမိုကရေစီအလေ့အကျင့်ကို အရင်းခံကာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် နားလည်မှု၊ လေးစားယုံကြည်မှု၊ ချစ်ခင်ကြင်နာမှုများနဲ့ စုပေါင်းပါဝင်သွားနိုင်ဖို့အတွက် လုပ်ပေးစေချင်ပါတယ်။

## အင်မတန်အရေးကြီး

"စောစောက ကျွန်မပြောသလိုပဲ စရမှာက မိခင်တွေကနေ စရမှာ၊ ကိုယ့်ရဲ့သားသမီးတွေကို မွေးကင်းစအရွယ်ထဲက မှန်မှန်ကန်ကန်စိတ်ဓာတ်တွေကို သွင်းပေးဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ အမျိုးသမီးများရဲ့ တန်ဖိုးဟာ ဖြတ်လို့မရပါဘူး။ အမျိုးသားများ၊ ဖခင်များဟာ ဘယ်လိုပဲ သားသမီးတိုင်းကို ချစ်တယ်၊ ချစ်တယ်ပြောပြော မိခင်တွေလောက် အချိန်ပေးပြီးတော့ ပြုစုပျိုးထောင်နိုင်တဲ့ ဖခင်ဆိုတာ နည်းပါတယ်။ လုံးဝမရှိဘူးလို့ ကျွန်မမဆိုပါဘူး။ ဒါပေမယ့် အင်မတန်မှ နည်းပါတယ်။ မိခင်တွေကသာ သားသမီးတွေကို

> **"ခေတ်သစ်မြန်မာသမိုင်းမှာ မြန်မာအမျိုးသမီးတွေဟာ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး လွတ်လပ်ရေးကြိုးပမ်းမှုအပါအဝင် နိုင်ငံရေးနယ်ပယ်အတွင်းမှာ တက်ကြွစွာပါဝင် စွမ်းဆောင်ခဲ့ပါတယ်၊ အခုဆိုရင် အမျိုးသမီးတွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍစုံမှာ ပိုပြီးပါဝင်လာတာကို ဝမ်းမြောက်ဖွယ် တွေ့မြင်နေရပါတယ်"**

ပြုစုပျိုးထောင်နိုင်တယ်။

"ဒါကြောင့်မို့ ကျွန်မတို့ပြောတယ်။ ပုခက်ကို လွှဲတဲ့လက်က ကမ္ဘာကို လွှမ်းမိုး တယ်ဆိုတာ။ ဒါပေမယ့် ကျွန်မက ကမ္ဘာကို လွှမ်းမိုးထားတယ်ဆိုတာထက် ကမ္ဘာကို ပင့်မထားနိုင်ဖို့က အရေးကြီးပါတယ်။ အဲဒီတော့ပုခက်လွှဲတဲ့လက်၊ အမျိုးသမီးတွေရဲ့လက်၊ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်ဟာ ကမ္ဘာကြီးကို ပင့်မထားနိုင်ဖို့ ကမ္ဘာကြီးမှာ ကောင်းတဲ့တန်ဖိုးထားတွေ ပိုပြီးတော့ ပွားလာနိုင်အောင်လို့ ကိုယ့်သားသမီးတွေ ရင်ခွင်ထဲမှာရှိကတည်းက သင်ကြားပေးကြပါ။ အဲဒီကနေတစ်ဆင့် သားတွေ၊ သမီးတွေ အားလုံးကြိုးစားနိုင်ဖို့၊ အများအတွက် စဉ်းစားနိုင်တဲ့ စိတ်ဓာတ်ကိုသွင်းပေးပါ။ မှန်ကန်တဲ့ တန်ဖိုးထားမှုတွေကို ကျွန်မတို့သားသမီးတွေရဲ့ ခေါင်းထဲမှာ ငယ်ငယ်ကတည်းက နှလုံးသားထဲမှာ ခေါင်းထဲမှာ သွင်းလိုက်ပြီဆိုရင် တစ်သက်လုံးအတွက် စိတ်ချရတယ်။

## သေသေချာချာအုတ်မြစ်ချ

"တစ်ချိန်တစ်ခါတုန်းကဆိုရင် ဆရာဝန်ပညာရှင်ကြီး တစ်ဦးက ပြောပါတယ်။ ကလေးတစ်ယောက်ကို သူ့လက်ထဲကို အသက် ခုနစ်နှစ် ပဲအပ်လိုက်ပါတဲ့။ တစ်သက်လုံး အာမခံပါတယ်တဲ့။ ဒီကလေးရဲ့ စိတ်ဓာတ်ဟာ ခိုင်မာသွားအောင်လို့ သူ့ဘဝသွားမယ့်လမ်းဟာ မှန်ကန်သွားအောင်လို့ ပထမ ခုနစ်နှစ်အတွင်းမှာ သေသေချာချာ အုတ်မြစ်ချလုပ်နိုင်တယ်ဆိုတာ သူရဲရဲကြီးပြောနိုင်တယ်ဆိုပြီးပြောခဲ့ပါတယ်။ ခုနစ်နှစ်ဆိုတာကိုတော့ တိတိကျကျ သတ်မှတ်လို့တော့ မရပါဘူး။ ဆိုလိုတာက ငယ်ငယ်တည်းကနေပြီးတော့ နှလုံးသားထဲမှာ၊ ဦးနှောက်ထဲမှာ ထည့်ပေးလိုက်တဲ့ တန်ဖိုးထားများဟာ တစ်သက်လုံးအတွက် အင်မတန်မှ တန်ဖိုးရှိတာပါ။ ဒီလို ထည့်ပေးနိုင်ဆုံးပုဂ္ဂိုလ်များကတော့ မိခင်များဖြစ်တာကြောင့် ကျွန်မတို့အခု ဒီနေ့ နိုင်ငံတကာအမျိုးသမီးများနေ့မှာဆိုရင် မြန်မာအမျိုးသမီးများဟာ ကိုယ်တစ်ဦးတစ်ယောက်တည်းအတွက်ပဲ မဟုတ်ဘဲ နောင်လာမယ့် မျိုးဆက်သစ်တွေ၊ မျိုးဆက်သစ်တွေအတွက် တတ်နိုင်သမျှ ကျေးလက်ဘက်မှာရော မြို့ပြဘက်မှာရော စုပေါင်းပြီးတော့ လုပ်နိုင်ကြပါစေလို့ ကျွန်မ အနေနဲ့ ဆုတောင်း မေတ္တာပို့ရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော် သမ္မတ၏ဇနီးဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလွှမ်းတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂမှ ဌာနေကိုယ်စားလှယ်များနှင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၏ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကနှင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကလေးသူငယ်များစောင့်ရှောက်ရေးအသင်းဝင်များနှင့် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လည်းကောင်း၊ ဝိသာခါ ဖောင်ဒေးရှင်းအဖွဲ့၊ ကျား မ တန်းတူညီမျှရေးအဖွဲ့၊ ကမ္ဘောဇ အနာဂတ် အလင်းတန်းဖောင်ဒေးရှင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်းနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် အမျိုးသမီးများလှုပ်ရှားမှုပြခန်းများနှင့် လှုပ်ရှားမှုဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်

ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အမျိုးသမီးများအတွက် ယခုထက်ပိုပြီး ထည့်သွင်းစဉ်းစားပေးမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံး ရှိ သုတေသနအထောက်အထားများအရ ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းကို လျှော့ချနိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်သွားပါက ပိုမိုပြီး ရေရှည်တည်တံ့ခိုင်မြဲမှုရှိနိုင်မည်ဖြစ်ပြီး ကျား၊ မ ရေးရာတန်းတူညီမျှမှု ရှိခြင်းက သဘာဝဘေးအန္တရာယ်များအား ခံနိုင်ရည်စွမ်းအား ပိုမိုအားကောင်းစေနိုင်ကြောင်းကို သုတေသီများက တွေ့ရှိထားပါကြောင်း။

အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ၊ စီမံချက်များ၊ လမ်းညွှန်ချက်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ လွှတ်တော်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ လူမှုရေး၊ စီးပွားရေး နယ်ပယ်များမှ အဖွဲ့အစည်းများက ဝိုင်းဝန်းဖော်ဆောင်ပေးကြရန်၊ အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွင် မည်သူမှ မကျန်ခဲ့ရလေအောင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကဆိုင်ရာနှင့် ပြည်သူများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားများနှင့်အတူ အမျိုးသမီးများက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

## သရုပ်ဖော်ဗီဒီယိုဖိုင်ကိုပြသ

ယင်းနောက် UN Resident and Humanitarian Coordinator Mr. Knut Ostby က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြား၍ အသိပညာပေး သရုပ်ဖော်ဗီဒီယိုဖိုင်ကိုပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်သည် **"အမျိုးသမီးများဘဝမြှင့်တင်ဖို့၊ ကျေးလက်နှင့် မြို့ပြ တက်ကြွလှုပ်ရှားသူများ ပူးပေါင်းလို့ ယခုပင်ကြိုးပမ်းကြပါစို့"** "Time is Now: Rural and urban activists transforming women's lives" ဟု ဆိုထားသည့်အတွက် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရန် အားလုံး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်သည်။ **သတင်းစဉ်**




# မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်များ သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် UNESCO မှ Project Officer, Mr. Mikel Aguirre Idiaquez နှင့် ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် UNESCO ၏ "မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်မှတ်တမ်း" ပါ အကြံပြုချက် ၅၆ ချက်နှင့် မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်များ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (**အပေါ်ပုံ**) **သတင်းစဉ်**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဗီယက်နမ်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၈**

ဗီယက်နမ်နိုင်ငံ၌ ရောက်ရှိနေသည့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဗီယက်နမ်နိုင်ငံ လွှတ်တော်သို့ သွားရောက်၍ လွှတ်တော်ဥက္ကဋ္ဌ Mrs. Nguyen Thi Kim Ngan,the president of National Assembly နှင့်အတူ ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရုံးအဖွဲ့ဝင်များဖြင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော် အချင်းချင်း၊ အစိုးရအချင်းချင်းနှင့် ပြည်သူအချင်းချင်းအဆင့်ဆင့် ချစ်ကြည်ရင်းနှီးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရေးနှင့် နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေမှုများကို ဂုဏ်ယူဝမ်းမြောက်စွာဆွေးနွေးခဲ့ကြပြီး Exchange Programme များ International Parliamentary Network နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ သံမှူးကြီး ဦးသော်တာအောင် နှင့် သံရုံးအဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဗီယက်နမ်လွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်လဲလှယ်ပြီး လွှတ်တော်တွင် ကြည့်ရှုလေ့လာကြသည်။ **သတင်းစဉ်**

# 660 MW Yanmazu Coal Fired Power Plant စီမံကိန်းအခြေအနေဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၈**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် 24 Hour Mining & Industry Co., Ltd အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က နေပြည်တော်ရှိ လွှတ်တော်ရေးရာ အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် 24 Hour Mining & Industry Co.,Ltd မှ Clean Coal Technology တွင် အမြင့်ဆုံးဖြစ်သော Ultra Super Critical ခေတ်မီနည်းပညာများ အသုံးပြု၍ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်မည့် 660 MW Yanmazu Coal Fired Power Plant စီမံကိန်းအခြေအနေဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးသို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်

နေပြည်တော် မတ် ၈

**(၁၅)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (15th ACDFIM) ကို ယနေ့နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံရှိ The Fullerton ဟိုတယ်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးစဉ်။** သတင်းစဉ်

ရှေးဦးစွာ အစည်းအဝေးသဘာပတိ စင်ကာပူတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Lt. Gen. Perry Lim က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (15th ACDFIM) ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ဆက်လက်ပြီး 15th ASEAN Military Intelligence Informal Meeting အစည်းအဝေးရလဒ်ကို စင်ကာပူ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် Bri. Gen. Ong Tze-Ch'n က လည်းကောင်း၊ 8th ASEAN Military Operations Informal Meeting ၏ ရလဒ်အား စင်ကာပူတပ်မတော်ပူးတွဲစစ်ဆင်ရေးမှူးချုပ် Bri. Gen. Tan Chee Wee က လည်းကောင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသဘာပတိ စင်ကာပူတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Lt. Gen. Perry Lim ဦးဆောင်၍ အာဆီယံနိုင်ငံများမှ တပ်မတော်အကြီးအကဲများက သက်ဆိုင်ရာခေါင်းစဉ်များအား နိုင်ငံအက္ခရာစဉ်အလိုက် ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အာဆီယံ၏ ဆောင်ပုဒ်ဖြစ်သည့် "Our Vision, One Identity, One Community " အတိုင်း မိမိတို့၏ မတူကွဲပြားမှုများကို လိုက်လျောညီထွေမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာနိုင်သည့် တင်းမာမှုများကို လျှော့ချနိုင်ရန် ယုံကြည်မှုများ တည်ဆောက်ရေးအတွက် မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမို၍ နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ယနေ့ကမ္ဘာကြီးသည် သမားရိုးကျလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအပြင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ သဘာဝဘေးအန္တရာယ်များ၊ သတင်းအချက်အလက်ဆိုင်ရာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ လူထုကျန်းမာရေးစသည့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှု မြောက်မြားစွာနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ထို့အပြင် စိန်ခေါ်မှုပုံစံအသစ်ဖြစ်သည့် နည်းပညာဆိုင်ရာ လုံခြုံရေးပြဿနာများကိုလည်း ရင်ဆိုင်ဖြေရှင်းရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော သမားရိုးကျလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့နေရကြောင်း၊ အထူးသဖြင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုများမှတစ်ဆင့် ဒေသတွင်း၌အကြမ်းဖက်မှုများ လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာနိုင်သောအစွန်းရောက် အဖွဲ့အစည်းများအား အချိန်မီတားဆီးနိုင်ရေး သတင်းအချက်အလက်များ ဖလှယ်ရန်နှင့် စဉ်ဆက်မပြတ် စောင့်ကြည့်နိုင်ရန်အတွက် ဒေသတွင်းထောက်လှမ်းရေး အဖွဲ့အစည်းများအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များအနေဖြင့်လည်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အမြဲသတိရှိနေရန်လိုအပ်ပြီး ဒေသတွင်းတည်ငြိမ်ရေး၊ လုံခြုံရေးနှင့်ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် မြန်မာနိုင်ငံအနေဖြင့် ကောင်းမွန်သောရလဒ်များ ပေါ်ထွက်လာစေရေး ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားသည်။

ဆက်လက်၍ အာဆီယံတပ်မတော်များ၏ ၂၀၁၈-၂၀၁၉ နှစ်နှစ်လုပ်ငန်းစီမံချက်ကို ဆွေးနွေးကြပြီး (၁၅) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (15th ACDFIM) ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (16th ACDFIM) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan ထံသို့ တာဝန်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan က လက်ခံနှုတ်ခွန်းဆက်စကား ပြောကြားပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့် လည်းကောင်း၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tan Sri Raja Mohamed Affandi Bin Raja Mohamed Noor နှင့် လည်းကောင်း နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၇ ရက် ညပိုင်းတွင် S.E.A Aquarium Resort World Sentosa ရှိ Ocean Gallery ၌ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen.Perry Lim က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် Ocean Gallery အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## Mr. Jorge Rondón Uzcátegui အား သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် မတ် ၉**

Mr. Jorge Rondón Uzcátegui အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဟန္နိုင်းမြို့ အခြေစိုက် ဗင်နီဇွဲလားဘိုလီဗာရီယန် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr. Jorge Rondón Uzcátegui သည် Central University of Venezuela မှ ၁၉၇၀ ခုနှစ်တွင် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် စီးပွားရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၃ ခုနှစ်တွင် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာန အသီးသီးနှင့် အီရတ်၊ ဟော်လန်၊ အီတလီ၊ ကင်ညာ၊ ဘယ်လ်ဂျီယံ၊ နိုင်ဂျီးရီးယား၊ ဂျော်ဒန်နှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ဗင်နီဇွဲလားသံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **သတင်းစဉ်**

## (၉)ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် စာအုပ်များဖိတ်ခေါ်


**ရန်ကုန် မတ် ၈**

၂၀၁၈ ခုနှစ် ဇွန်လတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၉) ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်လိုသော စာအုပ်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဖိတ်ခေါ်လျက်ရှိသည်။

သတ်မှတ်ချက်များအနေဖြင့် ပြိုင်ပွဲဝင်စာမူရှင်သည် ရသ သို့မဟုတ် သုတစာပေဆိုင်ရာ အမျိုးအစားတွင် ဘာသာရပ်တစ်မျိုးမျိုး၌သာ ပါဝင်ယှဉ်ပြိုင်ရမည်၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းက အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ရမည်၊ ပြိုင်ပွဲဝင်စာအုပ်သည် အမျိုးသားယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာပီပြင် ထွန်းကားရေးအတွက် ဦးတည်ရည်ရွယ်ချက်ဖြင့် ရေးသားပြုစုထုတ်ဝေခဲ့သည့် စာအုပ်မျိုးဖြစ်ရမည်၊ ရသစာပေအမျိုးအစားတွင် လုံးချင်းဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်နှင့် အက်ဆေးတို့ပါဝင်ပြီး သုတစာပေအမျိုးအစားတွင် ကျမ်း၊ သုတေသနနှင့် ဆောင်းပါးပေါင်းချုပ်တို့ ပါဝင်သည်။

ပြိုင်ပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ် (၁၇၃ / ၁၇၅)(၇လွှာ)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်းနံပါတ် ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ ၌ စုံစမ်းနိုင်သည်။ ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို အထက်ပါရုံးတွင် ရယူဖြည့်စွက်ပြီး သတ်မှတ်ဝင်ကြေးနှင့်အတူ မတ် ၂၆ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စာရေးဆရာအသင်းရုံးသို့ ပေးပို့တင်သွင်းရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သိရှိရသည်။

**သတင်းစဉ်**




❍ ကျောဖုံးမှ

ရရှိသည်။ အုပ်စုစတုတ္ထနေ့ပွဲများကို မတ် ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး စုစုပေါင်းခြောက်ပွဲ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်အားကစားနည်း တိုးတက်ဖွံ့ဖြိုးရေးနှင့် ဖူဆယ်ကစားသမားများ ထွက်ပေါ်လာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပရော်ဖက်ရှင်နယ်နှင့် အပျော်တမ်း ကလပ်အသင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**ရဲရင့်ရှိုင်း**

**ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်**

**နေပြည်တော် မတ် ၈-** နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တိုင်းပြည်စီးပွားရေးကောင်းဖို့ အရေးကြီးဆုံးအလှည့်အပြောင်း ၂၀၁၈ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ

**ရဲထွဋ်နိုင်**

**မကြာခင် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးအတည်ပြုပြဋ္ဌာန်းမယ့် ၂၀၁၈ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းဟာ တုံ့ဆိုင်းနေတဲ့ တိုင်းပြည်ရဲ့ စီးပွားရေးကို လှုပ်နှိုးနိုင်မယ့်အပြင် နိုင်ငံသားအားလုံး တာဝန်သိသိ အခွန်ထမ်းဆောင်နိုင်ဖို့ စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို အစပျိုးတဲ့ ကနဦးခြေလှမ်းအဖြစ် ယုံကြည်ပါတယ်။ ၂၀၁၈ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း အခန်း ၈ မှာ ကန့်သတ်ချက်ဖြင့် အခွန်သက်သာခွင့်ပြုထားတဲ့အချက်ကတော့ နိုင်ငံသားတွေ စိတ်ဝင်စားတဲ့ အချက်ပဲ ဖြစ်ပါတယ်။**

> **"စီးပွားရေးလုပ်ငန်းရှင်တွေပိုပြီး ကြီးပွားချမ်းသာသွားမယ်ဆိုတဲ့ အယူအဆဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ငွေကြေးပမာဏကြီးမားစွာ စီးပွားရေးလုပ်ဆောင်နေတဲ့ လုပ်ငန်းရှင်အင်မတန် နည်းပါတယ်။ လက်ချိုးရေကြည့်လို့ ရနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါ့ကြောင့် တရားဝင်မှတ်ပုံတင်ပြီး ဆောင်ရွက်ရတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ပြောင်ပြောင်တင်းတင်း အခွန်ရှောင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ မကြာသေးခင် ကာလက ဘဏ္ဍာအခွန်ဝန်ကြီးဌာနဟာ ထိပ်တန်းအခွန်ဆောင်သူ ၁၀၀ စာရင်းနှင့် တိုင်းနဲ့ပြည်နယ်အလိုက် အခွန်ထမ်းဆောင်သူစာရင်းတွေကို နိုင်ငံပိုင်သတင်းစာကနေ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြတဲ့ လူစာရင်းကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းရှင်အားလုံးလိုလို ပါဝင်နေတာ တွေ့ရပါလိမ့်မယ်"**

နိုင်ငံတော်အစိုးရရဲ့ ရည်ရွယ်ချက်မှာ အကြောင်းအမျိုးမျိုးကြောင့် အခွန်ဆောင်ဖို့ အခက်အခဲရှိနေတဲ့ နိုင်ငံသားအားလုံးအပေါ် စိတ်ကောင်းစေတနာနဲ့ တစ်နှစ်တိတိ အခွန်သက်သာမှုပေးဖို့ ပါဝင်နေပါတယ်။

**အစွမ်းကုန်ပြုပြင်ဖော်ဆောင်နေ**

အကျိုးဆက်အားဖြင့် အခွန်သက်သာခွင့်ပေးပြီးတဲ့နောက်မှာ နိုင်ငံပြင်ပရောက်ရှိနေတဲ့ငွေကြေးတွေ ပြည်တွင်းထဲမှာ အကြောင်းကြောင်းကြောင့် အခွန်မဆောင်နိုင်ဘဲကျန်ရှိနေတဲ့ ငွေကြေးတွေနဲ့ နိုင်ငံသားအားလုံးအခွန်ထမ်းဆောင်နိုင်တဲ့ စနစ်တစ်ရပ်ဖြစ်ထွန်းဖို့ အစပျိုးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ တိုင်းပြည်ဟာနိုင်ငံရေး ရိုက်ခတ်မှုတွေကြောင့် ဥပဒေလိုက်နာမှုမှာ ကွဲပြားခြားနားတဲ့ အခြေအနေအမျိုးမျိုးကြုံတွေ့ခဲ့ရပါတယ်။ ဒီအခြေအနေတွေအားလုံးလက်ရှိအစိုးရအုပ်ချုပ်ရေးကဏ္ဍနဲ့ဥပဒေပြုရေးကဏ္ဍကနေ အစွမ်းကုန်ပြုပြင်ဖော်ဆောင်နေခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ၂၀၁၈ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနဲ့ ပတ်သက်ပြီး ငြင်းခုံနေတဲ့ အချက်နှစ်ချက် ရှိပါတယ်။ ပထမအချက်က ဒီဥပဒေဟာချမ်းသာသူတွေကို ပိုမိုချမ်းသာစေပြီး ဆင်းရဲသူတွေကိုပိုမို ဆင်းရဲသွားစေမယ်ဆိုတဲ့ ယူဆချက်ဖြစ်ပါတယ်။ ဒုတိယအချက်က အခွန်သက်သာခွင့်ပေးတဲ့ တစ်နှစ်အတွင်းမှာ ၃ ရာခိုင်နှုန်းနဲ့ ၅ ရာခိုင်နှုန်း အခွန်ကောက်ဖို့ဖြစ်ခဲ့ရင် ၂၅ ရာခိုင်နှုန်း ဆောင်နေတဲ့ သူတွေအပေါ် မတရားရာရောက်တယ်ဆိုတဲ့ ယူဆချက်ဖြစ်ပါတယ်။

ပထမအချက်ကို ရှင်းပြရမယ်ဆိုလို့ရှိရင် လူတွေအားလုံးရဲ့ အခြေခံဖြစ်တဲ့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် သူ့အဆင့်နဲ့ သူ့ဝင်ငွေတွေ လိုပါတယ်။ ဝင်ငွေရဖို့ဆိုတာအလုပ်အကိုင်တွေရှိနေဖို့ လိုပါတယ်။ အလုပ်အကိုင်တွေဆိုတာ အကြီး၊ အလတ်၊ အသေးစီးပွားရေးလုပ်ငန်းများကနေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။ အဲ့ဒီလုပ်ငန်းတွေလည်းပတ်နေမှသာ အလုပ်အကိုင်များဖြစ်လာပြီး လူအများအလုပ်အကိုင်ရရှိစေမှာ ဖြစ်ပါတယ်။ စီးပွားရေးတွေ နေးကွေးပြီး အလုပ်အကိုင်တွေ နည်းသွားမှသာ လူတွေရဲ့ဝင်ငွေတွေနည်းသွားပြီး အခက်အခဲဖြစ်ကြတာပါ။ ယခုအခွန်ဥပဒေကြမ်းဟာ အလုပ်အကိုင်အခွင့်အလမ်းများပေါ် များစေဖို့ဆောင်ရွက်တာဖြစ်လို့အခြေခံပြည်သူများ ဝင်ငွေတိုးလာမှာသာ ဖြစ်ပါတယ်။ ပိုဆင်းရဲသွားမှာ မဟုတ်ပါဘူး။ စားဝတ်နေရေးပိုအဆင်ပြေသွားမှာသာ ဖြစ်ပါတယ်။ နောက်ဆက်တွဲအဖြစ် အခွန်သက်သာခွင့်ကြောင့် စီးပွားရေးလုပ်ငန်းရှင်တွေပိုပြီး ကြီးပွားချမ်းသာသွားမယ်ဆိုတဲ့အယူအဆ ဖြစ်ပါတယ်။

**အခွန်ရှောင်ဖို့ဆိုတာ မဖြစ်နိုင်ပါ**

မြန်မာနိုင်ငံမှာ ငွေကြေးပမာဏကြီးမားစွာ စီးပွားရေးလုပ်ဆောင်နေတဲ့ လုပ်ငန်းရှင်အင်မတန် နည်းပါတယ်။ လက်ချိုးရေကြည့်လို့ ရနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါ့ကြောင့် တရားဝင်မှတ်ပုံတင်ပြီး ဆောင်ရွက်ရတဲ့စီးပွားရေးလုပ်ငန်းတွေမှာ ပြောင်ပြောင်တင်းတင်း အခွန်ရှောင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ မကြာသေးခင်ကာလက ဘဏ္ဍာအခွန်ဝန်ကြီးဌာနဟာ ထိပ်တန်း အခွန်ဆောင်သူ ၁၀၀ စာရင်းနှင့် တိုင်းနဲ့ပြည်နယ်အလိုက် အခွန်ထမ်းဆောင်သူစာရင်းတွေကို နိုင်ငံပိုင်သတင်းစာကနေ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြတဲ့ လူစာရင်းကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းရှင်အားလုံးလိုလို ပါဝင်နေတာ တွေ့ရပါလိမ့်မယ်။ အထူးသဖြင့် တိုင်းပြည်ရဲ့ စီးပွားရေးဒေါက်တိုင်တွေလို့ ဆိုရမယ့် ဘဏ်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အထည်ချုပ်စက်ရုံလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းတွေဟာ ထိပ်တန်းအခွန်ထမ်းဆောင်တဲ့ စာရင်းထဲမှာ ပါဝင်လျက်ရှိပါတယ်။ ဒါ့ကြောင့် ၂၀၁၈ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေထဲမှာ ပါဝင်တဲ့ အခွန်သက်သာခွင့်ဟာ သူတို့အတွက်တော့ စီးပွားရေးအရ အကြီးအကျယ် အခွင့်အရေးရသွားစေမှာ မဟုတ်ပါဘူး။

**အကျိုးခံစားခွင့်မရှိဘူးလား**

ဒုတိယအချက်မှာ ငြင်းခုံနေတဲ့ ၂၅ ရာခိုင်နှုန်း အခွန်ထမ်းဆောင်သူတွေအတွက် ဒီအခွန်အကောက်ဥပဒေဟာ အကျိုးခံစားခွင့်မရှိဘူးလားဆိုတာ ဖြစ်ပါတယ်။ ယခု အခွန်သက်သာခွင့်ပြုတဲ့ ပထမခြောက်လမှာ ၃ ရာခိုင်နှုန်းနှင့် ဒုတိယခြောက်လမှာ ၅ ရာခိုင်နှုန်းဆိုတာ ရင်းနှီးငွေအပေါ်မှာဆောင်ရမည့်အခွန်ဖြစ်ပြီး လက်ရှိအခွန်ထမ်းဆောင်သူတွေ ဆောင်နေရတဲ့ ၂၅ ရခိုင်နှုန်း ဆိုတာ အမြတ်ငွေပေါ်မှာဆောင်ရတဲ့ ၂၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အရင်းအနှီး ၁၀၀ ရှိလို့ ၁၀ မြတ်တယ်ဆိုရင် မြတ်တဲ့ ၁၀ ရာခိုင်နှုန်းပေါ်မှာ ၂၅ ရာခိုင်နှုန်းဆောင်ရတာ ဖြစ်ပါတယ်။ ထို့ကြောင့် ၂ ဒသမ ၅ ကျပ် ဆောင်ရခြင်းလို့ ဆိုနိုင်ပါတယ်။ အရင်းငွေပေါ်မှာ ပေးဆောင်ခြင်း မဟုတ်ပါ။ အမြတ်ငွေပေါ် ပေးဆောင်မှုဟာ ၁၀ ရာခိုင်နှုန်း မြတ်တဲ့လုပ်ငန်းမှာဆိုလျှင် အရင်းငွေရဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်ရခြင်းမျိုး ဖြစ်ပါတယ်။ ဒါ့ကြောင့် အရင်နဲ့ အခုအခွန်ထမ်းဆောင်သူတွေကြားမှာ ကြီးမားတဲ့ငွေကြေးခြားနားမှု မရှိစေပါဘူး။ လက်ရှိအခွန်သက်သာခွင့်ပေးမှုဟာ မြန်မာနိုင်ငံအတွက် လိုအပ်နေတဲ့ မျက်နှာသစ်လူငယ် လုပ်ငန်းရှင်များ၊ အာဆီယံဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ တိုင်းရင်းသားစီးပွားရေးအင်အားစုသစ်များ ပေါ်ထွက်လာရေးအတွက် ပံ့ပိုးပေးနိုင်ဖို့ ဖြစ်ပါတယ်။

**ကုန်သွယ်ခွန် ကင်းလွတ်ခွင့်ပြု**

နောက်ထပ်သတင်းကောင်းတစ်ခုကတော့ အစိုးရသစ်လက်ထက်မှာ Level Play Field မရှိဘူးလို့ တစာစာကန့်ကွက်နေတဲ့ သတင်းစာထုတ်ဝေသူတွေနဲ့ မီဒီယာသမားတွေအတွက် ဖြစ်ပါတယ်။ မကြာခင်အတည်ပြုမယ့် ၂၀၁၈ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းပုဒ်မ (၁၄)က ၏ ဇယားအမှတ်စဉ် (၇၀) မှာ ယခင်က ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များထုတ်လုပ်ရန်စက္ကူများ၊ ခဲတံအမျိုးမျိုးကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုရာကနေ အခွန်ဥပဒေအသစ်မှာ ထပ်မံဖြည့်စွက်ပြီး သုတ၊ ရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ၊ (40 gsm မှ 80 gsm) အတွင်းတွေကိုလည်း ကုန်သွယ်ခွန် ကင်းလွတ်ခွင့်ပြုပေးမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မဟာဗျူဟာမြောက်အခွန်ဥပဒေအသစ်ရေးဆွဲမှုဟာ စီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်ဖို့အတွက် ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။ ကန့်သတ်ချက်ဖြင့်အခွန်သက်သာခွင့်ပြုခြင်းရဲ့သက်တမ်းကာလဟာ ၂၀၁၉ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါတယ်။ ဒီတစ်နှစ်တာကာလအတွင်းမှာ တိုင်းပြည်ရဲ့ စီးပွားရေးနယ်ပယ်ရဲ့အပြင်ရောက်နေတဲ့ ငွေကြေးသွင်းအားစုတွေ ပြန်လည်ဝင်ရောက်လာရေးဟာ အသက်တမျှအရေးကြီးနေပါတယ်။ တစ်နှစ်ပြည့်ပြီးတဲ့ နောက်မှာ နိုင်ငံသားတွေအကြား Tax ID တွေ တိုးမြင့်လာပြီး စနစ်တကျအခွန်ကောက်ခံတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ဆွေးနွေးချင်တာကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက် ဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာမှာ ပုဒ်မ(၃၃) ကနှင့် ပုဒ်မ (၃၃)ခ အဖြစ် ပြန်လည်တင်ပြချက် ဖြစ်ပါတယ်။ အဲ့ဒီမှာ ပထမခြောက်လအတွက် အခွန် ၃ ရာခိုင်နှုန်း၊ ၅ ရာခိုင်နှုန်းအပြင် ၇ ရာခိုင်နှုန်း၊ ဒုတိယခြောက်လအတွက် အခွန် ၅ ရာခိုင်နှုန်း ၊ ၇ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းဆိုပြီး ပြန်လည်တင်ပြလာပါတယ်။ အမှန်တကယ်တော့ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးအားပေးသောရင်းနှီးမြှုပ်နှံမှု ငွေကြေးအမျိုးအစားကို ပထမခြောက်လမှာ ၃ ရာခိုင်နှုန်း၊ ဒုတိယ ခြောက်လမှာ ၅ ရာခိုင်နှုန်းအဖြစ် ထားရှိသင့်ပြီး စုဆောင်းငွေကြေးအမျိုးအစားကို ပထမခြောက်လမှာ ၅ရာခိုင်နှုန်း၊ ဒုတိယခြောက်လမှာ ၇ ရာခိုင်နှုန်းအဖြစ် ထားရှိသင့်ပါတယ်။ ဘာလို့လဲဆိုတော့ ၂၀၁၈ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအတည်ဖြစ်သွားခဲ့ရင် ဘဏ်မှာအပ်နှံထားတဲ့ ငွေကြေးသော် လည်းကောင်း၊ ရွှေ၊ အဖိုးတန်ကျောက်သံပတ္တမြားနှင့် အဆောက်အဦမပါသော မြေကွက်အလွတ်များဟာသိသာတဲ့ ပြောင်းလဲမှု ဖြစ်ပေါ်လာဖွယ် မရှိပါဘူး။ ဒါပေမယ့် အိမ်နီးချင်းနိုင်ငံတွေမှာသန်းချီပြီး အလုပ်လုပ်နေတဲ့ နိုင်ငံသားတွေရဲ့ပြန်ပို့ငွေတွေ၊ ဖွံ့ဖြိုးပြီးတိုင်းပြည်တွေမှာ မြင့်မားတဲ့ လစာဝင်ငွေရရှိသူ မြန်မာနိုင်ငံသားတွေ အပေါ်မှာတော့ သိသာထင်ရှားတဲ့ အပြောင်းအလဲတစ်ခုကို မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။

**အသက်ရှုပေါက်ချောင်စေဖို့**

ဒါ့အပြင် အစုရှယ်ယာထည့်ဝင်ပြီးဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင်အသုံးပြုသည့် ငွေကြေးများအပေါ်မှာသက်ရောက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ရိုးရှင်းစွာတင်ပြရမည်ဆိုလျှင် မကြာခင်အတည်ပြုတော့မယ့် ပြည်ထောင်စုအခွန်အကောက်ဥပဒေဟာတိုင်းပြည်ရဲ့ အခြေခံလူတန်းစားတွေ ဝင်ငွေရပြီး အသက်ရှုပေါက်ချောင်စေဖို့ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးမယ့် စီးပွားရေးလုပ်ငန်းတွေ ချက်ချင်းဆိုသလို ပေါ်ပေါက်လာဖို့ ဖြစ်ပါတယ်။ အခြေခံလူတန်းစားတွေ အလုပ်အကိုင်ရရှိမှ မိသားစုစားဝတ်နေရေးအတွက် တာဝန်ယူနိုင်မှာ ဖြစ်ပါတယ်။ မိသားစုစားဝတ်နေရေးဖူလုံမှ သားသမီးတွေရဲ့ပညာရေးနဲ့ ကျန်းမာရေးအဆင့် အတန်းမြင့်တက်လာမှာ ဖြစ်ပါတယ်။ အသိဉာဏ်မြင့်တက်လာရင် တရားဥပဒေစိုးမိုးရေးနဲ့ နိုင်ငံသားတွေ ထမ်းဆောင်ရန်ရှိတဲ့ တာဝန်ဝတ္တရားတွေ ကျေပွန်ဖို့ တစ်ဖက်တစ်လမ်းက အကူအညီပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုလွှတ်တော်မှာမကြာခင် ဆွေးနွေးအတည်ပြုမယ့် ၂၀၁၈ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းဟာ သန်း ၅၀ သော နိုင်ငံသားအားလုံးရဲ့ ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းနိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်နဲ့ နိုင်ငံတော်အစိုးရရဲ့အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း ထောက်ခံကြိုဆို ဂုဏ်ပြုလိုက်ပါတယ်။ ။

## မြစိမ်းရောင်ကျေးရွာ၌ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**မိုင်းယောင်း မတ် ၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့်ဘဏ္ဍာရေးဆိုင်ရာ ဆင့်ပွားသင်တန်းကို မတ် ၇ ရက် က ဟောင်ကြန့်ကျေးရွာအုပ်စု ဟောင်ကြန့်ကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းလောင်မှိုင်းက မြစိမ်းရောင်စီမံကိန်းစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်စွာဆက်လက်ဆောင်ရွက်နိုင်ရေးတို့အား ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ မြစိမ်းရောင်ကျေးရွာ ၂၅ ယူနစ်ကျေးရွာ ၃၂ ရွာမှ မြစိမ်းရောင်ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ၁၇၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို မတ် ၇ ရက်မှ ၈ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## တောင်ငူတွင် အသက် ၁၀ နှစ်အထက် နွေရာသီဘောလုံးသင်တန်းဖွင့်လှစ်

**တောင်ငူ မတ် ၈**

တောင်ငူခရိုင် အားကစားကွင်းတွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဦးစီးကျင်းပသော နွေရာသီဘောလုံးသင်တန်းကို မတ် ၁ ရက်မှစတင်၍ ၃၁ ရက်အထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းဦးရေကို ကန့်သတ်ထားခြင်းမရှိဘဲ စိတ်ပါဝင်စားသည့် အမျိုးသား၊ အမျိုးသမီး ၁၀ နှစ်အထက် တက်ရောက်နိုင်ပြီး လက်ရှိတွင် သင်တန်းသား ၇၀ တက်ရောက် သင်ကြားနေကာ ကျွမ်းကျင်သည့် အားကစားပညာရှင်များက သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် မြန်မာနိုင်ငံဘောလုံးလက်ရွေးစင်ဟောင်း ဦးဇော်ဝင်းကြီးက "သင်တန်းဖွင့်လှစ်ရခြင်းမှာ လူငယ်တွေ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး နွေရာသီကျောင်းပိတ်ရက်မှာ လူကိုထုံထိုင်းစေတဲ့ ဂိမ်းတွေဘက် အာရုံမရောက်စေအောင်နဲ့ ဒီသင်တန်းက ထူးချွန်တဲ့ အားကစားသမားကောင်းတွေ ထွက်ပေါ်လာအောင် ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**သူရ(တောင်ငူ)**

❑ *ကျောဖုံးမှ*

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောခွန်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ၆ လပတ် လျာထားငွေကျပ် ၅၉၉ ဒသမ ၇၄၈ သန်းအပေါ် ငွေကျပ် ၁၈၁၁ ဒသမ ၅၄၆ သန်း ရရှိခဲ့ပါကြောင်း၊ တသီးပုဂ္ဂလမှ အခွန်ရငွေအနေဖြင့် ပထမ ၆ လပတ် လျာထားငွေကျပ် ၃၇၆ ဒသမ ၈၁၀ သန်းအပေါ် ငွေကျပ် ၇၆၅ ဒသမ ၆၈၆ သန်း ရရှိခဲ့သဖြင့် သစ်တောကဏ္ဍမှ ပထမ ၆ လပတ် လျာထား ငွေကျပ် ၉၆၆ ဒသမ ၅၈၈ သန်းအပေါ် ငွေကျပ် ၂၅၇၇ ဒသမ ၂၃၂ သန်းရရှိခဲ့သည့်အတွက် ပထမ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံ ရရှိမှု ရာခိုင်နှုန်း ၂၆၆ ဒသမ ၆၄ ဖြစ်ပါကြောင်း။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ဓာတ်သတ္တုခွန်နှင့် ရတနာခွန်အနေဖြင့် ပထမ ၆ လပတ် လျာထားငွေကျပ် ၁၃၅၇၀ သန်းအပေါ် ငွေကျပ် ၁၉၉၄၂ ဒသမ ၅၃၀ သန်း ရရှိခဲ့ပါကြောင်း၊ မှတ်ကောင်ဝတ်ဆံသွင်း အခွန်ရငွေအနေဖြင့် ပထမ ၆ လပတ် လျာထားငွေကျပ် ၃၂၀ ဒသမ ၀၀၀ သန်း အပေါ် ငွေကျပ် ၂၅၂ ဒသမ ၆၈၆ သန်း ရရှိခဲ့သဖြင့် သတ္တုကဏ္ဍမှ ပထမ ၆ လပတ် လျာထားငွေကျပ် ၁၃၈၉၀ ဒသမ ၀၀၀ သန်းအပေါ် ငွေကျပ် ၂၀၁၉၅ ဒသမ ၂၁၆ သန်း ရရှိခဲ့သည့်အတွက် ပထမ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှု ရာခိုင်နှုန်း ၁၄၅ ဒသမ ၃၉ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပထမ ၆ လပတ်အခွန်ကောက်ခံမှုတွင် မူလခန့်မှန်းခြေစာရင်းအရ ကောက်ခံရန် လျာထားငွေကျပ်သန်း ၁၅၀၀ ဒသမ ၃၈ သန်းဖြစ်သော်လည်း ၂၂၀၀ ဒသမ ၄၅၈ သန်း ကောက်ခံရရှိခဲ့ပါကြောင်း၊ ထိုသို့ ပိုမိုကောက်ခံရရှိမှုမှာ အင်းလေလံရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရရှိခြင်း၊ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများမှ အခွန်များ ပိုမိုရရှိခဲ့မှုကြောင့် ဖြစ်ပါကြောင်း။

**စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိ**

မြန်မာ့ပင်လယ်ငါးလုပ်ငန်းမှ ဖမ်းဆီးရမိသည့် ရေထွက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ F.O.B စနစ်နှင့် တင်ပို့ရောင်းချရာတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စစ်ဆေးရေးစခန်းနှင့် ကော့သောင်းမြို့ စစ်ဆေးရေးစခန်းများတွင် စစ်ဆေးမှုခံယူစေခြင်း၊ ပြည်ပတင်ပို့သည့် ငါးသယ်လိုင်စင် ရယူစေခြင်း၊ တရားဝင် ဖမ်းဆီးရရှိသည့် ရေထွက်ပစ္စည်း ဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ရယူစေခြင်းတို့ဖြင့် စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ဆေးရေးစခန်းများတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ အဖွဲ့ဝင်များအဖြစ်ပါရှိသည့် One Stop Service အဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော် ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ သဘောထားမှတ်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအရ အခွန်အကောက်များ လျာထားသည့်အတိုင်းအပြည့်အဝရရှိရေး၊ အခွန်ယဉ်ကျေးမှုတိုးတက်ရေး၊ အခွန်တိမ်းရှောင်မှုများဖော်ထုတ်ရေး၊ အခွန်ပညာပေးရေး၊ အခွန်ဝန်ထမ်းများ အဂတိလိုက်စားမှု မရှိစေရေးတို့အတွက် အကြံပြုဆွေးနွေးကြသည်ကို တွေ့ရပါကြောင်း။

**ကျယ်ပြန့်စွာဆောင်ရွက်**

အခွန်ရငွေတိုးတက်ရရှိရေးနှင့် ယခုထက် ပိုမို အရှိန်မြှင့်တင်ဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုထားသည်ကိုလည်း တွေ့ရပါကြောင်း၊ အခွန်ထမ်းဆောင်မှု အလေ့အထ ပြန့်ပွားတိုးတက်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းကြောင့် ပြည်သူများ ရရှိစေနိုင်မည့်အခွင့်အရေးများကို ပြည်သူများ ပိုမိုသိရှိစေရန် ပညာပေးမှုများ ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ငွေများ တိုးတက်ရရှိရေးအတွက် အရှိန်မြှင့်ဆောင်ရွက်သကဲ့သို့ အခွန်ကျေပွန်စွာထမ်းဆောင်သူများကို အလေးထားပြီး ၎င်းတို့၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန် အခွန်တိမ်းရှောင်မှု၊ ကုန်စည်များ တရားမဝင်တင်သွင်းခြင်းနှင့် ထုတ်လုပ်ရောင်းဝယ် ဖောက်ကားခြင်းတို့ကိုလည်း ထိထိရောက်ရောက် ကာကွယ်တားဆီးရေးတို့ကို လုပ်ငန်းစဉ်ချမှတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**“အခွန်ရငွေတိုးတက်ရရှိရေးနှင့် ယခုထက် ပိုမို အရှိန်မြှင့်တင်ဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုထားသည်ကိုလည်း တွေ့ရ၊ အခွန်ထမ်းဆောင်မှု အလေ့အထ ပြန့်ပွားတိုးတက်စေရေးအတွက် ပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းကြောင့် ပြည်သူများ ရရှိစေနိုင်မည့် အခွင့်အရေးများကို ပြည်သူများ ပိုမိုသိရှိစေရန် ပညာပေးမှုများ ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိ။”**

**စီမံချက်များချမှတ်ဆောင်ရွက်**

ရသင့်ရထိုက်သော ကုန်သွယ်ခွန်များ ဆုံးရှုံးမှုမရှိစေရန် ၂၀၁၄ ခုနှစ်မှ စတင်၍ စားသောက်ဆိုင်၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် ပြေစာအပေါ် အခွန်အမှတ် တံဆိပ်ကပ်နှိပ်ခြင်း အစီအစဉ်ကို စတင် ဆောင်ရွက်ခဲ့ပါကြောင်း၊ စက်သုံးဆီများကို ပြည်ပမှ တင်သွင်းစဉ်ကတည်းက သွင်းကုန်အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို အကောက်အခွန်ဦးစီးဌာနမှ အကောက်အခွန်နှင့်အတူ တစ်ပါတည်းကောက်ခံပေးခဲ့ပါကြောင်း၊ အခွန်ကြွေးကျန် ကောက်ခံမှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အစတွင် အခွန်အရပ်ရပ် ကြွေးကျန် စုစုပေါင်း ငွေကျပ် ၁၄၉ ဒသမ ၉၃၈ ဘီလီယံရှိခဲ့ပြီး ၇၅ ဒသမ ၈၉၅ ဘီလီယံ ကောက်ခံရရှိခဲ့ကြောင်း၊ အခွန်ကြွေးကျန်များ ကောက်ခံရရှိနိုင်ရေးအတွက် ကျန်ရှိနေသည့် အခွန်မပေး ကျန်ငွေ အခွန်ကြွေးများအား ပေးသွင်းရန်အတွက် နေ့စဉ်ထုတ်သတင်းစာများမှ အသိပေးကြေညာခြင်း၊ ဒေသအလိုက် စဉ်ဆက်မပြတ် နှိုးဆော်ကောက်ခံခြင်း၊ ကွင်းဆင်းကောက်ခံခြင်းများ ဆောက်ရွက်လျက်ရှိပါကြောင်း၊ အခွန်အခြေ (Tax Base) ချဲ့ထွင်နိုင်ရေးအတွက် မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းပြီး အခွန်ပေးဆောင်ထိုက်သူများ မကျန်ရှိစေရေးအတွက် စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

၆ လပတ်အလိုက် အခွန်အကောက်အခြေအနေများကို ပုံမှန်အစီရင်ခံ တင်ပြသွားမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရ၏ အခွန်အကောက်ဆိုင်ရာမူဝါဒများ၊ အခွန်အကောက်ဥပဒေများ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များ၊ လက်တွေ့မြေပြင်အခြေအနေတွင် တွေ့ကြုံရသည့်အချက်များ နိုင်ငံတကာပညာရှင်များ၏ သုံးသပ်အကြံပြုချက်များအပေါ် အခြေခံလျက် နိုင်ငံတော်နှင့် ပြည်သူ့အတွက် အကျိုးအရှိဆုံး ဖြစ်စေမည့် အခွန်ကောက်ခံမှုစနစ်ကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာအား ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် က အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူလက်ခံ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်းက အထူးကုန်စည်ခွန်နှင့် စပ်လျဉ်း၍ ဆေးလိပ်ကို ယခင် ကောက်ခံနှစ်နှုန်းထားထက် ယခုနှစ်တွင် လျှော့ချထားသည်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေမည့် ဆေးလိပ်၊ အရက်ကဲ့သို့သော ကုန်စည်များ ထုတ်လုပ်မှုကဏ္ဍနှင့် တင်သွင်းမှုကဏ္ဍလျော့ပါးစေရေးအတွက် အဆိုပါလုပ်ငန်းများကို မြင့်မားသောအခွန်နှုန်းထားများ ကောက်ခံပြီး ထိန်းချုပ်ကန့်သတ်ထားပါကြောင်း၊ စီးပွားရေးအကျိုးထက် ပြည်သူကျန်းမာရေး၊ လူမှုရေးအကျိုးများကို ရှေးရှုကောက်ခံသည့် အခွန်တစ်ရပ် ဖြစ်ပါကြောင်း။

**အကြံပြု ဆွေးနွေး**

အစိုးရအနေဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အကူအညီပေးလျက်ရှိရာ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော ကုန်ထုတ်လုပ်ငန်းများ တဖြည်းဖြည်းပြောင်းလဲလာရန် အားပေးသင့်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ အတွေ့အကြုံကို အားကိုးပြီး အကောင်အထည်ဖော်ပါက မိမိတို့နိုင်ငံ၏ အခြေအနေလွှမ်းမိုးမှုများကို လေ့လာသင့်ပါကြောင်း၊ လှည့်ပတ်သုံးစွဲနေသော ငွေပမာဏအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်လုပ်ထားသော ပမာဏထက် အမှန်တကယ် လှည့်ပတ်နေသော ငွေသားပမာဏများပြားနေခြင်း၊ အချို့သော ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းသားအမည်ခံကာ ပြည်ပနိုင်ငံများမှ ငွေမည်းများကို ငွေဖြူအသွင် လာရောက်လုပ်ကိုင်နေကြခြင်း၊ Wahhabi ငွေကြေးအကူအညီဖြင့် လုပ်ငန်းရှင်အချို့၏ နောက်ကွယ်မှ ထောက်ပံ့ပေးခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားငွေများစွာ ရှိနေခြင်း၊ နိုင်ငံတကာ ငွေကြေးခဝါချမှု ဥပဒေရှုထောင့်မှ စဉ်းစားရန် လိုအပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥပဒေအရ ဆောက်လုပ်ရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအပေါ် အခွန်သက်သာခွင့်ရရှိလျက်ရှိခြင်းတို့ ရှိနေပါကြောင်း၊ သို့ဖြစ်ပါ၍ အဘက်ဘက်အချိန်ယူပြီး ကြောင်းကျိုးသုံးသပ်ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်းက အခွန်သက်သာမှုပြုခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ စီးပွားရေး ပြန်လည်တည်ဆောက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ရန်နှင့် နိုင်ငံသားများ ပူးပေါင်းပါဝင်စေရန် ရည်ရွယ်ချက်များဖြင့် အသစ်ဖြည့်စွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံအပါအဝင် အချို့နိုင်ငံများတွင်လည်း Tax Amnesty ကို လုပ်လေ့လုပ်ထရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခွန်နှင့်ပတ်သက်ပြီး ဆောင်ရွက်မှုရှိခဲ့သော်လည်း ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အခွန်မဆောင်ခဲ့မှုများရှိသည့်အတွက် ယခု ဥပဒေအရဆိုလျှင် တရားဝင်ဖြစ်သွားနိုင်ပါကြောင်း။

**တစ်ပြိုင်တည်း ဆောင်ရွက်ရန် လိုအပ်**

သို့သော်လည်း အခြားနိုင်ငံများတွင် အခွန်စနစ် အလွန်ကောင်းမွန်နေသည်ကို တွေ့ရပြီး အကောင်အထည်ဖော်မှုအပိုင်း ကောင်းမွန်သည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မှုအပိုင်းမှာ အလွန်အားနည်းနေသည်ကို တွေ့ရပါကြောင်း၊ အခွန်ပေးဆောင်မည်ဆိုလျှင် မလွယ်ကူသည့်ကိစ္စများ၊ ယခုအချိန် အခွန်နှင့်ပတ်သက်သည့် ညှိနှိုင်းဆောင်ရွက်မှုများရှိနေပါကြောင်း၊ ယခု ဥပဒေထုတ်ပြန်ပြီးသည်နှင့် တစ်ပြိုင်တည်း ဥပဒေအကောင်အထည်ဖော်မှုအပိုင်းကိုရှင်းလင်းရန် လိုအပ်ပါကြောင်း၊ တစ်ဆက်တည်းပင် အခွန်ရှောင်သည့်ကိစ္စရပ်များကို တစ်ပြိုင်တည်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပြုခဲ့သည့် အခွန်အကောက်ဥပဒေကြမ်း ပုဒ်မ(၂၅)တွင် ဥပဒေကြမ်းကော်မတီက မူလဥပဒေ၏ ပြဋ္ဌာန်းချက်တွင်ပါသည့်အတိုင်း ပြန်လည်ပြဋ္ဌာန်းရန် ပြင်ဆင်ထားပြီး အခန်း(၈)ကို ထပ်မံဖြည့်စွက်ရန်ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါ ဥပဒေအရဆိုလျှင် ပြည်ပဘဏ်များတွင် မြန်မာနိုင်ငံသားပိုင်ရှိနေသည့် ငွေကြေးများနှင့် ပြည်တွင်း၌ရှိနေသည့် မြန်မာနိုင်ငံသားပိုင် ငွေကြေးများမှာ တရားဝင်ငွေဖြူဖြစ်လာနိုင်ပါကြောင်း၊ ယင်းငွေဖြူများကို မြန်မာနိုင်ငံထဲတွင် ရင်းနှီးမြှုပ်နှံပါက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပါက ပြည်တွင်းထုတ်လုပ်မှုတိုးတက်ပြီး မြန်မာနိုင်ငံ GDP ကို တိုးတက်စေနိုင်မည် ဖြစ်ပါကြောင်း။

**ပွင့်လင်းလာ**

ထို့ပြင် ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းများ တိုးတက်လာသည့်အတွက် အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းလာပြီး လူနေမှုအဆင့်အတန်းကို ပိုမိုမြင့်မားလာစေနိုင်မည်ဖြစ်ပါကြောင်း၊ သို့သော် ပြည်ပဘဏ်များတွင်ရှိနေသည့် မြန်မာနိုင်ငံသားပိုင်ငွေများနှင့် ပြည်တွင်းမှာရှိနေသည့် ငွေမည်းများမှာ အင်တိုက်အားတိုက် ငွေဖြူဖြစ်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အခွန်လျှော့ပေါ့ပေးရမှု၊ အကျိုးမဖြစ်ဘူးဟု ပြောရမည်ဖြစ်ပါကြောင်း။

နိုင်ငံအများစုမှာ အခွန်လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အခွန်ရခြင်းထက် နိုင်ငံတော်၏ ရေရှည်အကျိုးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာစေရန် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အစုရှယ်ယာရှင်များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် Stock Share မှာ မအောင်မြင်သေးသည့် အနေအထားမျိုးရှိနေသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ Stock Share များကို သိရှိနားလည်စိတ်ဝင်စားမှုများအောင် ဆောင်ရွက်ပေးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ဘဝမြင့်မားတိုးတက်ရေးတို့ကို ကူညီရန်မှာ နိုင်ငံတော်အစိုးရတာဝန်ဟု ယူဆနိုင်သည့်အတွက် Stock Share ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍများတွင် အများကြီးတာဝန်ရှိသည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇောက ဝင်ငွေစည်းကြပ်မည့်နေရာတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် ဖြေလျှော့မှုများကို ဘက်ပေါင်းစုံက စဉ်းစားပေးရန် လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်ကို အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်များကို တစ်ဖက်တစ်လမ်းက ထမ်းဆောင်နေခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရန် ဝန်ထမ်းများ ခန့်အပ်ရမည်ဖြစ်ပြီး နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိစေမည် ဖြစ်ပါကြောင်း။

**သတိထားဆောင်ရွက်ရမည်**

အခွန်အကောက်ဥပဒေ၏ ပုဒ်မ (၂၅)ပါ ပြဋ္ဌာန်းချက်ကို ကြိုဆိုရမည်ဖြစ်သော်လည်း၊ ငွေကြေးခဝါချမှုများနှင့် တရားဝင်ငွေမည်းများ ငွေဖြူဖြစ်သွားမည်ကို သတိထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ လက်ခံနိုင်သည့် နှုန်းထားနှင့် အခွန်ကိုလျှော့ပေါ့ကောက်ခံခြင်းအားဖြင့် စည်းကြပ်မှုက လွတ်ကင်းသည့် အခွန်ဝင်ငွေများ နိုင်ငံတော်ဘဏ္ဍာထဲကို စီးဝင်လာမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ၆ လ ဆိုသည့် ကာလသတ်မှတ်ချက်သည် ရုံးလုပ်ထုံးလုပ်နည်းအဆင့်များလွန်ပြီး အခွန်ယဉ်ကျေးမှုနှင့် အလှမ်းဝေးသည့် မိမိတို့နိုင်ငံသားများအတွက် တစ်နှစ် သတ်မှတ်ပေးသင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍတွင် ငွေကြေးစီးဝင်မှု များပြားသည့် အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ခြင်းလုပ်ငန်းများ၏ လက်ရှိ အခွန်ကောက်ခံမှုနှုန်းထား မြင့်မားနေသော်လည်း လက်တွေ့တွင် နိုင်ငံတော်က ရရှိသည့်အခွန်အခများ နည်းပါးနေပြီး ပြည်သူများအနေဖြင့်လည်း အိမ်၊ ခြံ၊ မြေ ၊ ဝယ် ငှားခြင်းများအတွက် သုံးစွဲနေရသည့် ငွေပမာဏမှာ များပြားနေသည်ကို တွေ့မြင်ရပါကြောင်း၊ ယင်းကို ပွင့်လင်းမြင်သာစွာ ရာခိုင်နှုန်းနည်းနည်းဖြင့် လူများများ အခွန်ပေးဆောင်နိုင်အောင် ဆောင်ရွက်ခြင်းသည် အခွန်စနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှုကို တိုးတက်လာစေပြီး နိုင်ငံတော်အတွက်လည်း အခွန်အခများ မှန်မှန်ကန်ကန်ဖြင့် ပိုမိုရရှိစေမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာ စိန်မြအေး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ခင်မောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း၊ ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုး၊ အမရပူရမဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅)မှ ဦးရဲထွဋ်၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမိုးဟန်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်ဆိုင်ဟိန်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ) မောင်တင်သစ်၊ ရန်ကုန်တိုင်း ဒေသကြီးမဲဆန္ဒနယ် အမှတ် (၈)မှ ဦးကျော်ထွေးနှင့် ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်တို့က ဆွေးနွေးကြသည်။

**မျိုးမြင့်၊ မွေးကြူဇင်(သတင်းစဉ်)**

# ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၈**

ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည့်(Offshore Supply Base) ကမ်းလွန်ထောက်ပံ့ရေး အခြေစိုက်စခန်းတစ်ခုကို Myint & Associates ကုမ္ပဏီက ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့နယ် နံ့သာပုတွင် အကောင်အထည်ဖော် တည်ဆောက်တော့မည် ဖြစ်သည်။ အဆိုပါ စီမံကိန်းနှင့် ပတ်သက်၍ ကမ်းလွန် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ပတ်ဝန်း ကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Vantage Tower ၌ ကျင်းပသည်။

"လာမယ့်နှစ်တွေမှာ ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းတွေက ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့ရှိပါတယ်၊ မြန်မာနိုင်ငံမှာ နိုင်ငံတကာအဆင့်မီ (Offshore Supply Base) ကမ်းလွန်ထောက်ပံ့ရေး အခြေစိုက်စခန်းဆိုတာ မရှိသေးဘူး၊ ထိုင်း ၊ စင်ကာပူစတဲ့ နိုင်ငံတွေကို တစ်ဆင့်သွားနေရတဲ့အတွက် မလိုအပ်ဘဲ အချိန်နဲ့ ငွေတွေ ဆုံးရှုံးနေရတယ်၊ အဲဒီအတွက် Myint & Associates ကုမ္ပဏီက အခုစီမံကိန်းကို တည်ဆောက်ဖို့ စီစဉ်ခြင်းဖြစ်ပါတယ်" ဟု Myint & Associates ကုမ္ပဏီ Executive Director (Government & Public Affairs) ဦးတင့်ဆွေက ပြောသည်။



ကမ်းလွန်ထောက်ပံ့ရေး အခြေစိုက်စခန်းတစ်ခု တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံရှိ ကမ်းရိုးတန်းတစ်လျှောက်ရှိလုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များသည် အဆိုပါ အခြေစိုက်စခန်းသို့ ၂၄ နာရီအတွင်းရောက်ရှိနိုင်သဖြင့် အချိန်ကုန်သက်သာမည့်အပြင် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိလာမည်ဟုလည်း အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်သူ အချို့က သုံးသပ်ကြသည်။

"ကျွန်တော်ကတော့ အားပေးတယ်ဗျ၊ ရနောင်းနဲ့ စင်ကာပူမှာ သွားသယ်ရတဲ့အတွက် နိုင်ငံခြားကို ငွေတွေ စီးဝင်သွားတယ်၊ ဒီမှာ လုပ်လိုက်ခြင်းအားဖြင့် ကိုယ့်နိုင်ငံအတွက် ဝင်ငွေရလာမယ်၊ ဒီလို အခြေစိုက်စခန်း တည်ဆောက်တဲ့အတွက် အင်ဂျင်နီယာအပြင် အခြားသက်ဆိုင်တဲ့ ဝန်ထမ်းတွေလည်း အတွေ့အကြုံတွေရလာမယ်၊ ဒေသခံတွေလည်း အလုပ်အကိုင်တွေရလာမယ်၊ ဒေသဖွံ့ဖြိုးရေးတွေကိုလည်း လုပ်ဆောင်လာနိုင်မယ်၊ ဒီစီမံကိန်း လုပ်ဆောင်ရင်လည်း ဘေးအန္တရာယ် မထိခိုက်အောင်၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ကာကွယ်စီမံမယ် ဆိုတာတွေကိုလည်း ကြိုတင်ဆောင်ရွက်မယ်လို့ သိရတဲ့အတွက် အရင်လို ပြဿနာတွေတော့ မရှိလောက်ဘူးပေါ့ " ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးဇေယျာမိုးက ဆိုသည်။

ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်းစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်၊ လူ့အဖွဲ့အစည်းများအပေါ် သက်ရောက်နိုင်မှုစသည့် လေ့လာဆန်းစစ်မှုများကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့ကြောင်း ပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်နိုင်သည့် ကုမ္ပဏီ (Environmental Resource Management -ERM) မှ Country Manager Mr. Craig Reid က ပြောသည်။

"လေအရည်အသွေး၊ ဆူညံသံအဆင့်၊ မြေအောက်ရေ ၊ မြေလွှာ၊ ဇီဝသက်ရှိတွေ၊ ကမ်းနီး ဇီဝသက်ရှိမျိုးစိတ်တွေ၊ သန္တာကျောက်တန်းလို ကမ်းလွန်သက်ရှိတွေအပေါ် သက်ရောက်နိုင်မှုတွေကို လေ့လာသုံးသပ်တယ်၊ လူမှုပတ်ဝန်းကျင် လေ့လာမှုတွေကိုလည်း အနီးဝန်းကျင်က ဆိပ်ကမ်း၊ ဇင်ယော်ချောင်း၊ ကျောက်ဖျာ၊ အလယ်၊ နံ့သာပု၊ ဂျိုင်ကလေး စတဲ့ ရပ်ရွာဒေသခံတွေနဲ့ တွေ့ဆုံခဲ့သလို အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ပညာရှင်တွေနဲ့လည်း တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ခဲ့ပါတယ်၊ ထိခိုက်မှုနည်းအောင် အကြံပြုချက်တွေ၊ နည်းလမ်းတွေကို အသုံးပြုပြီး အစီအမံတွေကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် ဒေသဖွံ့ဖြိုးရေးနှင့် လူမှုတာဝန်သိလုပ်ငန်း(CSR) များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့်ရက်သတ္တပတ်အတွင်း ရပ်ရွာလူထုသိရှိနိုင်ရန် ယခုကဲ့သို့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်၊ ငပုတော၊ ငရုတ်ကောင်းနှင့် နံ့သာပုတို့တွင် ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းဆွေးနွေးပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာအစိမ်းရောင်ကွန်ရက် တာဝန်ခံ ဒေါ်ဒေဝီသန့်စင်က "မြန်မာနိုင်ငံက ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်၊ အခုအခြေအနေအရ စီးပွားရေးကျနေတယ်၊ ပြန်ဦးမော့ဖို့ဆိုရင် ဒီလို စီမံကိန်းတွေလုပ်တာကောင်းပါတယ်၊ ဒါပေမယ့် အကောင်းနဲ့အဆိုးကတော့ ဒွန်တွဲနေတယ်၊ အဓိကကတော့ ဒေသခံတွေက စီမံကိန်းတွေဆိုရင် ဘယ်စီမံကိန်းပဲဖြစ်ဖြစ် ကြောက်နေကြတယ်၊ ဒါပေမယ့် ယုံကြည်မှုပေါ့၊ အရှေ့က မှားတဲ့အမှားတွေကို သင်ခန်းစာယူ၊ ဒေသခံတွေပါ ထည့်သွင်းပြီး အဲဒီမှာ ပေးထားတဲ့ ကတိကဝတ်တွေအတိုင်း ဖြစ်လာရင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ အပြည့်အဝ ပေးရမယ်၊ ဒါဆိုရင် ဒေသခံတွေက ခေါင်းစဉ် ပြောင်းသွားတဲ့ စီမံကိန်းတွေကို သိပ်ကြောက်တော့မှာ မဟုတ်ဘူး၊ စီမံကိန်းရဲ့ ကြောက်စိတ်ကို ယုံကြည်မှုနဲ့ ပြန်ချေဖျက်ရမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်းစီမံကိန်းတွင် သေးငယ်သော ကုန်းပတ်ပါဝင်သည့် ဆိပ်ခံဇောတံတား၊ တာလမ်းနှင့် လိုအပ်သည့် ကုန်းတွင်း အခြေခံအဆောက်အအုံများ အဓိကအားဖြင့် ထောက်ပံ့ရေး အခြေစိုက်စခန်း၊ သိုလှောင်ရုံများနှင့် ကုန်တင်ကုန်ချစစ်ဆေးရေး ဧရိယာတို့ပါဝင်မည်ဖြစ်ပြီး စီမံကိန်းကို ၂၀၂၀-၂၀၂၂ ခုနှစ်တွင် ပြီးစီးရန် လျာထားကြောင်း၊ ပြီးစီးပါက ရခိုင်ကမ်းလွန်တောင်ပိုင်းမှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် အမြန်ဆုံးသယ်ယူဖြည့်ဆည်းနိုင်မည်ဖြစ်သကဲ့သို့ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း Myint & Associates မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

**တာရာ**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ ရခိုင်ပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ်ဥပဒေပညာအထူးပြု မဟာအရည်အချင်းစစ်သင်တန်းမှ အုပ်ချုပ်သူဆရာမနှင့် ကျောင်းသား ကျောင်းသူများ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူများ စုစုပေါင်း ၃၄၆ ဦး လာရောက်လေ့လာကြောင်း သိရသည်။

**သုံးရက်ကြိုတင်ပေးပို့နိုင်**

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၃၆၁၃၈ ဦးရှိကြောင်း၊ လွှတ်တော်သို့လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နှစ်(၆၀)မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်အကြောင်း စာပေစကားဝိုင်းကျင်းပမည်

**နေပြည်တော် မတ် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့ လူထုအခြေပြုဗဟိုဌာနတွင် ဖွဲ့စည်းထားသည့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)၏ စာပေစကားဝိုင်းကို မတ်လ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာပေစကားဝိုင်းတွင် ထွန်းဖောင်ဒေးရှင်း စာပေဆုရစာအုပ်ဖြစ်သော စာရေးဆရာ ခင်မောင်တင်(မဟာဝိဇ္ဇာ)၏ **"နှစ်(၆၀)မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်"**အကြောင်းကို စာရေးသူကိုယ်တိုင် တက်ရောက်ပါဝင်ပြီး အသင်းဝင်စာဖတ်သူများ နှင့် (Book Review) ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်း ရရှိသည်။

**ပျဉ်းမနား (ပြန်/ဆက်)**

❐ရှေ့ဖုံးမှ

၎င်း Website များမှ လျှောက်ထားခဲ့သော eVisa များအား လုံးဝတာဝန်ယူမည် မဟုတ်ကြောင်း သိရှိရသည်။

ထို့ကြောင့် ဝန်ကြီးဌာန၏ တရားဝင် Website မှ ရရှိထားသော eVisa အား ဆင်တူယိုးမှား မိတ္တူကူး၍သော်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် သော်လည်းကောင်း ထင်ယောင်ထင်မှားဖြစ်စေရန် ဆောင်ရွက်ခြင်း၊ Website တွင်ရှိသော ဒီဇိုင်းများ၊ သတင်းအချက်အလက်များ၊ Website ၏ အစိတ်အပိုင်း တစ်စိတ်တစ်ဒေသ(သို့မဟုတ်) အလုံးစုံအားကူးယူပြီး ထင်ယောင်ထင်မှားဖြစ်စေခြင်းတို့ကို မြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ မည်သည့်ပြည်ပနိုင်ငံများတွင်ဖြစ်စေ ပြုလုပ်ခဲ့ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ဩဂုတ်မှစတင်၍ eVisa Website ကို လွှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး Online eVisa စနစ်အတွက် Service Provider အဖြစ် Myanmar Ease Net Co,. Ltd. အား တရားဝင် တာဝန်ပေးအပ်ထားရှိကာ အခြားမည်သည့် အဖွဲ့အစည်း၊ မည်သည့် Website ကိုမျှ လုံးဝ(လုံးဝ) ခွင့်ပြုထားခြင်းမရှိဘဲ eVisa အား ဝန်ကြီးဌာနပိုင် eVisa Website တစ်ခုတည်း၌သာ တရားဝင်ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ eVisa Website အား ဆင်တူယိုးမှား အတုအပပြုလုပ်ခြင်းနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ် ဇွန် ၂ ရက်က နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် eVisa System လုပ်ငန်းအား အတုအပပြုလုပ်ခြင်းမပြုရန် သတိပေးကြေညာချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးတောက်ထွန်းနှင့် အမှုဆောင်ဦးသူရစိုးတို့ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဂါဝန်ဒိုမြားပစ်အဖွဲ့ချုပ်မှ နည်းစနစ်ကျွမ်းကျင်သူများနှင့် မြားပစ်နည်းစနစ်ပိုင်းဆိုင်ရာ ဆွေးနွေး ဆောင်ရွက်ရန် မတ် ၇ ရက် ည ၁၁ နာရီက ဆိုးလ်မြို့သို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်စဉ်။ မင်းထက်

## တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အေးချမ်းစွာဖြေဆို

**ကွမ်းခြံကုန်း မတ် ၈**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို မတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ စာစစ်ဌာနတို့တွင် ကျောင်းသား ကျောင်းသူများက အေးချမ်းစွာ ဖြေဆိုခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကွမ်းခြံကုန်းမြို့နယ်၌ စာစစ်ဌာနလေးခုတို့တွင် ဖြေဆိုရန် စာရင်းသွင်းသူ စုစုပေါင်း ၂၄၁၆ ဦးရှိပြီး ဝင်ရောက်ဖြေဆိုခဲ့သူ ၂၃၀၆ ဦး ဖြေဆိုခဲ့ပြီး ဝင်ရောက်ဖြေဆိုရန်ပျက်ကွက်သူ ၁၁၀ ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၅.၄၉ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာဖြေဆိုနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လှည့်လည်ကြည့်ရှု

**နေပြည်တော်  မတ်  ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးသည် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ အခြေခံပညာဦးစီးဌာနမှ ဒေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ (အင်္ဂလိပ်စာဘာသာ)ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာ ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား ကျောင်းသား ကျောင်းသူများ စာမေးပွဲကာလအတွင်း စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးဆောင်ရွက်ပေးကြရန် မှာကြားသည်။

အလားတူ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်သည် လယ်ဝေးမြို့နယ် သဲဖြူအခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း(အေလာ)၊ ပျဉ်းမနားမြို့နယ် သစ်လေးလုံး အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနများသို့ သွားရောက်ပြီး စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုကာ စာမေးပွဲကြီးကြပ်ဆရာ၊ ဆရာမများအား စာမေးပွဲ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ချောမွေ့စွာ ဖြေဆိုကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၇၂၀ ခုနှင့် နိုင်ငံခြား စာစစ်ဌာန ၂၀ ခု စုစုပေါင်း စာစစ်ဌာန ၁၇၄၂ ခုတို့၌ ဖြေဆိုခွင့်ရှိသူ ကျောင်းသား ကျောင်းသူ ၈၄၃၅၈ ဦးရှိသည့်အနက် ၇၈၉၀၇၀ ဖြေဆိုခဲ့ကြပြီး ပျက်ကွက်သူဦးရေ ၅၅၂၈၈ ရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၃ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စာစစ်ဌာနပေါင်း ၄၄ ခုတွင် ၂၃၈၅၀ စာရင်းပေးသွင်းကြပြီး ၂၂၃၅၇ ဦး ဝင်ရောက်ဖြေဆိုကာ ပျက်ကွက်သူဦးရေ ၁၄၉၃ ဦးရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၃ ဒသမ ၉၄ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အင်းစိန်(ဗဟို)အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၄ ဦး ဝင်ရောက်ဖြေဆို

**ရန်ကုန်  မတ်  ၈**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်မြို့ရှိ အင်းစိန်(ဗဟို)အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၄ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း အဆိုပါ အကျဉ်းထောင်မှ သိရသည်။

"ဒီနှစ်မှာတော့ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၃၄ ဦး ရှိပါတယ်၊ လက်ရှိ ပြစ်ဒဏ်ကျခံနေတဲ့ အထဲက ၃၁ ဦး ဝင်ရောက်ဖြေဆိုတယ်၊ အဲဒီအထဲမှာ အမျိုးသမီးတစ်ဦးပါပါတယ်၊ ကျန်တာကတော့ အမှုရင်ဆိုင်နေရတဲ့ အချုပ်သားတစ်ဦးနဲ့ အပြင်ကလာရောက်ဖြေဆိုတဲ့သူ နှစ်ဦးရှိပါတယ်၊ သူတို့ နှစ်ဦးကတော့ စာမေးပွဲဖြေဆိုခွင့် ဖောင်တွေတင်တဲ့ အချိန်တုန်းက ပြစ်ဒဏ်ကျခံနေရတာကြောင့် အကျအနေနဲ့ ဖောင်တင်ခဲ့ပြီး စာမေးပွဲဖြေဆိုတဲ့အချိန်မှာတော့ ပြစ်ဒဏ်ပြည့်ပြီး လွတ်မြောက်သွားတဲ့သူတွေဖြစ်လို့ အခုလို လာရောက်ဖြေဆိုတာဖြစ်ပါတယ်"ဟု အဆိုပါ အကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။



အင်းစိန် (ဗဟို)အကျဉ်းထောင် အနေဖြင့် အကျဉ်းသား၊ အကျဉ်းသူများနှင့် အမှုရင်ဆိုင်နေရသော အချုပ်သူ၊ အချုပ်သားများကို ယင်းကဲ့သို့ စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အကျဉ်းထောင်အတွင်း၌ ကျောင်းချိန်များအတိုင်း သင်ခန်းစာများကို သင်ကြားပို့ချပေးခြင်း၊ ည ၇ နာရီမှ ၁၀ နာရီအထိ ပြန်လည်လေ့ကျင့်သင်ကြားမှုများကို အကျဉ်းသူ၊ အကျဉ်းသား ဘွဲ့ရပညာတတ်များ၊ ဆရာ၊ ဆရာမများနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ စေတနာရှင် ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် စာမေးပွဲဝင်ရောက်ဖြေဆိုမည့် အကျဉ်းသူ၊ အကျဉ်းသားများ ကျန်းမာရေး ကောင်းမွန်နေစေရန် ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုခြင်းများနှင့် အချိန်ပိုင်းအလိုက် မိမိဝါသနာပါရာ အားကစား ပြုလုပ်ခြင်းများကိုလည်း ပြုလုပ်စေခဲ့ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

"အခုဖြေဆိုပြီးတဲ့ မြန်မာနဲ့ အင်္ဂလိပ်ဘာသာရပ်တွေကိုတော့ ဖြေနိုင်ကြတယ်လို့ သိရပါတယ်၊ စာမေးပွဲကို စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ဖို့အတွက်ကိုလည်း အားလုံးအဆင်ပြေအောင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးထားပါတယ်၊ အရင်နှစ်တွေတုန်းကတော့ ဂုဏ်ထူးထွက်ခဲ့တဲ့သူတွေ ရှိပါတယ်၊ မနှစ်တုန်းက ဂုဏ်ထူးနဲ့အောင်မြင်သွားတဲ့ အကျဉ်းသူ၊ အကျဉ်းသားတွေကိုတော့ နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါတယ်၊ ဒီနှစ်အတွက်တော့ ကျွန်တော်တို့အနေနဲ့ မသိသေးပါဘူး"ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

အင်းစိန် (ဗဟို) အကျဉ်းထောင်ရှိ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် အကျဉ်းသား၊ အကျဉ်းသူများ၏ အနာဂတ်ဘဝခရီး သာယာဖြောင့်ဖြူးစေရန်ရည်ရွယ်၍ အလှူရှင် မဟာ သဒ္ဓမ္မဇောတိကဓဇ ၊ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဦးစိုးသိန်း (ရွှေမနေအောင်ကုမ္ပဏီလီမိတက်)နှင့်ဇနီး ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်းတို့ကလည်း ပညာရေးစရိတ်ထောက်ပံ့လှူဒါန်းမှုများအပြင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို လည်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

"၂၀၀၄-၂၀၀၅ ပညာသင်နှစ်ကစပြီး လက်ရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အထိ ထောက်ပံ့လှူဒါန်းပေးခဲ့တာ အခုဆိုရင် လေးနှစ်ရှိပါပြီ၊ ပညာရေးစရိတ်အဖြစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူတွေကိုလည်း ဂုဏ်ပြုချီးမြှင့်ပေးပါတယ်၊ ရိုးရိုးအောင်တဲ့သူတွေကို တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းအပြင် ဂုဏ်ထူးတစ်ဘာသာပါရင် တစ်သိန်းနှုန်းနဲ့ ချီးမြှင့်ပေးခဲ့ပါတယ်၊ ဆရာ ဆရာမတွေကိုလည်း တစ်ဦးကို ငွေကျပ် ငါးသောင်းနှုန်း ချီးမြှင့်ပါတယ်"ဟု ဒေါက်တာဦးစိုးသိန်းက ပြောသည်။

တက္ကသိုလ်ဝင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ အကျဉ်းသား၊ အကျဉ်းသူများအနေဖြင့် ၎င်းတို့ဘဝတွင် ပညာတတ်လူကောင်းလူမွန်များ ဖြစ်လာစေရန် ရည်ရွယ်၍ ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်ဟုလည်း ၎င်းကပြောသည်။

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အင်းစိန် (ဗဟို) အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား၊ အကျဉ်းသူ ၁၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ကိုးဦးအောင်မြင်ခဲ့ပြီး ယင်းတို့အနက် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးထွက်ပေါ်ခဲ့ကြောင်း အင်းစိန်(ဗဟို)အကျဉ်းထောင်မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို အေးချမ်းစွာ ဆက်လက်ဖြေဆို

**နေပြည်တော်  မတ်  ၈**

တက္ကသိုလ်ဝင်စာမေးပွဲကို ဒုတိယနေ့အဖြစ် မတ် ၈ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်ရာ ယနေ့စစ်ဆေးသော ဘာသာရပ်မှာ အင်္ဂလိပ်စာဘာသာရပ်ဖြစ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် စာစစ်ဌာန ၄၄ ခုရှိ၍ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုသည့်နေ့တွင် စာရင်းသွင်းဦးရေ ၂၃၈၅၀ ရှိပြီး ဖြေဆိုသူ စုစုပေါင်း ၂၂၃၅၇ ဦး ရှိသည်။

**နိုင်ငံခြားစာစစ်ဌာန**

နိုင်ငံခြားစာစစ်ဌာန ၂၀ ခုတွင် ဖြေဆိုရန် စာရင်းသွင်းဦးရေ ၁၉၀ ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် စာစစ်ဌာနပေါင်း ၂၂၀ ခုရှိပြီး ဖြေဆိုရန် စာရင်းသွင်းဦးရေမှာ ၁၂၁၃၅၈ ဦးရှိသည်။ နိုင်ငံခြားစာစစ်ဌာနများအပါအဝင် မြန်မာတစ်ပြည်လုံးရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရန် စာရင်းသွင်းဦးရေမှာ စုစုပေါင်း ၈၄၄၃၅၈ ဦးအနက် ၇၈၉၀၇၀ ဖြေဆိုသည်။ **(မြန်မာစာဖြေဆိုသည့်နေ့တွင် စာရင်းပေါင်းမှားနေသည့်အတွက် အင်္ဂလိပ်စာဖြေဆိုသူဦးရေ တိုးလာခြင်းဖြစ်သည်။)**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာန**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေသူတစ်ဦးတိုး၍ စုစုပေါင်း ၁၀ ဦး ဖြေဆိုလျက်ရှိသည်။ မြောက်ဥက္ကလာပဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေသူ သုံးဦး ဖြေဆိုလျက်ရှိသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီး စာစစ်ဌာနနှင့် မြောက်ဥက္ကလာပ(ဝေဘာဂီ) ကူးစက်ရောဂါကုဆေးရုံကြီး စာစစ်ဌာနတို့တွင် လူနာစာဖြေသူမရှိပါ။ တစ်ပြည်လုံး ဆေးရုံစာဖြေသူ စုစုပေါင်း ၂၈ ဦး ရှိသည်။

**အကျဉ်းထောင်စာစစ်ဌာန**

ယနေ့ဖြေဆိုရသော အင်္ဂလိပ်စာဘာသာရပ်ကို အင်းစိန်အကျဉ်းထောင်တွင် ၃၃ ဦး၊ မန္တလေးဗဟို အကျဉ်းထောင်တွင် ၅၆ ဦး၊ ရွှေဘိုအကျဉ်းထောင်တွင် တစ်ဦး၊ ဘားအံအကျဉ်းထောင်တွင် ရှစ်ဦး၊ မြိတ်အကျဉ်းထောင်တွင် နှစ်ဦး၊ တောင်ငူအကျဉ်းထောင်တွင် နှစ်ဦး၊ စစ်တွေအကျဉ်းထောင်တွင် တစ်ဦး၊ မြောင်းမြအကျဉ်းထောင်တွင် နှစ်ဦး ဖြေဆိုသည်။ အချုပ်ကျ စာဖြေသူများမှာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ ရဲစခန်းတွင် တစ်ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးရဲစခန်းတွင် တစ်ဦး၊ နမ့်စန်(တ)ရဲစခန်းတွင် တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့မရဲစခန်းတွင် တစ်ဦး၊ မကွေးတိုင်းဒေသကြီး ထီးလင်း ရဲစခန်းတွင် နှစ်ဦး စုစုပေါင်း အချုပ်သား ခြောက်ဦး ဖြေဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အမြင်အာရုံမသန်စွမ်းသူ ၂၀ ဦး ဖြေဆိုလျက်ရှိကြောင်းနှင့် အကြားအာရုံမသန်စွမ်းသူ ၁၀ ဦး ဖြေဆိုလျက်ရှိကြောင်း သိရသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၂၆ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စာစစ်ဌာနများသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ ယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို အေးဆေးစွာ ဖြေဆိုကြကြောင်း သိရသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် စာစစ်ဌာန ၁၇၂၀ ခုနှင့် နိုင်ငံခြား စာစစ်ဌာန ၂၀ ခု စုစုပေါင်း စာစစ်ဌာန ၁၇၄၂ ခုတွင် စာရင်းသွင်း ၈၄၄၃၅၈ ဦး အနက် ၇၈၉၀၇၀ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မူးဝေလဲကျသွားသော ကျောင်းသူတစ်ဦး မြင်းခြံပြည်သူ့ဆေးရုံ၌ ပြောင်းရွှေ့ဖြေဆိုခဲ့ရ

**မြင်းခြံ  မတ်  ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ကျောင်းသူတစ်ဦး အင်္ဂလိပ်စာဘာသာရပ်အား ဖြေဆိုနေစဉ် မူးဝေလဲကျသွားသဖြင့် မြင်းခြံပြည်သူ့ဆေးရုံ၌ ပြောင်းရွှေ့ဖြေဆိုခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် မြင်းခြံမြို့ အထက-၂ စာဖြေဌာန ကုံးကော်ဆောင် အခန်းအမှတ်-၁၂တွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုနေသော မမြတ်သန်းစိုး ခုံနံပါတ် မခ-၆၄၄ မြင်းခြံမြို့ အမှတ်-၁ ရပ်ကွက်နေသူသည် အင်္ဂလိပ်စာဘာသာရပ်အား ဖြေဆိုနေစဉ် မူးဝေလဲကျသွားသဖြင့် ၎င်းဖြေဆိုနေရာ မြင်းခြံမြို့ အထက-၂ စာဖြေဌာနမှ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံ သီးသန့်ဖျားနာ အထူးကြပ်မတ်ကုသဆောင်တွင် ပြောင်းရွှေ့ဖြေဆိုခဲ့ရကြောင်း သိရသည်။

မမြတ်သန်းစိုး၏ ကျန်းမာရေးအား ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးသူနာပြုဦးစီးမှူး ဒေါ်နှင်းနှင်းဝေ၊ သူနာပြုဒေါ်သိင်္ဂီဝင်းတို့က အနီးကပ်ကြပ်မတ်ပေးလျက်ရှိပြီး မမြတ်သန်းစိုး၏ ဖြေဆိုမှုအား အထက-၄ အထက်တန်းပြဆရာ ဦးလှဝင်းအောင်နှင့် ဆရာမဒေါ်စိုးစိုးဆွေတို့က စောင့်ကြပ်လျက်ရှိကြောင်း၊ လုံခြုံရေးအား မြင်းခြံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် နိုင်ဝင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက စောင့်ကြပ်ပေးလျက်ရှိကြောင်း သိရသည်။

မမြတ်သန်းစိုးမှာ အင်္ဂလိပ်စာဘာသာရပ်အား ဖြေဆိုနေစဉ် မူးဝေလဲကျသွားသဖြင့် မြင်းခြံပြည်သူ့ဆေးရုံသို့ ပြောင်းရွှေ့ဖြေဆိုရာတွင် ၎င်းကိုယ်တိုင်ရေးသားဖြေဆိုခဲ့ပြီး ဖြေဆိုမှုအတွက် သာမန်ဖြေဆိုချိန်ထက် နာရီဝက် ပိုမိုဖြေဆိုခွင့်ပေးခဲ့ရကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာဖြေဆို

**နေပြည်တော်  မတ်  ၈**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ယနေ့ နံနက် ၉ နာရီတွင် ဖြေဆိုကြသည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် အင်္ဂလိပ်စာဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၄၄၃၅၈ ဦးတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၈၉၀၇၀ ဖြေဆိုကြပြီး ဖြေဆိုရန်ပျက်ကွက်သူ ၅၅၂၈၈ ဦး ဖြစ်၍ ဖြေဆိုမှု ရာခိုင်နှုန်း ၉၃ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၈**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ပြန်လည်နေရာချထားရေး၊ ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းဆိုင်ရာများအတွက် ဒုတိယဝန်ကြီးက ဦးဆောင်ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ မောင်တောဒေသ ကျေးရွာများ မြေယာပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော ဒေသခံလုပ်ငန်းကုမ္ပဏီများ၊ UEHRD ၏ ဆောက်လုပ်ရေး နှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မောင်တောဒေသ ကျေးရွာများ မြေယာပြုပြင်ဖော်ထုတ်ခြင်း၊ ပြန်လည်တည်ဆောက်မည့် ကျေးရွာများအတွက် နေအိမ်လိုအပ်ချက်များနှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဆွေးနွေးခြင်း၊ ကုန်ကျစရိတ်များကို ဒေသအခြေအနေ၊ လုပ်ငန်းလိုအပ်ချက် အခြေအနေနှင့် သင့်လျော်ကိုက်ညီမည့် နှုန်းထားများ ညှိနှိုင်းသတ်မှတ်ခြင်းတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ မတ် ၈**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ပြုံးက ပြည်နယ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာအား UNHCR ရုံးမှ Protection Officer မစ္စ ကေတီက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဂုဏ်ဆောင် အမျိုးသမီး စွမ်းဆောင်ရှင်များအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းနှင့် တာဝန်ရှိသူများက ထူးချွန်ဆုများ ပေးအပ်ကြသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ဆောင်ပုဒ်မှာ "အမျိုးသမီးများဘဝမြှင့်တင်ဖို့ ကျေးလက်နှင့် မြို့ပြတက်ကြွလှုပ်ရှားသူများ ပူးပေါင်းလို့ ယခုပင်ကြိုးပမ်းကြပါစို့"ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး၊ ဌာနဆိုင်ရာများ၊ UN ၊ INGO အဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





# UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေချထားရေး၊ ဖွံ့ဖြိုးရေးပြည်ထောင်စုစီမံကိန်း(UEHRD)၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် MPT သုံးစွဲသူများမှ ပြည်နယ်ရှိ ပြည်သူများအတွက် SMS ဖြင့် ပေးပို့လှူဒါန်းထားသော လှူဒါန်းငွေကျပ် ၁၀၁၇၉၂၀၀၀ ကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေနှင့်အဖွဲ့ကလာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကချင်ပြည်နယ် ချီဖွေမြို့နှင့် ပန်ဝါမြို့တို့တွင် နေထိုင်ကြသော ချို့တဲ့သည့်ပြည်သူများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသော ပြည်သူများအတွက် အဝတ်အထည်များ လှူဒါန်းခြင်းအခမ်းအနားကို အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျား- ဝတ်ရုံ အင်္ကျီ ၁၅၀၀ ၊ မ- ဝတ်ရုံ အင်္ကျီ ၁၅၀၀ စုစုပေါင်း အဝတ်အထည် ၃၀၀၀ အား ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ထံသို့ ပေးအပ်လှူဒါန်းသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးဆွေးနွေး

**စစ်တွေ မတ် ၈**

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသော ကြိုတင်သတိပေးချက်များအပေါ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်မှ စံထားဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ မင်းသူရိယခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မင်းက အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်လျှင် ကြိုတင်သတိပေးချက်များ အဆင့်ဆင့် ဖြန့်ဝေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ပြည်သူလူထု သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း ပြောကြားပြီး (Asian Disaster Preparedness Center) မှ ကျွမ်းကျင်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမောင်မောင်စိုးက ဆွေးနွေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတို့က ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**





# ရခိုင်ပြည်နယ်အစိုးရမှ အမ်းမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေများပေးအပ်

**စစ်တွေ မတ် ၈**

ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ မတ် ၄ ရက်က ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအတွက် ယနေ့ နံနက် ၁၁ နာရီခွဲတွင် အမ်းမြို့နယ်ပြည်သူ့ဆေးရုံ၌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူ ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၁၅ သိန်း၊ ဒဏ်ရာရရှိသူကိုးဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၈ သိန်းကို ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများ၏ မိသားစုများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာ တင်အောင်ဝင်းတို့နှင့်အတူ ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများ၏ မိသားစုများကို အားပေးနှစ်သိမ့်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အများအားဖြင့် သာယာနေမည်

**နေပြည်တော် မတ် ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ လေးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိသော ငလျင်လှုပ်မှုကြောင့် နေပြည်တော်တွင် စေတီပုထိုးအချို့ ထိခိုက်ပျက်စီး

နေပြည်တော် မတ် ၈

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် မတ် ၈ ရက် နံနက် ၃ နာရီ ၄၃ မိနစ်ခန့်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်မှုကြောင့် စေတီပုထိုးတချို့ပျက်စီးပြီး စိန်ဖူးတော်မြေခြင်း နှင့် ကျေးလက်ဆေးပေးခန်း တစ်ခုတို့ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။**


**အင်အားအသင့်အတင့်ရှိ ငလျင်ကြောင့် ပြိုကျပျက်စီးသွားသည့် စေတီပုထိုးများကို တွေ့ရစဉ်။**

**လှုပ်ခတ်သွား**

အဆိုပါ မြေငလျင်သည် နေပြည်တော်မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၂ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၁ ဒီဂရီရှိ နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာ အနောက်ဘက် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ မြောက်ဘက် မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဥတ္တရသီရိမြို့နယ် မိုးစွေ ကျေးရွာမှ ၄၅ ပေ ဉာဏ်တော်အမြင့်ရှိ စေတီတော်ကြီး၏ တောင်ဘက်အခြမ်း အောက်ပိုင်းပြိုကျခဲ့ပြီး အနည်းငယ် တိမ်းစောင်းခြင်း၊ အရှေ့တောင်ထောင့် အရပ်မှ ဉာဏ်တော် ကိုးပေရှိ အရံစေတီတော်တစ်ဆူ ပြိုကျပျက်စီးခြင်း၊ မင်းကုန်းအုပ်စု မအူလေးပင်ကျေးရွာမှ ၅၅ ပေ ဉာဏ်တော်ရှိ မိုးကောင်းစေတီ စိန်ဖူးတော်မြေခြင်းများ ဖြစ်ပေါ်ခဲ့သည့်အပြင် ရွှေနံ့သာ ရပ်ကွက်တွင် ပေ (၃၀×၂၀)ရှိ အုတ်ခင်း၊ အုတ်ကာသွပ်မိုး ကျေးလက်ဆေးပေးခန်းမှာ တောင်ဘက်အခြမ်း (၁၀×၅)ပေခန့် ရှိ အုတ်နံရံတစ်ချပ် ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဆွဲခါလိုက်သလိုဖြစ်သွား**

ယနေ့လှုပ်သည့် အင်အားအသင့်အတင့်ရှိ မြေငလျင်နှင့် ပတ်သက်ပြီး နေပြည်တော် တောင်ညိုဘက်သို့ သွားရောက် ကွင်းဆင်းကြည့်ရှုသည့် နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရီရီငြိမ်းက "ဒီနေ့ လှုပ်တဲ့ငလျင်နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ကျေးရွာ၊ ရပ်ကွက်အလိုက် သွားရောက်ကွင်းဆင်းမေးမြန်းမှု တွေ လုပ်တော့ တချို့က မူးမိုက်တာတွေ၊ မှိုင်းခနဲ ဖြစ်သွားတွေ တော်တော်များများဖြစ်ကြတယ်ဆိုတာတွေ သိရတယ်၊ နောက်ပြီး ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်က အသက်ခုနစ်နှစ်ဝန်းကျင် ရှိ ကလေးလေးတစ်ယောက်ဆိုရင် ငလျင်လှုပ်ချိန်မှာ လွင့်စဉ် သွားတယ်လို့ သိရတယ်၊ ဒါကလည်း ငလျင်လှိုင်းက ဘေးတိုက် လာတဲ့ လှိုင်းဆိုတော့ ဆွဲခါလိုက်သလိုဖြစ်သွားတော့ လွင့်တာမျိုး ဖြစ်သွားတယ်၊ ဒါပေမယ့် မစိုးရိမ်ရပါဘူး၊ မိုးစွေကျေးရွာမှာ စေတီတော်တွေ တော်တော်များများ ထိခိုက်ပျက်စီးတာ ရှိတယ်၊ စိန်ဖူးတော်မြေတယ်၊ တချို့ဆိုလည်း ကျေးရွာက ပျဉ်ထောင်အိမ်တွေဆိုတော့ အသံတွေထွက်ပြီး ပြိုကျမလို ဖြစ်တာတွေ၊ ယိုင်သွားတွေဖြစ်တယ်၊ ဒီတော့ ကျွန်မတို့က အိမ်တွေကို သေချာပြုပြင်နေထိုင်ဖို့၊ ချက်ချင်း တက်မနေဖို့ အတွက် မိသားစုဝင်တချို့ကို ကျွန်မတို့အနေနဲ့ ပညာပေးမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်"ဟု ပြောသည်။

နိုင်ငံတစ်ဝန်းတွင် ယခုနှစ်နှစ်စပိုင်းမှစ၍ ငလျင်ငယ်များ ခပ်စိပ်စိပ်လှုပ်မှုကြောင့် အင်အားပြင်းငလျင်ကြီးတစ်ခု လှုပ်နိုင် သည့်အခြေအနေရှိကြောင်း၊ ထို့အတွက် ပြည်သူများအနေဖြင့် သတိရှိရှိ နေထိုင်ကြစေလိုကြောင်း မိုးလေဝသပညာရှင် ဒေါ်ရီရီ ငြိမ်းက ဆက်လက်ပြောသည်။

**ခဏခဏလှုပ်**

"နေပြည်တော်အနီးမှာ လှုပ်တဲ့ငလျင်ဖြစ်တော့ စစ်ကိုင်း ပြတ်ရွေ့က ဖြစ်မလား၊ တောင်တွင်းကြီးနဲ့လည်း နီးတော့ တောင်တွင်းကြီး ငွေးချိုပြတ်ရွေ့ကြောကြောင့် ဖြစ်မလား ဆိုတာကို ကျွန်မတို့ ဆန်းစစ်နေပါတယ်၊ ပဲခူးရိုးမနဲ့လည်း အလယ်လောက်မှာဖြစ်နေတော့ ဟိုဘက်လည်း သိပ်မနီး၊ ဒီဘက် လည်း သိပ်မနီးဆိုတော့ ဘယ်ပြတ်ရွေ့ကြောင့် ဖြစ်တယ်ဆိုတာ ကို ပြောလို့မရသေးဘူး၊ အခုလပိုင်းတွေမှာ မြန်မာနိုင်ငံတစ်ဝန်း လုံးမှာ ဟားခါးတို့ဘက်မှာလည်း ငလျင်တော်တော်လှုပ်တယ်၊ ပြီးတော့ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွေမှာလည်း ငလျင်က အမြဲလှုပ်နေကျဖြစ်တယ်၊ ပြီးတော့ အနောက်တောင်ဘက်ရော၊ ရန်ကုန်အနီးတစ်ဝိုက် တိုက်ကြီးနားလည်း ခဏခဏလှုပ်တယ်၊ ဖြူးငလျင်ရဲ့နောက်ဆက်တွဲ ငလျင်တွေရော တောက်လျှောက် လှုပ်နေတာတွေ၊ နောက် စစ်ကိုင်းပြတ်ရွေ့ကြော နေပြည်တော် တစ်ဝိုက်မှာလည်း လှုပ်နေတယ်၊ ဒီလို လှုပ်ရှားမှုတွေ ဖြစ်နေတဲ့ အတွက် အချိန်မရွေး ငလျင်ကြီးတစ်ခု လာနိုင်သေးတယ်လို့ ပြောလို့ရတယ်၊ ကျွန်မတို့ ခန့်မှန်းတာကတော့ စစ်ကိုင်းပြတ်ရွေ့ မှာတော့ ငလျင်ကြီးတစ်ခုလာနိုင်သေးတယ်လို့ ခန့်မှန်းထား တယ်၊ သို့သော် ဘယ်တော့လဲ၊ ဘယ်နေရာလဲဆိုတာတော့ အတိ အကျ မပြောနိုင်ဘူး။

**ပျက်စီးမှုတွေဖြစ်**

"အဲဒီတော့ ဘာပဲပြောပြော ငလျင်နဲ့ပတ်သက်ရင် သတိပြု ဖို့၊ သတိရှိဖို့လိုတယ်၊ အခုလှုပ်တာက အချိန်လည်း တစ်မိနစ် လောက်တော့ ရှိတယ်၊ ပုံမှန်ကတော့ စက္ကန့်ပိုင်းလေးပဲ လှုပ်တာ ဖြစ်ပါတယ်၊ နောက်ဆို ပိုပြီးသတိထားရမှာ ဖြစ်ပါတယ်၊ အင်အားကလည်း ၅ ကျော်တော့ အတော်အသင့်ရှိတဲ့ ငလျင်ဖြစ်တယ်၊ အခုဟာက ဗဟိုချက်ကလည်း နီးနေတော့ ပျက်စီးမှုတွေ ဖြစ်တာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ငလျင်လှုပ်မှုကို ကိုယ်တိုင်တွေ့ကြုံ ခံစားခဲ့ရသည့် နေပြည်တော် ဇေယျာသီရိမြို့နယ်မှ ဝန်ထမ်း ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးက "ဒီတစ်ကြိမ် ငလျင်လှုပ်တာကို ကောင်းကောင်းသိလိုက်ရတယ်၊ ဗိုက်ထဲမှာလည်း ကလေးလေး နဲ့ဆိုတော့ ကျွန်မတို့ တော်တော်လေးကို ထိတ်လန့်ခဲ့ပါတယ်၊ အိမ်ကပြတင်းတံခါးလှုပ်တဲ့ အသံကလည်း အကျယ်ကြီးကြား တယ်၊ အိပ်ကောင်းတဲ့ အချိန်လည်းဖြစ်တော့ အိပ်ရာဘေး ကိုတောင် မဆင်းရဲဘူး၊ လှုပ်ခါရမ်းနေတဲ့အချိန်မှာ တရားစာတွေ ရွတ်ချိန်ရလို့ အိပ်ရာထဲမှာပဲ ရွတ်လိုက်တယ်"ဟု သူ့အတွေ့ အကြုံကို ပြောပြသည်။

အဆိုပါ ငလျင်လှုပ်ပြီးသည်နှင့် တစ်ပြိုင်နက် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံများဖြစ်သည့် ငလိုက်၊ ရေဆင်း၊ ပေါင်းလောင်း၊ ဆင်သေ၊ တောက်ပြို၊ ဖောင်းလောင်၊ သဲဖြူ၊ ချောင်းမငယ်၊ မဒန်းရေလှောင်တမံများနှင့် ဆက်စပ်ရေအား အဆောက်အအုံ များတွင် ထိခိုက်ပျက်စီးမှု ရှိ၊ မရှိ တာဝန်ကျဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်က အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲ ငလျင်ငယ် များလည်း မကြာခဏလှုပ်လျက်ရှိရာ ဇန်ဝါရီဝါလမှ စတင်ပြီး ယနေ့အထိ ငလျင်လှုပ်မှု အကြိမ်ရေ စုစုပေါင်း ၅၀ ရှိပြီဖြစ် ကြောင်း သိရသည်။ **သတင်း-တင်မောင်လွင် (မြန်မာ့အလင်း)၊ မင်းမင်းလတ်၊ဓာတ်ပုံ-ကိုကိုရှုပ**

# ခေါင်လန်ဖူးမြို့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ရရှိသုံးစွဲနိုင်ရေး

**မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအင်တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ဝေးလံခေါင်သီသော နယ်စပ်ဒေသများတွင်ပါ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်သုံးစွဲနိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**



ဦးစောဝင်းမောင် (ဦးဆောင်ညွှန်ကြားရေးမှူး )

**မေး ။ ။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု အခြေအနေတွေနဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေတွေကို သိလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံ ၂၂ ရုံ အပါအဝင် ရေအားနဲ့ ဓာတ်အား ထုတ်လုပ်တဲ့ စက်ရုံ ၂၇ ရုံရှိပြီး စုစုပေါင်းတပ်ဆင်ဝန်အားကတော့ ၅၄၀၅ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ပြည်သူတွေ တပ်ဆင်သုံးစွဲနေတဲ့ ဓာတ်အားလိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးလျက်ရှိပြီး ၂၀၁၈ ခုနှစ် မတ် ၇ ရက်အထိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အမြင့်ဆုံး ၃၂၁၀ မဂ္ဂါဝပ်ရှိပါတယ်။

**မေး ။ ။ National Grid (နိုင်ငံတော်ဓာတ်အားစနစ်) သွယ်တန်းထားရှိမှု အခြေအနေတွေနဲ့ ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု အခြေအနေတွေကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ။ National Grid (နိုင်ငံတော်ဓာတ်အားစနစ်) အဖြစ် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ၆၃ လိုင်း၊ ၁၃၂ ကေဗွီဓာတ်အားလိုင်း ၄၂ လိုင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၁၆ လိုင်းနဲ့ ဓာတ်အားသယ်ယူ ဖြန့်ဖြူးထားပါတယ်။ ပင်မ ဓာတ်အားခွဲရုံပေါင်း ၃၀၈ ရုံကို ဆက်သွယ်ထားရှိပြီး ထရန် စဖော်မာ စုစုပေါင်း တပ်ဆင်ဝန်အား ၁၁၄၂၄ အမ်ဗွီအေကို တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်လာတဲ့ ဓာတ်အားတွေကို ဖြန့်ဖြူးနိုင်ဖို့အတွက် ထရန်စဖော်မာတွေကို လည်း တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ဓာတ်အားဖြန့်ဖြူးရေး အပိုင်းမှာ မြန်မာတစ်နိုင်ငံလုံး ၃၃ ကေဗွီ၊ ၁၁ ကေဗွီနဲ့ ၆ ဒသမ ၆ ကေဗွီတွေရဲ့ ဓာတ်အားလိုင်းမိုင် စုစုပေါင်း ၂၄၀၀၀ ကျော် တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။

နိုင်ငံတော်ဓာတ်အားစနစ်ကနေ မြို့ပေါင်း ၂၅၅ မြို့နဲ့ ရွာပေါင်း ၈၂၈၄ ရွာကို ဓာတ်အားဖြန့်ဖြူးပေးပြီး ဖြစ်ပါတယ်။ ဆက်လက် ပြီးတော့လည်း World Bank, ADB , JICA စတဲ့ နိုင်ငံ တကာချေးငွေတွေနဲ့လည်း ဓာတ်အားတိုးတက်ဖြန့်ဖြူး ပေးနိုင်ဖို့ တည်ဆောက်လျက်ရှိရာ ၂၀၁၈ ခုနှစ် နှစ်ကုန်မှာ မြို့ပေါင်း ၂၆၉ မြို့ကနေ ရွာပေါင်း ၁၉၀၄၄ ရွာအထိ တိုးချဲ့ ဖြန့်ဖြူးပေးနိုင်တော့ မှာ ဖြစ်ပါတယ်။ ဓာတ်အားစနစ်မရောက်တဲ့ နေရာတွေကိုလည်း ဒီဇယ်ဓာတ်အားပေးစက်တွေ၊ အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်တဲ့ စက်တွေနဲ့ဓာတ်အားကို တိုးတက် ဖြန့်ဖြူးပေးနေပါတယ်။ ဒီဇယ်ဓာတ်အားပေးစက်တွေနဲ့ ဓာတ်အားပေးထားတဲ့ နေရာတွေကို နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိလာရင် အဲဒီဓာတ်အားပေးစက်တွေကို ဓာတ်အား မရသေးတဲ့ အခြားနေရာတွေမှာ ပြောင်းရွှေ့တိုးချဲ့ ဖြန့်ဖြူးပေး သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဝေးလံတဲ့ဒေသဖြစ်တဲ့ မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း လျှပ်စစ် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ထားရှိမှုအခြေအနေတွေကို သိပါရစေ။**

ဖြေ ။ ။ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းကို ဒီနေ့အထိ နိုင်ငံတော်ဓာတ်အားစနစ် သွယ်တန်းရောက်ရှိနိုင် ခြင်း မရှိသေးပေမယ့် ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ် ခြောက်မြို့နယ် ကို ဒီဇယ် ဓာတ်အားပေးစက် ၁၇ လုံး၊ အသေးစားရေအားပေးစက် နှစ် လုံး၊ ဆိုလာစနစ်နဲ့ ဓာတ်အားပေးနိုင်တဲ့ နည်းလမ်းတွေ အပါ အဝင် အခြားနည်းလမ်းတွေနဲ့ စုစုပေါင်း လျှပ်စစ်ဓာတ်အား ၁၉၉၇ ကီလိုဝပ်နဲ့ ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ဒါ့အပြင် ပူတာအိုခရိုင်အတွင်းမှာရှိတဲ့ ကျေးရွာ ၁၄၀ ကိုလည်း အသေးစားရေအားလျှပ်စစ် ဓာတ်အားထုတ်စက်ရုံတွေ၊ ဒီဇယ် ဓာတ်အားပေးစက်ရုံတွေအပါအဝင် နေရောင်ခြည်သုံးဓာတ်အား ပေးစနစ်တွေနဲ့ပါ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ ပါတယ်။

**မေး ။ ။ ခေါင်လန်ဖူးမြို့ကို National Grid (နိုင်ငံတော် ဓာတ်အားစနစ်) သွယ်တန်းဖို့ ခက်ခဲနေတဲ့ အခြေ အနေတွေနဲ့ ခေါင်လန်ဖူးမြို့အတွက် အရင်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေတဲ့ အခြေအနေတွေကို ရှင်းပြပေးပါ။**

ဖြေ ။ ။ ခေါင်လန်ဖူးမြို့ဟာ ပူတာအိုခရိုင်အတွင်းမှာ တည်ရှိ ပြီး မေခမြစ်နဲ့ အချန်ခမြစ်ဆုံရာမှာ တည်ရှိနေတဲ့ တောင်ပေါ်မြို့တစ်မြို့ ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့ကို ရောက်ဖို့ အတွက် မြစ်ကြီးနားမြို့က ကားလမ်း မိုင် ၂၀၀ လောက်ဝေးတဲ့ ပူတာအိုမြို့ကတစ်ဆင့် သွားရပါတယ်။ ပူတာအိုမြို့ကနေ နောင်မွန်းအထိ ကားလမ်း ၇၅ မိုင်၊ နောင်မွန်းက ခေါင်လန်ဖူး အထိ ၆၂ မိုင် ဆက်လက်ပြီး သွားရပါတယ်။ နောင်မွန်းက ခေါင်လန်ဖူးအထိ ၆၂ မိုင်ဟာ လားလမ်းနဲ့ လမ်းကြမ်းတွေသာ ဖြစ်ပြီး တစ်မြို့နဲ့တစ်မြို့ဆက်သွယ်ရာမှာ တောတောင်ထူထပ်ပြီး အလှမ်းကွာဝေးတဲ့အတွက် နိုင်ငံတော်ဓာတ်အားလိုင်း တည် ဆောက်ဖို့ အခက်အခဲရှိတဲ့အပြင် တကယ်လို့ တည်ဆောက် မယ်ဆိုရင်လည်း တည်ဆောက်မှု ကုန်ကျစရိတ်များပြားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ခေါင်လန်ဖူးမြို့ကို နိုင်ငံတော်ဓာတ်အား စနစ် ရောက်ရှိဖို့ ခက်ခဲနေသေးတာ ဖြစ်ပါတယ်။

ခေါင်လန်ဖူးမြို့မှာ အရင်က ၁၈ ဒသမ ၇၅ ကီလိုဝပ် မီးစက် တစ်လုံးသာ ရှိခဲ့ပါတယ်။ စက်ချွတ်ယွင်းမှုဖြစ်ခဲ့ရင် စက်တစ်လုံး တည်း ဖြစ်တဲ့အတွက် စက်ပြုပြင်ချိန်ကြာမြင့်ပြီး ပြည်သူတွေ ပုံမှန်လျှပ်စစ်မီးပြန်ရဖို့ အခက်အခဲရှိခဲ့ပါတယ်။ ယခု ၁၀ ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက် သုံးလုံးပို့ထားပြီး ဖြစ်တဲ့အတွက် စက်ကို အလှည့်ကျမောင်းနှင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ် ပေးနိုင်သလို စက်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းတွေကို ကောင်း မွန်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပြီး ပြည်သူလူထုအတွက် ဓာတ်အား ပြတ်တောက်ချိန် လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ခေါင်လန်ဖူး မြို့ကို အရင်က ခေါ်ဘူဒဲမြို့လို့ခေါ်ပြီး ၁၉၉၀ ပြည့်နှစ်မှာ ၃ ဒသမ ၂ ကီလိုဝပ် မီးစက်နှစ်လုံးနဲ့ စတင်ဓာတ်အားပေးခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ ခေါင်လန်ဖူးမြို့အဖြစ် အမည် ပြောင်းလဲခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ ၁၈ ဒသမ ၇၅ ကီလိုဝပ်စက်နဲ့ ပြောင်းလဲတိုးချဲ့ဓာတ်အားပေးခဲ့တာ ဖြစ်ပါတယ်။

**မေး ။ ။ ခေါင်လန်ဖူးမြို့ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေတွေကို သိလိုပါ တယ်။**

ဖြေ ။ ။ အခုနှစ်ဆန်း ဇန်နဝါရီလမှာ နိုင်ငံတော်သမ္မတကြီး ဟာ ပူတာအိုမြို့နဲ့ ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစဉ်တွေအတွက် ကချင်ပြည်နယ်ကို ရောက်ရှိချိန်မှာ ခေါင်လန်ဖူးမြို့ကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ဖို့ လမ်းညွှန်ခဲ့ပါ တယ်။ အဲဒီလမ်းညွှန်ချက်အရ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ၁၀ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက်သုံးလုံး ပူတာအိုမြို့အထိ မော်တော်ယာဉ်နဲ့ ပေးပို့ခဲ့ပြီး ပူတာအိုကတစ်ဆင့် နောင်မွန်း၊

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

အဲဒီကနေ ခေါင်လန်ဖူးကို ဝန်တင်လားတွေနဲ့ စက်အစိတ်အပိုင်းတွေကို အပိုင်းလိုက်ခွဲပြီး ခက်ခက်ခဲခဲ သယ်ယူပို့ဆောင်ခဲ့ရပါတယ်။ ခေါင်လန်ဖူးမြို့ပေါ်ကိုရောက်မှ စက်အစိတ်အပိုင်းတွေကို ပြန်လည်စုစည်းတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ ဆောင်ရွက်ခဲ့ရပါတယ်။ ၁၀ ကီလိုဝပ်သုံးလုံး ရွေးချယ်ခဲ့ရခြင်းအကြောင်း အရင်းကတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ တောင်ပေါ်ဒေသကို လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ဖို့နဲ့ စက်တစ်လုံး ချွတ်ယွင်းရင် ဓာတ်အားပြတ်တောက်ချိန် မကြာမြင့်စေဖို့အတွက် ရွေးချယ်သယ်ယူပို့ဆောင်ခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ခေါင်လန်ဖူးမြို့တစ်မြို့လုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် ဓာတ်အားဖြန့်ဖြူးရေးလိုင်းတွေကို တိုးချဲ့တည်ဆောက်ပြီး မတ် ၅ ရက်မှာ လျှပ်စစ်ဓာတ်အားကို မြို့လုံးကျွတ်လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်တဲ့ အခမ်းအနားကို ဒေသဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါတယ်။ ခေါင်လန်ဖူးမြို့ကို အရင်က တစ်ရက်ဓာတ်အား ဖြန့်ဖြူးချိန် ၄ နာရီသာရှိခဲ့ရာက အခု တစ်ရက်လျှင် ၅ နာရီအထိ တိုးမြှင့်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**မေး ။ ။ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးဖို့ ခက်ခဲတဲ့ ဒေသတွေအတွက် လျှပ်စစ်ဓာတ်အားရရှိဖို့ ဘယ်လို ဆက်လက်ဆောင်ရွက်သွားမလဲဆိုတာကို ပြောပြပေးပါဦး။**

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့နယ်စွန်နယ်ဖျားဒေသတွေနဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့နေရာတွေမှာ လျှပ်စစ်ဓာတ်အားရရှိဖို့ဆိုတာ ခက်ခဲပါတယ်။ အဲဒီလို ခက်ခဲတဲ့ နေရာဒေသတွေမှာ အခြေခံအားဖြင့် ဒီဇယ်ဓာတ်အားပေးစက်နဲ့ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးပါတယ်။ ဒီဇယ်ဓာတ်အားပေးစက်တွေဟာ ကုန်ကျစရိတ်ကြီးမားတော့ ရေအားနဲ့ ဆိုလာစနစ်ကိုလည်း အသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အခြားဓာတ်အားရနိုင်တဲ့ နည်းလမ်းတွေနဲ့လည်း ဓာတ်အားရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုအခါ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး ကျေးလက်ဒေသတွေ လျှပ်စစ်ဓာတ်အားရရှိဖို့ ပူပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အမေး၊ အရေး - မင်းမင်းဇော် (ကလေး)၊ ဓာတ်ပုံ- အေးသန်း**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ဖေဖော်ဝါရီလအတွင်း ယာဉ်မတော်တဆမှု ၃၆ မှုဖြစ်ပွား၍ ၁၁ ဦး သေဆုံး

**နေပြည်တော် မတ် ၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဖေဖော်ဝါရီလအတွင်း ယာဉ်မတော်တဆမှု ၃၆ မှုဖြစ်ပွား၍ ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အမြန်လမ်းမကြီး၌ ဖြစ်ပွားသော ယာဉ်မတော်တဆမှုများတွင် အကြိမ်အများစုမှာ ယာဉ်မောင်းပေါ့ဆစွာ မဆင်မခြင် မောင်းနှင်မှုများကြောင့်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ ထို့ပြင် လမ်းကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်လည်းကောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များကြောင့်လည်းကောင်း၊ လမ်းဖြတ်ကူးသူများကြောင့် လည်းကောင်း၊ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးများကြောင့်လည်းကောင်း၊ ယာဉ်မတော်တဆမှုများ ဖြစ်ပွားကြသည်ကိုလည်း တွေ့ရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းများ အဆင့်မြှင့်တင်ခြင်း၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်း၊ အမြန်လမ်း ရဲတပ်ဖွဲ့အနေဖြင့်လည်း အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်ကြသည့် မော်တော်ယာဉ်များအား သတ်မှတ်အမြန်နှုန်းထက်ကျော်လွန် မောင်းနှင်သော ယာဉ်များကို အမြန်နှုန်းတိုင်းကိရိယာ အသုံးပြု၍ ဖမ်းဆီးအရေးယူခြင်း၊ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန် အဘက်ဘက်မှ ဆောင်ရွက်ပေးနေသော်လည်း ဇန်နဝါရီလအတွင်း၌ အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ၄၁ မှု ဖြစ်ပွားခဲ့ပြီး ကိုးဦး သေဆုံးကာ ၈၃ ဦး ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဖေဖော်ဝါရီလအတွင်း ယာဉ်မတော်တဆမှု ၃၆ မှုဖြစ်ပွားခဲ့ရာ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးလေးဦး ပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၃၉ ဦး အမျိုးသမီး ၃၇ ဦး ပေါင်း ၇၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သို့ပါ၍ အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်ကြမည့် ယာဉ်လိုင်းများမှ ခရီးသည်တင်မော်တော်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ၊ ဌာနဆိုင်ရာ ယာဉ်များ၊ ဖြတ်သန်း မောင်းနှင်ခွင့်လက်မှတ်ရှိ ကုန်တင်ယာဉ်များ အနေဖြင့် အမြန်လမ်းပေါ်သို့ မတက်ရောက်ခင် မိမိတို့ယာဉ်များ၏ ကြံ့ခိုင်ရေးကို စစ်ဆေးကြပြီးမှသာ တက်ရောက် မောင်းနှင်သင့်ပေသည်။ ထို့အတူ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း အထူးသတိထား လိုက်နာကြရန် လိုအပ်ပေသည်။

သို့မှသာ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်သွားနိုင်မှာ ဖြစ်သည်။ **သန်းဦး (လေးမျက်နှာ)**

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမားကြည်လင်း၊ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးတို့အား ရုံးထုတ်စစ်ဆေး

**ရန်ကုန် မတ် ၈**



တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်အာမခံရရှိထားသူ အောင်ဝင်းထွန်းနှင့် ပြန်ခေါ်သက်သေ ငါးဦးတို့သည် ရုံးထုတ်စစ်ဆေးခံရန် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ရောက်ရှိလာကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က “ဒီနေ့မှာ မြောက်ပိုင်းခရိုင်တရားရုံးက စစ်ဆေးနေတဲ့အမှုနဲ့ ပတ်သက်ပြီး အထူးတရားခုံရုံး ပြင်ဆင်ထားတာလေးကို အရင်ပြောချင်ပါတယ်၊ အထူးခုံရုံးအဖွဲ့ကို ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင် နှစ်ဦး ဖွဲ့စည်းထားပါတယ်၊ ဒါနဲ့ပတ်သက်လို့ ခုံရုံးဥက္ကဋ္ဌ မြောက်ပိုင်းခရိုင် တရားသူကြီး ဦးတင်ထွေးက သက်ပြည့်ပင်စင်အငြိမ်းစားယူတဲ့အတွက် ခုံးရုံးအဖွဲ့ဝင် ခရိုင်တရားသူကြီး ဦးခင်မောင်မောင်ကို တာဝန်ပေးခဲ့တာရယ်၊ လစ်လပ်သွားတဲ့အဖွဲ့ဝင်တစ်နေရာကိုတော့ အရှေ့ပိုင်းခရိုင် တွဲဖက် ခရိုင်တရားသူကြီး ဦးမြင့်ဟန်ကို အစားထိုးခန့်ထားရယ်၊ လက်ရှိအဖွဲ့ဝင် မြောက်ပိုင်းခရိုင် ဒုတိယ ခရိုင်တရားသူကြီး ဦးအုန်းခိုင်ရယ်လို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကနေ ပြည်ထောင်စု တရားရုံးပြင်ဆင်မှု အမိန့်အမှတ် ၂၃(ခ) အရ ပြင်ဆင်ဖွဲ့စည်းတဲ့အကြောင်း တင်ပြလိုပါတယ်၊ ကျွန်တော်တို့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ တရားလို ရဲအုပ် မိုးနိုင်၊ တရားခံ ကြည်လင်း(ခ) ဖိုးထူး ပါ -၄ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၄/၂၁၂ အရ စွဲဆိုမှုကနေ ဒီကနေ့ ပြန်ခေါ်သက်သေငါးဦး စစ်ဆေးပါတယ်၊ အဲဒီငါးဦး က မင်္ဂလာဒုံ လေဆိပ်လေကြောင်း လုံခြုံရေး မန်နေဂျာ ဦးဇော်ဇော်လွင် ၊ လေဆိပ် အငှားယာဉ်မောင်း ဦးခိုင်ဘွားထူး၊ လေဆိပ်ကားပါကင် ဝန်ထမ်း ဦးအောင်ပိုင်ဖြိုး၊ လေဆိပ်ဝန်ဆောင်မှုကော်မတီ လုံခြုံရေးဝန်ထမ်း ဒေါ်သဇင်ထွေး(ခ) ဒေါ်သိမ့်သိမ့်ထွန်း၊ အမှတ်-၅ လေဆိပ် လုံခြုံရေး ရဲအရာရှိ ဒုတိယရဲအုပ် ဇော်လတ် တို့ကို စစ်ဆေးတာပါ သူတို့ တွေ့မြင်သိရှိတာ ထွက်ဆိုသွားတာပါ၊ မတ် ၉ ရက် မနက်ဖြန် ရုံးချိန်းမှာ ပြန်ခေါ်သက်သေ ငါးဦး စစ်ဆေးဖို့လည်း ဥပဒေအရာရှိကို မှာကြားထားတယ်၊ ဒီကနေ့ဆို ရုံးချိန်းပေါင်း ၄၇ ချိန်းရှိပြီး ပြန်ခေါ်သက်သေ ၃၇ ဦးမှာ ၂၀ ဦး အထိ စစ်ဆေးပြီးသွားပါပြီ”ဟု ရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လူတစ်ဦးကို ဆင်က အစွယ်ဖြင့် ထိုးသတ်မှု မြောင်းမြမြို့နယ်၌ ဖြစ်ပွား

**မြောင်းမြ မတ် ၈**

ဆပ်ကပ်အဖွဲ့နှင့်လိုက်ပါလာသော ဆင်က အစွယ်ဖြင့်ထိုးသတ်၍ လူတစ်ဦး သေဆုံးသွားကြောင်း မြောင်းမြမြို့မရဲစခန်းမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကံကြီးကျေးရွာ ကံကြီး အားကစားကွင်း၌ အောင်ပင်လယ်ဆပ်ကပ်အဖွဲ့မှ မတ် ၅ ရက်နှင့် ၆ရက်က ရုံဝင်ကပြခဲ့ပြီး အခြားမြို့သို့ ကူးပြောင်းကပြရန် ဆင်တင်သော မော်တော်ယာဉ်အား စောင့်ဆိုင်းနေစဉ် ကိုးနှစ်သား ဆင်ထိန်းက ဦးအေးသန်း (ခ) ဦးစိန်အောင်မင်း (၆၅ နှစ်)ကို မတ် ၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် အစွယ်နှင့် ထိုးသတ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်အနီးတွင် ၎င်းအား သေဆုံးလျက်တွေ့ရသဖြင့် ရဲတပ်ဖွဲ့တာဝန်ရှိသူများက မြောင်းမြပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဇာတ်အဖွဲ့မှ ဆင်ဦးစီး လှဌေးအား မြောင်းမြစခန်းမှူး ဒုရဲမှူး အောင်ဇော်မင်းက ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြောင်းမြရဲစခန်းမှ သိရသည်။ **အောင်မင်း(မြောင်းမြ)**

# ဘုရားဖူးယာဉ်တစ်စီး ချောက်ထဲထိုးကျပြီး တိမ်းမှောက်မှု ဖြစ်ပွား၊ ငါးဦးသေဆုံး

**မိုးမောက် မတ် ၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ယောယုံကျေးရွာနှင့် ဝိန်းခမ်းကျေးရွာကြား မိုင်တိုင်အမှတ်-၄၀အနီး တောင်အဆင်းနေရာ၌ ဘုရားဖူးအပြန်ခရီးသည်အမျိုးသမီး ၁၄ ဦးလိုက်ပါသည့် မော်တော်ယာဉ်တစ်စီး ဘရိတ်ပေါက်၍ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ အမျိုးသမီးငါးဦး သေဆုံးခဲ့ပြီး ယာဉ်မောင်းပါ ၁၀ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၇ ရက် ညနေ ၄ နာရီခန့်က ဗန်းမော်မြို့မှ လွယ်ဂျယ်ဘက်သို့ သွားသည့် ဇလုံတောင်၊ အင်းတော်ကြီးဘုရားဖူးအပြန် ခရီးသည် အမျိုးသမီး ၁၄ ဦး လိုက်ပါသည့် ယာဉ်မောင်း ဖြိုးမောင်မောင်(၂၈နှစ်) ကုက္ကိုတောရပ် ဗန်းမော် မြို့နေသူ မောင်းနှင်လာသော 7G/---- မှန်လုံယာဉ်သည် မိုးမောက်မြို့နယ် ယောယုံကျေးရွာနှင့် ဝိန်းခမ်းကျေးရွာကြား မိုင်တိုင်အမှတ် -၄၀ အနီး တောင်အဆင်းနေရာအရောက်တွင် ဘရိတ်ပေါက်၍ မိုးမောက်-လွယ်ဂျယ် သွားကားလမ်း၏ ဝဲဘက် အနက်ပေ ၂၀၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည်များအနက် အမျိုးသမီးငါးဦးသေဆုံးပြီး ယာဉ်မောင်းနှင့် ကျန်ခရီးသည်အမျိုးသမီးကိုးဦးတို့ အပြင်းအထန်ဒဏ်ရာ(စိုးရိမ်ရ)များရရှိ၍ လွယ်ဂျယ်ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ဆေးကုသမှုခံယူလျက် ရှိသည်။

အဆိုပါခရီးသည်များမှာ ရှမ်းပြည်နယ် မူဆယ်မြို့တွင် နေထိုင်ကြသော ဘုရားဖူးခရီးသည်များဖြစ်ကြပြီး ဗန်းမော်ခရိုင် မန်စီမြို့မှ ခရီးသည် အမျိုးသမီးတစ်ဦး လိုက်ပါလာခဲ့သည်။ ယာဉ်မောင်း ဖြိုးမောင်မောင်အား လွယ်ဂျယ်မြို့နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# စာမေးပွဲဖြေဆိုခွင့်ကတ် မေ့ကျန်ခဲ့သည့် ကျောင်းသားအား ယာဉ်ထိန်းရဲက အချိန်မီကူညီနိုင်ခဲ့

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အထက(၅)စာစစ်ဌာနတွင် တက္ကသိုလ်ဝင် စာမေးပွဲ ဒုတိယမြောက်နေ့ အင်္ဂလိပ်စာဘာသာဖြေဆိုမည့် ကျောင်းသားတစ်ဦး စာမေးပွဲဖြေဆိုခွင့်ကတ်မေ့ကျန်ခဲ့၍ ယာဉ်ထိန်းရဲတပ်ဖွဲ့က အချိန်မီ ကူညီပေးနိုင်ခဲ့သဖြင့် စာမေးပွဲ ဖြေဆိုခွင့်ရရှိခဲ့ကြောင်း သိရသည်။

ယနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မရမ်းကုန်း အထက(၅) စာစစ်ဌာနတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျောင်းသားတစ်ဦး နံနက် ၈ နာရီ ခွဲခန့်တွင် ကျောင်းသို့ လာရောက်စဉ် စာမေးပွဲအခန်းအဝရောက်မှ ကတ်ပြား မေ့ကျန်ခဲ့ကြောင်း၊ အိမ် သို့ ပြန်သွားယူလျှင် စာမေးပွဲချိန် နောက်ကျပါက ဖြေဆိုခွင့်ရမည်မဟုတ်ကြောင်းကို စိုးရိမ်ပြီး ကျောင်းသားတစ်ဦး အခက်တွေ့ခဲ့ကြောင်း၊ ထိုသို့ ကျောင်းသားတစ်ဦး ဖြေဆိုခွင့်ကတ် မေ့ကျန်ခဲ့သည့် သတင်းကို တာဝန်ကျ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦး သိရှိသဖြင့် ကျောင်းသားကို ခေါ်ဆောင်ကာ နေအိမ်သို့ သွားရောက် ယူဆောင် ကူညီပေးခဲ့၍ အချိန်မီ စာမေးပွဲဖြေဆိုနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်မှ ၁၆ ရက်အထိ နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ပြိုင်နက်တည်း ကျင်းပပြုလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင် လေးခရိုင်ရှိ မြို့နယ်များတွင် တက္ကသိုလ်ဝင် စာမေးပွဲကျင်းပမည့် စာစစ်ဌာန ၂၂၀ ရှိကြောင်း သိရသည်။

စာမေးပွဲ ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် စိတ်အေးချမ်းမြေ့စွာ စာမေးပွဲ ဖြေဆိုနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မြို့နယ်အလိုက် လုံခြုံရေး အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အလားတူ စာမေးပွဲ ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအတွက် ကျန်းမာရေးဌာနကလည်း ပူးပေါင်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ထူးထူး**



# ၂၀၃၀ တွင် ကလေးသူငယ် လက်ထပ်ထိမ်းမြားမှု အဆုံးသတ်မည်

**ဂျီနီဗာ မတ် ၈**

ကမ္ဘာ့နိုင်ငံအတော်များများတွင် ကလေးငယ် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာများ လျော့ကျလာခဲ့ကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ယူနီဆက်ဖ်က မကြာသေးမီက ပြောကြားလိုက်သည်။

အသက် ၁၈ နှစ်မတိုင်မီ မိန်းကလေးငယ် ၂၅ သန်းအား ထိမ်းမြားလက်ထပ်ခံရမှုကို လွန်ခဲ့သော ၁၀ နှစ်အတွင်း တားဆီးနိုင်ခဲ့ကြောင်း ယူနီဆက်ဖ်က ပြောကြားခဲ့သည်။

တောင်အာရှဒေသတွင် ဆယ်စုနှစ်အတွင်း ကလေးသူငယ် လက်ထပ်ထိမ်းမြားမှု အများဆုံးကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၄၉ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။

အာဖရိက ဆာဟာရသဲကန္တာရဒေသတွင် ကလေးသူငယ် လက်ထပ်ထိမ်းမြားမှု အများဆုံးရှိကြောင်း၊ အဆိုပါဒေသရှိ အမျိုးသမီး ၃၈ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်မတိုင်မီ လက်ထပ်ခဲ့ရကြောင်း သိရသည်။ နိုင်ဂျာနိုင်ငံသည် လက်ထပ်ထိမ်းမြားမှု ၇၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် ၆၈ ရာခိုင်နှုန်း၊ ချတ်ဒ်နိုင်ငံတွင် ၆၇ ရာခိုင်နှုန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၅၉ ရာခိုင်နှုန်းစသည်ဖြင့် အသီးသီးရှိကြောင်း သိရသည်။

လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ကလေးသူငယ် လက်ထပ်ထိမ်းမြားခြင်း အဆုံးသတ်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ လုပ်ဆောင်နေကြောင်း ယူနီဆက်ဖ်က ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**




# မြောက်ကိုရီးယားမှ ပြန်လည်ရောက်ရှိလာသည့် တောင်ကိုရီးယား ကိုယ်စားလှယ်များ အမေရိကန်သို့ ထွက်ခွာ

**ဆိုးလ် မတ် ၈**

မြောက်ကိုရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် တောင်ကိုရီးယားသံတမန်များသည် အမေရိကန်အစိုးရနှင့် မြောက်ကိုရီးယားခေါင်းဆောင်မှုဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးရန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်သို့ ထွက်ခွာသွားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



တောင်ကိုရီးယားအမျိုးသားလုံခြုံရေးရုံးအကြီးအကဲ ချွန်အီယန် ခေါင်းဆောင်သည့် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် လွန်ခဲ့သော တနင်္လာနေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

တောင်-မြောက်နှစ်နိုင်ငံသည် သုံးကြိမ်မြောက် ကိုရီးယားထိပ်သီးအစည်းအဝေးကို တောင်ကိုရီးယားဘက် ပန်းမွန်ဂျွန်ရွာ၌ ဧပြီနှောင်းပိုင်းတွင် ကျင်းပရန် သဘောတူညီမှုရရှိခဲ့သည်။

တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးအကြီးအကဲ ချွန်အီယန်နှင့်အတူ အမျိုးသားထောက်လှမ်းရေးအကြီးအကဲ ဆူဟွန်းလည်း ကြာသပတေးနေ့က ဝါရှင်တန်သို့ ထွက်ခွာသွားသော ကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါသွားခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးအကြီးအကဲ ချွန်အီယန်က ယခုအချိန်အခါသည် မြောက်ကိုရီးယားနှင့် အမေရိကန်ကြား ဆွေးနွေးရန် အကောင်းဆုံးအချိန်ဖြစ်သည်ဟု အင်္ဂါနေ့က ပြောခဲ့သည်။

ကြာသပတေးနေ့ကလည်း တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးအကြီးအကဲ ချွန်အီယန်က အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား လိုအပ်သည့်အခြေအနေနှင့် အချိန်အခါများကို လျင်လျင်မြန်မြန်ဆွေးနွေးဖို့လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတ မွန်ဂျယ်အင်းက ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးသည် နောက်ဆုံးရည်မှန်းချက်ဖြစ်ကြောင်း သို့သော်လည်း ချက်ခြင်းရရှိရန် မလွယ်ကူသေးကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အရှေ့ဂူတာကို စွန့်လွှတ်ရန် အစိုးရဆန့်ကျင်သည့် တိုက်ခိုက်ရေးအုပ်စုများကို ရုရှားတိုက်တွန်း

**ဒမတ်စကတ် မတ် ၈**

ဆီးရီးယားရှိ အစိုးရဆန့်ကျင်သည့် အင်အားစုများသည် ဒမတ်စကတ် ဆင်ခြေဖုံးရှိ အရှေ့ဂူတာကို စွန့်လွှတ်ရန် ရုရှား၏ တောင်းဆိုမှုကို ခုခံလျက်ရှိကြောင်း သိရသည်။

ဆီးရီးယားရှိ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က ပြီးခဲ့သည့် ဖေဖော်ဝါရီလလယ်လောက်ကတည်းက စတင်ကာ အစိုးရအင်အားစုများနှင့် ရုရှားတပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် အရပ်သား ၈၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့က သမ္မတ ဘတ်ရှာ အယ်လ်အာဆတ်ကို သစ္စာခံသည့် မြေပြင်တပ်ဖွဲ့သည် အရှေ့ဂူတာဒေသ၏ ၄၀ ရာခိုင်နှုန်းကို ပြန်လည်ရယူထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားခဲ့သည်။

ရုရှားဗိုလ်ချုပ်ကြီး ဗလာဒီမာဇိုလိုတူကင်က ဆီးရီးယားအစိုးရသည် အဆိုပါ ဇရိယာမှ အရပ်သားများ ထွက်ခွာသွားနိုင်စေရန်အတွက် စင်္ကြံလမ်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

အစိုးရဆန့်ကျင်သည့် တိုက်ခိုက်ရေးအဖွဲ့များနှင့် ၎င်းတို့၏ မိသားစုဝင်များသည် နေ့ခင်းအချိန်လောက်တွင် သတ်မှတ်ထားသည့် အချိန်အတွင်း၌ ဖြတ်သန်းခွင့်ရရှိခဲ့ကြောင်း ဇိုလိတူကင်က ပြောကြားသည်။

၎င်းတို့၏ လက်နက်များကိုလည်း သယ်ဆောင်ဖြတ်သန်းသွားနိုင်သည်ဟု သိရသည်။ သို့သော် အရှေ့ဂူတာ၌ ခြေကုပ်ယူထားသည့် အစိုးရဆန့်ကျင်အုပ်စုများက ၎င်းတို့သည် စိတ်ကိုလှည့်စားသည့် နည်းဗျူဟာများကြောင့် ယိမ်းယိုင်သွားလိမ့်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နှင့် မြောက်ကိုရီးယား ဆွေးနွေးပွဲဖြစ်မြောက်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

**ပေကျင်း မတ် ၈**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆွေးနွေးပွဲ တတ်နိုင်သမျှ အမြန်ဆုံးကျင်းပကြရန် တိုက်တွန်းတောင်းဆိုလိုက်ကြောင်း သိရသည်။



နိုင်ငံခြားရေးဝန်ကြီးသည် ကြာသပတေးနေ့တွင် ပေကျင်း၌ ကျင်းပသည့် အမျိုးသားပြည်သူ့ကွန်ဂရက်ဆွေးနွေးပွဲ ကျင်းပချိန် သတင်းစာရှင်းလင်းပွဲအတွင်း ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ဝမ်ယိသည် ပြုံချမ်းအိုလံပစ် အားကစားပြိုင်ပွဲအတွင်း မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား ဆွေးနွေးခဲ့မှုကို ရည်ညွှန်းပြောဆိုခဲ့သည်။

ထို့ပြင် ကိုရီးယားကျွန်းဆွယ်ပေါ်တွင် ကာလရှည်ကြာအောင် ဆက်ဆံရေးအခြေအနေများ အေးတိအေးစက်ဖြစ်လာမှုကို ကူညီခဲ့ကြောင်းကိုလည်း ဝမ်ယိက ထောက်ပြခဲ့သည်။ လာမည့်လတွင် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပသွားရန် တောင်နှင့်မြောက် နှစ်ဖက်စလုံးက သဘောတူညီခဲ့မှုကိုလည်း ချီးကျူးဂုဏ်ပြုခဲ့သည်။

ယင်းအပြုအမူသည် မှန်ကန်သည့်လားရာဆီသို့ ရောက်ရှိစေမည့် အရေးကြီးသော ခြေလှမ်းအဆင့်တစ်ခုဖြစ်သည်ဟု ၎င်းက ပြောသည်။ တောင်နှင့်မြောက် နှစ်ဖက်စလုံး၏ ကြိုးပမ်းအားထုတ်မှုများကို ကျွန်ုပ်တို့ ထောက်ခံအားပေးသည်ဟုလည်း ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်ကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ဆွဲခေါ်သွားရေးအတွက် သက်ဆိုင်ရာနိုင်ငံများက အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း ၎င်းက ပြောသည်။ အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ဆွေးနွေးပွဲများ မြန်နိုင်သမျှ အမြန်ဆုံးပြုလုပ်ကာ စေ့စပ်ညှိနှိုင်းသွားကြရန်မှာ အထူးအရေးကြီးကြောင်း ၎င်းက တိုက်တွန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ကပ်လှူ

**နေပြည်တော် မတ် ၈**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေသားရွှေပြား သင်္ကန်းတော်များ ကပ်လှူပူဇော်ရန်အတွက် ၂၄ ကြိမ်မြောက် ရွှေစင်ရွှေသားလှူဒါန်းပွဲကို မတ် ၇ ရက် နံနက် ၉ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော် အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်၊ ပဓာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဆရာတော်ဘဒ္ဒန္တကဝိသာရ အမှူးပြုသော သံဃာတော် ခုနစ်ပါး ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ စေတီတော်ဂေါပကအဖွဲ့၏ အထောက်အကူပြုအဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် မိုးထိမိုးမိရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဂေါပကရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ ဆရာတော်ဘဒ္ဒန္တကဝိသာရထံမှ ကြွရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူသည်။

ထို့နောက် ရွှေစင်ရွှေပြား ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ မိုးထိမိုးမိ ရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့မှ ရွှေစင်ရွှေသား ၃၀ ကျပ်သား ၀ ဒသမ ၅ ရွေး၊ မြန်မာဟိန်းစည်သူကုမ္ပဏီမိသားစုက ရွှေစင် ၁ ကျပ်သားကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့မှ လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ပြီး လှူဒါန်းမှုများအတွက် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တကဝိသာရက အနုမောဒနာတရားဟောကြား၍ ရေစက်သွန်းချအမျှပေးဝေသည်။

ကြွရောက်လာကြသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဘုရားဖူးလာပြည်သူများကို အာဟာရဒါနများ ဝေငှလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံအတွင်း ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေရကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ပြောကြား

**ရန်ကုန် မတ် ၈**

နိုင်ငံအတွင်း၌ တောင်ပေါ်ဒေသ မြို့ရော ကျေးလက်ပါမကျန် နေရာအတော်များများတွင် ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေရကြောင်း ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြလှစံက ပြောကြားသည်။

**ထင်းအစားထိုးလောင်စာများစျေးကြီးနေ**

အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ သားငါး၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် နှင့် စက်သုံးဆီစျေးနှုန်းများ မြင့်တက်လျက်ရှိပြီး အမယ်ပေါင်းစုံနှင့် လူ့အသုံးအဆောင်များသည် စျေးနှုန်းကြီးမြင့်မှုကြောင့် ဝင်ငွေနည်းသော အခြေခံလူတန်းစား ပြည်သူများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။ အခြေခံလူတန်းစားများ စားသုံးသော ဆန်များသည်လည်း ယခင်ကထက် ပိုမိုမြင့်တက်လာသည်ကိုတွေ့ရပြီး သားငါးစျေးနှုန်းသည်လည်း ယခင်ထက်ပိုမိုစျေးကြီးလာလျက်ရှိသည်။ ထို့ကြောင့် တိုင်းပြည်၏ လူအများစုဖြစ်သော လက်လုပ်လက်စားများနှင့် အောက်ခြေဝန်ထမ်းများ၏ ဘဝမှာ အကြွေးသံသရာလည်နေရပြီး လျှပ်စစ်ဓာတ်အားမလုံလောက်သည့်အတွက် ထင်းအစားထိုးလောင်စာများမှာလည်း စျေးကြီးနေကြောင်း သိရသည်။

ထိုသို့ အခြေခံကုန်စျေးနှုန်းများ မြင့်တက်နေမှုကြောင့် ဝင်ငွေနည်းပါးသော လူတန်းစားများနှင့် အောက်ခြေဝန်ထမ်း လစာအနည်းဆုံးရသော သူများမှာ လူမှုဒုက္ခအပေါင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ရေရှည်တွင် ရင်ဆိုင်ရန် အခက်အခဲများစွာရှိနေသည့်အတွက် ထိုသူများ၏ စားဝတ်နေရေး မပြေလည်ပါက ရေရှည်တွင် မသမာမှုများ၊ ဒုစရိုက်မှုများ၊ ခိုးဆိုးလုနှိုက်များ ကြီးထွားလာပြီး နိုင်ငံတော်အတွက် မည်သို့မျှ မကောင်းနိုင်ပါကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ယနေ့ကျင်းပသော တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ကုန်စျေးနှုန်းများ ကြီးမြင့်ရသည့်အကြောင်းရင်းမှာ ကုန်ထုတ်လုပ်ရာ၌ အသုံးပြုသောကုန်ကြမ်းစျေးနှုန်းများ ကြီးမြင့်ခြင်း၊ သယ်ယူပို့ဆောင်ရသော ဝန်ဆောင်ခများကြီးမားခြင်း၊ လိုအပ်သော လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ မရရှိခြင်းတို့ကြောင့်ဖြစ်သည်ဆိုသည်ကို အားလုံးလည်း သိရှိပြီးဖြစ်သောကြောင့် ကုန်ထုတ်လုပ်မှုစရိတ်စကများ လျှော့ချနိုင်စေရေးအတွက် ကုန်ကြမ်းစရိတ်များကျဆင်းအောင်၊ သယ်ယူပို့ဆောင်ရေး စရိတ်စကများ ကျဆင်းလာစေရေးနှင့် တစ်ဦးချင်း ကုန်ထုတ်လုပ်မှု စွမ်းရည်တိုးမြှင့်လာစေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

**အထောက်အကူပြုနိုင်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးနိုင်ရေး၊ လိုအပ်သောရေရရှိနိုင်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ GDP တိုးတက်စေရန် စိုက်ပျိုးမွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေရန် အထည်ချုပ်လုပ်ငန်းများကိုလည်း ပိုမိုခွင့်ပြုပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်လာပြီး တစ်ဦးချင်းကုန်ထုတ်လုပ်မှု တိုးတက်လာပါက ဒေသတစ်ခုလုံး စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး ကုန်စျေးနှုန်းများ တည်ငြိမ်မှုရရှိကာ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# အိုလံပစ်အားကစားပြိုင်ပွဲ အထောက်အကူပြုမည့် ဂျပန်ဖလားတံခွန်စိုက် ကရာတေးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၈ ကြိမ်မြောက် Japan Cup Karate Championship 2018 ပြိုင်ပွဲကို မတ် ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစား ပြိုင်ပွဲရုံ၌ ကျင်းပသည်။



ဂျပန်ဖလားတံခွန်စိုက် ပြိုင်ပွဲမှ ကရာတေးပြိုင်ပွဲဝင် သရုပ်ပြကွက်။ ဓာတ်ပုံ- မင်းထက်

"ဒီနေ့ စတင်ကျင်းပတဲ့ ကရာတေးပြိုင်ပွဲက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးကနေ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး ကျင်းပတာ ဖြစ်ပါတယ်၊ ဒီပြိုင်ပွဲကို ၈ ကြိမ်မြောက် ကျင်းပတာပါ၊ ကရာတေးအဖွဲ့ချုပ်က ကျင်းပတဲ့ ပြိုင်ပွဲတွေထဲမှာ အကြီးဆုံးပြိုင်ပွဲလည်း ဖြစ်ပါတယ်၊ စီနီယာ၊ ဂျူနီယာ၊ သက်ငယ်တန်း၊ ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက် စသဖြင့် အားကစားသမား အရွယ်စုံပါဝင်လို့ရတဲ့ ပြိုင်ပွဲပါ" ဟု မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်မိုးက ပြောသည်။

အဆိုပါ ဂျပန်ဖလားတံခွန်စိုက် ကရာတေးပြိုင်ပွဲသည် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာရေးနှင့် အိုလံပစ်အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့ဂုဏ်ဆောင်နိုင်မည့် ကစားသမားများ ပေါ်ထွန်းလာရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။ မျိုးဆက်သစ်များအတွက် အသက်အငယ်ဆုံးဖြစ်သော ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး၊ သက်ငယ်တန်း၊ သက်လတ်တန်း၊ သက်ကြီးတန်း စသည်ဖြင့်အတန်းစုံပါဝင်ပြီး အဆိုပါပြိုင်ပွဲမှ နိုင်ငံအဆင့် ပဏာမ လက်ရွေးစင်ကစားသမားများကိုလည်း ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့စတင်ကျင်းပသော ၈ ကြိမ်မြောက် ဂျပန်ဖလားတံခွန်စိုက်ဒိုင်း ကရာတေးပြိုင်ပွဲကို မတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပခဲ့ပြီး အသင်းပေါင်း ၃၁ သင်းမှ ကစားသမား အမျိုးသား ၁၆၄ ဦး၊ အမျိုးသမီး ၈၆ ဦး ကစားသမားစုစုပေါင်း ၂၅၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲဝင်အမျိုးအစားပေါင်း ၄၀ ထည့်သွင်းထားပြီး ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုနှင့် အကောင်းဆုံး ကစားသမားဆု ရှစ်ဆု ချီးမြှင့်ပေးခဲ့ကာ စီနီယာတန်းမှ လေးဆု၊ ဂျူနီယာတန်းမှ နှစ်ဆုနှင့် သက်ငယ်တန်းမှ နှစ်ဆုပေါင်း ရှစ်ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးအား ရုံးထုတ်စစ်ဆေး

**ရန်ကုန် မတ် ၈**

၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် တရားစွဲဆိုခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးကို မတ် ၇ ရက် နံနက် ၁၀ နာရီ က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ခဲ့ပြီး အမှုနှင့်ပတ်သက်သော သက်သေနှစ်ဦးကို ဒုတိယခရိုင် တရားသူကြီး-၆ ဦးရဲလွင်က စစ်ဆေးခဲ့ကြောင်း အဆိုပါ တရားရုံးမှ သိရှိရသည်။

ယနေ့ရုံးထုတ်စစ်ဆေးဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး-၂ သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးအုန်းခိုင်က "ဒီကနေ့မှာ သက်သေနှစ်ဦး စစ်ဆေးပါတယ်၊ အဲဒီသက်သေနှစ်ဦးအနက် တစ်ဦးက မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင် ဖြစ်ပါတယ်၊ အခင်းဖြစ်ပြီးနောက်တစ်နေ့ သက်ဦးမောင်(ခေါ်)ဝလုံး နေထိုင်တဲ့ မရမ်းကုန်းမြို့နယ် အမှတ်-၉ ရပ်ကွက်ရှိ အိမ်ကိုရှာဖွေရာမှာ လိုက်ပါလာခဲ့တဲ့ ရဲမှူးပါ၊ နောက်တစ်ဦးက ဆောင်းရိပ်မွန်စားသောက်ဆိုင်က စားပွဲထိုးအဖွဲ့ခေါင်းဆောင် ကိုကျော်မင်း အခင်းဖြစ်တဲ့နေ့ တွေ့မြင်သိရှိတာကို စစ်မေးတာပါပဲ၊ မတ် ၁၄ ရက်ကို ရုံးချိန်းလိုက်တယ်၊ အဲဒီရုံးချိန်းမှာလည်း သက်သေနှစ်ဦး တော့ခေါ်လာနိုင်ဖို့ ဥပဒေအရာရှိကို မှာကြားလိုက်တာရှိပါတယ်" ဟု ပြောကြားသည်။

**သက်သေ ၁၀ ဦးအထိ စစ်ဆေးဆောင်ရွက်**

အဆိုပါအမှုနှင့်ပတ်သက်ပြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်း က (ပ)၁၂၉၈/၂၀၁၇-၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ပြီး တရားစွဲဆိုတင်ပို့သည့် နေ့ရက်အပါအဝင် ရုံးချိန်းပေါင်းရှစ်ချိန်းတွင် ယခုစစ်ဆေးမှုအပါ သက်သေ ၁၀ ဦးအထိ စစ်ဆေးဆောင်ရွက်မှု ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း မြောက်ပိုင်းခရိုင်တရားရုံးမှ ထပ်မံသိရှိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## နိုင်ငံတကာ သတင်းတိုထွာ

### ပါပူဝါနယူးဂီနီ အလယ်ပိုင်းဒေသ၌ ငလျင်များ ဆက်တိုက်လှုပ်ခတ်

**ဆစ်ဒနီ မတ် ၈**

ပါပူဝါနယူးဂီနီ အလယ်ပိုင်းဒေသတွင် မတ်လ ၇ ရက်က အင်အား ၆ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ အဆိုပါငလျင်သည် ငလျင်ဆက်တိုက် လေးကြိမ်လှုပ်ခတ်မှုအတွင်း အင်အားအပြင်းဆုံး ငလျင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်အားပြင်းငလျင်သည် ပါပူဝါနယူးဂီနီနိုင်ငံအလယ်ပိုင်း ပေါ်ဂျီရာဒေသ အနောက်တောင်ပိုင်း ၁၁၂ ကီလိုမီတာ အကွာခန့်တွင် မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပါပူဝါနယူးဂီနီနိုင်ငံသည် ငလျင်ကြောပေါ်တွင် တည်ရှိနေပြီး ပစိဖိတ်ဒေသ မီးတောင်လှုပ်ရှားရာ ဒေသတွင် တည်ရှိနေသောကြောင့် မကြာခဏ ငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက်က ယင်းနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်း ငလျင်ကြောင့် လူပေါင်း အနည်းဆုံး ၃၁ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၃၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြသည်။

**ဆင်ဟွာ**

### ဓာတုလက်နက် အသုံးပြုခဲ့သည့်အတွက် မြောက်ကိုရီးယားကို အမေရိကန်ဝေဖန်ရှုတ်ချ

**ဝါရှင်တန် မတ် ၈**

အမေရိကန်ပြည်ထောင်စုသည် ပြီးခဲ့သည့်နှစ်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ အဖေတူအမေကွဲ ညီအစ်ကိုဖြစ်သူအား လုပ်ကြံသတ်ဖြတ်ရန် ဓာတုလက်နက်အသုံးပြုခံသည့်အတွက် ဝေဖန်ရှုတ်ချခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်များ ပြုလုပ်သွားရန်ပြင်ဆင်နေကြောင်း ကြေညာခဲ့သည်။

အမေရိကန် ပြည်တွင်းရေးရာဦးစီးဌာနပြောရေးဆိုခွင့်ရှိသူက မလေးရှားလေဆိပ်၌ ဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှုကို ဓာတုလက်နက်အသုံးပြုမှုကို ဆန့်ကျင်သည့် အများကလက်ခံထားသော စံသတ်မှတ်ချက်များကို ပမာမခန့် သဘောထားကြောင်း ပြည်သူလူထု သိအောင် ချပြလိုက်ခြင်းဟု တွစ်တာပေါ်၌ အမည်တပ်ခဲ့သည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဟီသာနျူရတ်သည် မြောက်ကိုရီးယား၏ အဆင်အခြင်ကင်းမဲ့မှုကို ထုတ်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရအဖွဲ့သည် အမေရိကန်ဥပဒေအောက်တွင် ထိုသို့လုပ်ဆောင်သွားရန် လွန်ခဲ့သောနှစ်ပတ်အကြာက ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ဟီသာနျူရတ်က ပြောကြားခဲ့သည်။


**အင်န်အိတ်ချ်ကေ**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၁)

# အဂတိမှုနှင့် နိုင်ငံတကာ



ဦးဟန်ညွန့် (ဥပဒေ)




**အဂတိဟူသည်**

အဂတိအကြောင်း အရေးယူဆောင်ရွက်မှုများအကျဉ်းကို ပြီးခဲ့သော အပတ်က ရေးသားတင်ပြခဲ့ပြီးပါပြီ။

ယခုတစ်ပတ်တွင် အဂတိမှုများနှင့် နိုင်ငံတကာဆက်စပ်ပုံကို လေ့လာတွေ့ရှိရသမျှ တင်ပြအပ်ပါသည်။ နိုင်ငံတကာ သင်ခန်းစာများ များစွာရှိပါမည်။ သို့သော် လက်လှမ်းမီသမျှသာ တင်ပြပါရစေ။

**ကပ်ရောဂါ**

အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်း၏ နယ်ပယ်အတော်များများကို တဖြည်းဖြည်းချင်း ဖျက်ဆီးနေသည့် အတွင်းမှ လှိုက်စားနေသော ကပ်ရောဂါတစ်ခုပင်ဖြစ်သည်။ ၎င်းသည် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အခြေပျက်စေခြင်း၊ လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းများသို့ ဦးတည်စေခြင်း၊ ဈေးများ၏ ပုံမှန်အခြေအနေကို အသွင်ပြောင်းစေခြင်း၊ ဘဝအရည်အသွေးများကို လုံးပါးပါးစေခြင်း၊ အုပ်စုဖွဲ့ ကျူးလွန်သော ပြစ်မှုများ၊ အကြမ်းဖက်မှုများနှင့် လူသားတို့၏ လုံခြုံမှုကို ထိခိုက်စေသော အခြားခြိမ်းခြောက်မှုများကို ရှင်သန်စေခြင်း စသည်တို့ကို ဖြစ်ပေါ်စေကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ စကားချီးတွင် အထွေထွေအတွင်းရေးမှူးချုပ်က အမှာစာ ရေးသားချီးမြှင့်ခဲ့ပေသည်။

**သဘောတူစာချုပ်**

၂၀၀၄၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးမှ ထုတ်ပြန်ခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် အခြေခံကျပေသည်။

၂၀၀၃ ခုနှစ်အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပခဲ့သည့် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ပေါ်ထွန်းလာခြင်းဖြစ်ပေသည်။

**အခန်း ၂**

သဘောတူစာချုပ် အခန်း ၂ တွင် တားဆီးကာကွယ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များ ဖော်ပြထားသည်။

အဂတိလိုက်စားခြင်းကို တိုက်ဖျက်သည့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများခေါင်းစဉ်အောက်တွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာမှုများ၊ ပြည်သူ့ရေးရာနှင့် ပြည်သူ့ပစ္စည်းများကို ကောင်းမွန်စွာ စီမံခန့်ခွဲမှု၊ သမာသမတ်ကျမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံနိုင်မှုတို့ကို ထင်ဟပ်မှုရှိ၍ လူ့အဖွဲ့အစည်းက ပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ပေးသည့် ထိရောက်မှုရှိပြီး ပြေပြစ်အောင်ဆောင်ရွက်ပေးသည့် အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေး မူဝါဒများကို တိုးတက်အောင်ပြုလုပ်၊ အကောင်အထည်ဖော်၊ ထိန်းသိမ်းထားရှိရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

- ❑ **အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်း၏ နယ်ပယ်အတော်များများကို တဖြည်းဖြည်းချင်း ဖျက်ဆီးနေသည့် အတွင်းမှ လှိုက်စားနေသော ကပ်ရောဂါတစ်ခုပင်ဖြစ်**
- ❑ **ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) တွင် အမှတ်စဉ် ၁၃၇ အဖြစ် မြန်မာနိုင်ငံက ၂-၁၂-၂၀၀၅ နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀-၁၂-၂၀၁၂ နေ့တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခဲ့**

**အများပြည်သူဆိုင်ရာ ကဏ္ဍ**

အများပြည်သူဆိုင်ရာကဏ္ဍတွင် အများပြည်သူဆိုင်ရာ အရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာဥပဒေများ၊ အများပြည်သူဆိုင်ရာ ဝယ်ယူမှုနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ အများပြည်သူသို့ အစီရင်ခံခြင်းများကို ဖော်ပြထားသည်။

**တရားဥပဒေစိုးမိုးရေး**

ပြစ်မှုအဖြစ် သတ်မှတ်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးအကြောင်းကို အခန်း ၃ တွင် ဖော်ပြသည်။ ပြည်သူ့အရာရှိက အဂတိလိုက်စားခြင်း၊ နိုင်ငံခြားပြည်သူ့အရာရှိနှင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့အဖွဲ့အစည်းတို့၏ အဂတိလိုက်စားမှု၊ အများပြည်သူဆိုင်ရာအရာရှိက ကျူးလွန်သော ငွေကြေးခိုးယူမှု၊ အလွဲသုံးစားမှုနှင့် ပစ္စည်းကို ပြောင်းလဲမှု၊ ဩဇာအာဏာ အလွဲသုံးခြင်း၊ လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်း၊ တရားမဝင်သော ချမ်းသာကြွယ်ဝမှု၊ ပုဂ္ဂလိကကဏ္ဍတွင် လာဘ်ပေးလာဘ်ယူပြုခြင်း၊ ပြစ်မှုကျူးလွန်ရာမှ ရရှိလာသော ငွေကြေးနှင့် ပစ္စည်းများကို ငွေဖြူအဖြစ် ပြောင်းလဲခြင်း၊ ဖုံးကွယ်ထားခြင်း၊ တရားစီရင်ရေးကို နှောင့်ယှက်ဟန့်တားခြင်း စသည်များ ပါဝင်ကြောင်း ဖော်ပြသည်။

**မြန်မာနိုင်ငံ**

ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) တွင် အမှတ်စဉ် ၁၃၇ အဖြစ် မြန်မာနိုင်ငံက ၂-၁၂-၂၀၀၅ နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀-၁၂-၂၀၁၂ နေ့တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခဲ့ပါသည်။

**ကော်မတီ**

လာဘ်ပေးလာဘ်ယူမှု၊ အရေးယူဆောင်ရွက်ရေးကော်မတီအား ၈-၁-၂၀၁၃ နေ့တွင် ဒုတိယသမ္မတ (ဥက္ကဋ္ဌ) အဖြစ် ဦးဆောင်ပြီး အဖွဲ့ဝင်ရှစ်ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

**ဥပဒေကြမ်း**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေမူကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမအစည်းအဝေးက ၂၅-၇-၂၀၁၃ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၁၇-၉-၂၀၁၃ ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ပါသည်။

**ကော်မရှင်**

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို ကောက်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦးတို့ဖြင့် ၂၅-၂-၂၀၁၄ နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

**အမည်ပြောင်းလဲခြင်း**

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်အား ၄-၈-၂၀၁၄ နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ဒုတိယအကြိမ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၃၀/၂၀၁၇ ဖြင့် ၂၃-၁၁-၂၀၁၇ နေ့တွင် ဥက္ကဋ္ဌ ဦးအောင်ကြည်ပါဝင်သော အဖွဲ့ဝင် ၁၂ ဦးကို တာဝန်ပေးအပ်ခဲ့ပါသည်။

**ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ**

မြန်မာနိုင်ငံသည် UNCAC အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ UNCAC အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်များကို စက်ဝန်းများ သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ဒေသတွင်းနိုင်ငံများအကြား နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ (MoU) လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း၊ နိုင်ငံတကာအစည်းအဝေးများ တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ပွင့်လင်းမြင်သာမှုအဖွဲ့**

နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့သည် အဂတိလိုက်စားခြင်းအပေါ် ရှုမြင်သုံးသပ်သည့် အညွှန်းကိန်း (CPI) ကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အများပြည်သူဆိုင်ရာကဏ္ဍတွင် ရှုမြင်သုံးသပ်ချက်များကို တိုင်းတာခဲ့ပါသည်။ ၁၉၉၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

**အဖွဲ့အစည်းများ**

CPI အတွက် ကိုးကားသည့်အချက်အလက်များမှာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ ကမ္ဘာ့စီးပွားရေးစောင့်ကြည့်လေ့လာသော ပညာရှင်အဖွဲ့များနှင့် ကမ္ဘာ့နိုင်ငံများ၊ နယ်မြေဒေသများ၏ လူမှုစီးပွား၊ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများကို စောင့်ကြည့်လေ့လာသောအဖွဲ့များ၏ လေ့လာတွေ့ရှိချက်များအပေါ် ထုတ်ပြန်ထားသည့် အနီးဆုံးနှစ်၏ အချက်အလက်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အခြေခံအချက်များ**

(က) လူမှုဘဝတည်ငြိမ်မှု
(ခ) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ မူဝါဒ အသွင်ကူးပြောင်းမှုများ
(ဂ) သယံဇာတအရင်းအမြစ်၊ ပစ္စည်း၊ ငွေကြေး (ဘဏ္ဍာ) များကို အသုံးချမှု
(ဃ) ပြည်သူ့ဝန်ထမ်းများ၏ အများပြည်သူဆိုင်ရာ လုပ်ငန်း၊ ဘဏ္ဍာငွေကြေး၊ ပစ္စည်းများအပေါ် ပြုမူဆောင်ရွက်မှုများ
(င) တာဝန်ယူမှု
(စ) ပွင့်လင်းမြင်သာမှု
(ဆ) တရားဥပဒေစိုးမိုးမှု
(ဇ) အခွင့်အာဏာရှိသူများ၊ နိုင်ငံရေးသမားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ပြုမူဆောင်ရွက်ချက်မှုများမှာ အခြေခံမေးမြန်းလေ့လာချက်များ ဖြစ်ပါသည်။

**သုံးသပ်ချက်**

(၁) အဂတိမှုနှင့် နိုင်ငံတကာ မည်သို့ဆက်စပ်ပတ်သက်ပါသလဲ။
(၂) မြန်မာနိုင်ငံက မည်သို့ UNCAC နှင့် ဆက်နွှယ်ပါဝင်သလဲ။
(၃) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် မည်သို့ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ပါသလဲ။
(၄) ပြည်သူလူထုနှင့် မည်သို့အကူအညီယူ ပါဝင်မည်ဖြစ်ပါသလဲ။ စသည့်အချက်များ သုံးသပ်နိုင်ပါပြီ။

**စေတနာ**

(၁) ကမ္ဘာ့အလယ်တွင် မြန်မာ့နယ်ပယ် ကျယ်ကျယ်ပြန့်ပြန့် ဂုဏ်ဒြပ်မြင့်မားစေပါမည်။
(၂) အဂတိမှုနှင့် နိုင်ငံတကာ သင်ခန်းစာများအကြောင်း တွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

## ရွှေဟောင်းကြေးခေါင်းလောင်းတစ်ခု တောင်ကုန်းဘုန်းကြီးကျောင်း၌ တွေ့ရှိ

ဖန်းမောက် မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် တောင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းပေါ်တွင် ကောဇာသက္ကရာဇ် ၁၂၀၈ ခုနှစ်စာတန်းပါ ကြေးဖြင့်သွန်းထားသော ရွှေဟောင်းခေါင်းလောင်းတစ်ခုရှိကြောင်း သိရသည်။

အဆိုပါ ကြေးခေါင်းလောင်းသည် ယခုအခါ ၁၇၁ နှစ် သက်တမ်းရှိပြီဖြစ်သည်။ ကြေးခေါင်းလောင်းနှင့်အတူ လက်ရာမြောက်စွာပင် လူရုပ်နှစ်ခုကိုလည်း ခေါင်းလောင်းကို ရွှေဟောင်းသစ်သားတုတ်တစ်ချောင်းဖြင့် ထမ်းထားသည့်ပုံစံဖြင့် တွေ့ရှိရပေသည်။

ယင်းကျေးရွာတွင် ကဒူးတိုင်းရင်းသားလူမျိုးများနေထိုင်သော ကျေးရွာလေးတစ်ရွာ ဖြစ်သည်။ ထိုကျေးရွာသည် ဖန်းမောက်မြို့၏ အနောက်တောင်ထောင့်တွင်ရှိပြီး ဖန်းမောက်မြို့နှင့် သုံးမိုင်ခန့်သာရှိသည်။ ကျေးရွာတွင် နေထိုင်ကြသူများမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ကြပေသည်။ အိမ်ခြေမှာ အရှေ့ရွာတွင် ၁၂ အိမ်ရှိပြီး တောင်ရွာတွင် ၂၈ အိမ်သာရှိသည်။ ရွာတွင် အိမ်ခြေနည်းပါးသော ကဒူးတိုင်းရင်းသားများ နေထိုင်ကြသည့် ကျေးရွာလေးတွင် ရွှေဟောင်းကြေးခေါင်းလောင်းတစ်ခုနှင့် ရွှေဟောင်းပန်းပု လူရုပ်နှစ်ခုအပါအဝင် ရွှေဟောင်းသစ်သားတုတ်တစ်ခုတို့ကို တောင်ကုန်းကဒူးလူမျိုးများနေထိုင်ကြသော ကျေးရွာလေးတွင် အလွယ်တကူ လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

တောင်ကုန်းကျောင်းထိုင်ဆရာတော်က ဦးပဍ္ဍင်းက "ဒီရှေးကျလှတဲ့ ကြေးခေါင်းလောင်းမပျောက်အောင် မပျက်စီးအောင် ဂရုစိုက်ပြီး စနစ်တကျ ထိန်းသိမ်းထားတာဖြစ်ပါတယ်၊ ဒါမှ ပြည်တွင်း၊ ပြည်ပက လေ့လာရေးခရီးသွားလာသူတွေ အလွယ်တကူ လေ့လာနိုင်အောင်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဖန်းမောက်မြို့နှင့် သိပ်မဝေးသောနေရာတွင် ရှေးဟောင်းကြေးခေါင်းလောင်းနှင့် ရှေးဟောင်းပန်းပုထုထားသော လူရုပ်နှစ်ခု ရှေးဟောင်းတုတ်တစ်ချောင်းတို့ကို တောင်ကုန်းဘုန်းတော်ကြီးကျောင်းပေါ်၌ လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

သန်းမောင်လေး (ကချင်မြေ)



ကဒူးတိုင်းရင်းသားကျေးရွာရှိ ရွှေဟောင်းကြေးခေါင်းလောင်းကို တွေ့ရစဉ်။

# စည်ပင်ရေမြောင်းဘေး၌ ကျူးကျော်ဖွင့်လှစ်သော ဈေးဆိုင်များမြေနေရာခနှင့် ဆိုင်ခန်းခများဈေးမြင့်တက်၍ ဈေးသည်များအခက်တွေ့

**ရန်ကုန် မတ် ၈**

ရန်ကုန်မြို့တွင် လူဦးရေအများဆုံးနေထိုင်ရာ မြို့နယ်တစ်ခုဖြစ်သော လှိုင်သာယာတွင် နှစ်စဉ်ကျူးကျော်နေထိုင်မှုနှင့် ကျူးကျော်ဈေးဆိုင်များ တစ်နှစ်ထက်တစ်နှစ်တိုးချဲ့ ဆောက်လုပ်မှုကြောင့် အများပြည်သူနှင့် ယာဉ်များသွားလာရေးခက်ခဲလာလျက်ရှိရာ မြို့နယ်၏ လူစည်ကားရာ မီးခွက်ဈေးလမ်းဆုံမီးပွိုင့်အနီးရှိ အမှတ် ၇ ရပ်ကွက်စိန်ပန်းမြိုင်လမ်းမကြီး စည်ပင်သာယာပိုင်ရေမြောင်းတစ်လျှောက်နံဘေးတွင် အခြေချနေထိုင်သော ဈေးဆိုင်များဆောက်လုပ်ငှားရမ်းမှု တိုးပွားလာသောကြောင့် အများပြည်သူသွားလာရေး ခက်ခဲလျက်ရှိကြောင်း သိရသည်။

"မီးခွက်ဈေးလမ်းဆုံနားက စိန်ပန်းမြိုင်လမ်းမကြီး အရင်က လမ်းဆိုးတယ်၊ နိုင်ငံတော်က ကွန်ကရစ်လမ်းခင်းလိုက်တော့ ပြည်သူတွေသွားလာရေးအဆင်ပြေသွားတယ်၊ အခုအရေးပေါ်လူနာတင်ယာဉ်တောင်သွားဖို့ မလွယ်တော့ဘူး၊ လမ်းဘေးစည်ပင်မြောင်းပေါ်မှာ ဆိုင်တွေဆောက်ပြီးနေကြတာ ပိုများလာပြီ၊ ငှားစားတဲ့ ဆိုင်တွေလည်း များလာတယ်၊ လှိုင်သာယာမှာ ကျူးကျော်ဆောက်တဲ့ အိမ်၊ အဆောင်၊ ဈေးဆိုင်တွေကို မဟန့်တားနိုင်တဲ့ အကျိုးဆက်ကအုပ်ချုပ်ရေးနဲ့တရားဥပဒေစိုးမိုးရေးကို ပိုပြီးထိခိုက်လာနေပြီ"ဟု လမ်းမတွင် နေထိုင်သော ဦးလွင်စိုးက ပြောသည်။

မီးခွက်ဈေးလမ်းဆုံအမှတ် ၇ ရပ်ကွက် အုန်း၊ငှက်ပျောတန်းနေရာသည် စည်ပင်သာယာမှ ပန်းခြံအဖြစ် စီမံချက်ထားရှိခဲ့ပြီး ရှင်းလင်းစဉ်ခဏသာ ဈေးဆိုင်များဖယ်ရှား၍ တစ်ပတ်ကြာလျှင် ပြန်လည်ဖွင့်လှစ်သောကြောင့် ယနေ့တွင် အုန်း၊ ငှက်ပျောဆိုင်များ ညအိပ်ဈေးဆိုင်များအဖြစ် တိုးလာသည်မှာ နှစ်ချီကြာလာပြီဖြစ်ပြီး မီးခွက်ဈေးလမ်းဆုံမီးပွိုင့်အောက်နှင့် တံတားပေါ်တွင်ဖွင့်လှစ်ထားသော သစ်သီးဆိုင်များမှာလည်း ယနေ့တိုင် ရှင်းလင်းမှုမလုပ်နိုင်သောကြောင့် ဆိုင်ခန်းနေရာများပို၍ ခိုင်မာလာကာ (၇×၈)ပေနေရာ အကျယ်တစ်နေရာလျှင်တစ်လငွေကျပ်နှစ်သိန်းဖြင့်သစ်သီးရောင်းသူများ ငှားရမ်းရောင်းချရလျက်ရှိကြောင်း သိရသည်။



"ဒီနေရာမှာရောင်းတာ တစ်နှစ်ကျော်ပြီ၊ တစ်လရှစ်သောင်းပေးပြီးရောင်းလာတာ၊ အခုနှစ်သိန်းဖြစ်သွားပြီ၊ ဒါက စည်ပင်သာယာပိုင်မြေနေရာလေ၊ ဈေးသည်အချင်းချင်း ပြန်ငှားတာရှိသလို၊ လမ်းတစ်ဖက်ကအိမ်တွေက ငှားတာလည်း ရှိတယ်၊ တစ်လတစ်လကိုဆိုင်နေရာခအရင်ရှာရတာ၊ လှိုင်သာယာ မီးခွက် ဈေးလမ်းမှာငှားပြီးဖွင့်တဲ့ ဆိုင်ကများတယ်"ဟု သစ်သီးမျိုးစုံရောင်းချသော ဆိုင်ရှင်အမျိုးသမီးက ပြောသည်။

ဈေးသည်တစ်ဦးလျှင် အိမ်ရှင်အား ဈေးဗန်းတစ်ချပ်တစ်ထောင်၊ ရွှေနဝလီဝယ်သောသုံးပေပတ်လည် ဗီရိုတစ်နေရာစာလျှင် တစ်လငွေကျပ်သုံးသိန်းပေးရသောကြောင့် ယင်းလမ်းတစ်လျှောက် မြေနေရာများတွင်လည်း ဆိုင်ခန်းများဆောက်လုပ်ငှားရမ်းမှု တိုးပွားလာကာ ဈေးရောင်းချလိုသူ များလာသောကြောင့် မြေနေရာနှင့် ဆိုင်ခန်းခများလည်း မြင့်တက်လာသည့်အတွက် ဈေးသည်များ အခက်အခဲကြုံတွေ့လာရကြောင်း သိရသည်။

**၁၆၄ ဓာတ်ပုံ-သန်းစိုး**

# ပွင့်လင်းရာသီ၌ ချင်းတောင်သွားလမ်းပိုင်းများကောင်းလာ၍ ရိဒ်ဒေသကုန်စည်တင်ပို့မှုများလာ

**ရိခေါဒါရ် မတ် ၈**

မိုးရာသီကာလက ပျက်စီးခဲ့သည့် ချင်းတောင်သွားလမ်းပိုင်းများကို ပွင့်လင်းရာသီတွင် အကြီးစားပြုပြင်မှုများဆောင်ရွက်လျက်ရှိရာမှ ယခုအခါလမ်းပိုင်းများလည်း ပိုမိုကောင်းမွန်လာပြီး ချင်းပြည်နယ် မြောက်ပိုင်းဒေသနှင့် မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်ဒေသတို့မှ ကုန်စည်ဝယ်ယူမှု များလာကြောင်း ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

ရိဒ်နယ်စပ်ခရီးစဉ်တွင် ပွင့်လင်းရာသီလမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည့် နှစ်ဆန်းပိုင်းမှ စတင်၍ ကလေး- မြန်မာ- အိန္ဒိယနယ်စပ်ရိဒ်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် ရောင်းဝယ်မှု ပိုမိုသွက်လက်လာခဲ့သည့်အတွက် ကုန်သည်များနှင့် နယ်စပ်ပြေးဆွဲနေသည့် ကုန်စည်ပို့ဆောင်ရေး ယာဉ်များတွက် ခြေကိုက်ဝင်ငွေကောင်းနေပြီး ကလေးစက်မှုဇုန်ထုတ် ဟိုင်မွာလ်ဂျစ်ကားများ၊ SKAT- Forland ကားများနှင့် ကုန်တင်မော်တော်ယာဉ်များ ပြေးဆွဲသည့်အပြင် ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ တီးတိန်နှင့် တွန်းဇံမြို့များသို့ ခြောက်ဘီးကားများနှင့် ၁၀ ဘီးကားများပြေးဆွဲနေကြောင်း ရိဒ်နယ်စပ်မှ ကုန်သည် ဦးထန်းငါကပြောသည်။

ယခုရက်ပိုင်း ရိဒ်နယ်စပ်တွင် ကွမ်းသီး၊ ကြွပ်ကြွပ်အိတ်၊ မီယာစောင်၊ မိန်းမစီးဖိနပ်၊ တောစီးဖိနပ်၊ ပလတ်စတစ်ပစ္စည်းမျိုးစုံ၊ အရက်မျိုးစုံ၊ ဘီယာ၊ ဖျော်ရည်ဘူး၊ မုန့်မျိုးစုံ၊ စီးကရက်မျိုးစုံတို့ အရောင်းအဝယ်ဖြစ်ပြီးအပြန်ကုန်စည်များအဖြစ် တောင်သူသုံးဓာတ်မြေဩဇာနှင့် အိန္ဒိယဆိုင်ကယ်များလည်း အရောင်းအဝယ်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။ ချင်းတောင်ခြေ ကလေးမြို့ကိုအခြေပြု၍ ချင်းပြည်နယ်မြောက်ပိုင်းမြို့များဖြစ်သည့် ကလေး - ဖလမ်း- ဟားခါး- ထန်တလန်မြို့များ သို့လည်း



ကောင်း၊ ကလေး- တီးတိန်- တွန်းဇံ-ကျီခါး မြို့များသို့ လည်းကောင်း၊ ကလေး- တီးတိန်- ရိခေါဒါရ်မြို့နှင့် မြန်မာ- အိန္ဒိယနယ်စပ်သို့လည်းကောင်း ပြေးဆွဲသည့်ကားအသင်းပေါင်း ၃၅ သင်းခန့်ဝန်းကျင်ရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# ရွှေချောင်းမြစ်ရေတင်ရေသောက်ဧရိယာ၌ SRI နည်းဖြင့် စိုက်ပျိုး

**ရေစကြို မတ် ၈**

ရေစကြိုမြို့နယ် ညောင်ဇောက်ကျေးရွာအုပ်စု ရွှေချောင်းလျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် မနောသုခမျိုးစေ့ထုတ်စပါးကို SRI စိုက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော့်စပါးစိုက်ကွင်းက ၁ ဒသမ ၅ ဧကပဲ ရှိပါတယ်၊ အရင်နှစ်တွေကတော့ ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ခဲ့တာပါ၊ ယခုနှစ်မှာတော့ မနောသုခစပါးမျိုးကို ပြောင်းလဲပြီး မျိုးစေ့ထုတ်စိုက်ပျိုးထားခြင်းဖြစ်ပါတယ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက SRI နည်းစနစ်နဲ့စိုက်ပျိုးဖို့နည်းပညာ ပံ့ပိုးပေးသလိုမနောသုခမျိုးသန့်စပါးမျိုးစေ့ကိုလည်း ဖြန့်ဖြူးပေးပါတယ်၊ SRI နည်းစနစ်နဲ့စိုက်တဲ့အတွက် မျိုးစေ့ဖိုးသက်သာတာကတော့ လက်တွေ့ပါပဲ၊ ၁ ဒသမ ငါးဧကအတွက် ဒေသဓလေ့အရပျိုးထောင်ရင် မျိုးစေ့တစ်တင်းခွဲနှစ်တင်း လောက်ကုန်ပါတယ်၊ အခု SRI နည်းကတော့မျိုးစေ့ ကိုးပြည်ပဲကုန်ပါတယ်၊ စိုက်တဲ့စနစ်ကပင်ကြားတန်းကြား (၁၀×၁၀)လက်မတစ်ကျင်းကို ပျိုးပင်တစ်ပင်နှုန်းစိုက်ပါတယ်၊ ယခု ၁၅ ရက်သားမှာ တမန်းနိုးကြားပေါင်းလိုက်နေခြင်း ဖြစ်ပါတယ်၊ အခုကြားပေါင်းလိုက်တမန်းနိုးတဲ့က ကုန်ကျစရိတ်သက်သာပြီးထိရောက်ပါတယ်၊ လူငှားရင်ငွေကျပ် ၁၀၀၀၀ ကျော်လောက် ကုန်ကျပြီး ယခုစက်အသုံးပြုတဲ့အခါ ဓာတ်ဆီ ၄ လီတာကုန်တော့ငွေကျပ် ၄၀၀၀ ပဲ ကုန်ကျပါတယ်၊ ပြီးတော့ စက်ရဲ့အားသာချက်က စပါးပင်တန်းရဲ့တစ်ဖက်စီမှာ ရေမြောင်းဖောက်သလိုမျိုး ဖြစ်နေတော့ စပါးပင်ကြီးထွားသန်စွမ်းမှုကို ဖြစ်ထွန်းစေပါတယ်၊ အခုစိုက်တဲ့ မနောသုခက မျိုးစေ့ထုတ်သီးသန့်ဖြစ်တဲ့အတွက် ထွက်ရှိလာမယ့်စပါးမျိုးသန့်မျိုးစပါးကို ဒေသတွင်းမှာရှိတဲ့တောင်သူတွေကို ပြန်လည်ဖြန့်ဖြူးရောင်းချပေးသွားမှာပါ"ဟု တောင်သူဦးချစ်အေးက ပြောသည်။

**ဖေထွေးဇော်(ရေစကြို)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့က သောက်သုံးရေနည်းပါးသောကျေးရွာသို့ ရေလှူဒါန်း

**နွားထိုးကြီး မတ် ၈**

နွားထိုးကြီးမြို့နယ် သင်းတယားကျေးရွာအုပ်စု ထန်းတောမကျေးရွာရှိအောင်သုခကျောင်းတိုက်သို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုးဦးဆောင်မှုဖြင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များက မတ် ၆ရက်တွင် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



အဆိုပါ ကျောင်းတိုက်တွင် ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ထားပြီး ကျောင်းသားကျောင်းသူ ၄၀၀ ကျော်အား သောက်သုံးရေပြတ်လပ်မှုမရှိစေရန်နှင့် ကျေးရွာအတွင်း အများသုံးသောက်ရေကန်တွင်လည်း လှူဒါန်းခဲ့သည်။ ထန်းတောမကျေးရွာသည် ရာသီဥတုပူပြင်းခြင်းကြောင့် အောက်ခံရေစုပ်ယူမှုများ၍ ရေတွင်းရေကန်များရေလျော့နည်းကာ သောက်သုံးရေနည်းပါးမှုဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါကျောင်းတိုက်သို့ မေတ္တာမွန်လူမှုကူညီရေးအသင်း မှ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်(ပြန်/ဆက်)**

# ပြခန်းယာဉ်ဖြင့် မူခင်းကျဆင်းရေး ဟောပြော

**ရမည်းသင်း မတ် ၈**

ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ ဈေးကွက်သစ် သစ္စာရတနာခန်းမရှေ့၌ မတ် ၅ ရက်က မူခင်းကျဆင်းရေး အသိပညာပေး ပြခန်းယာဉ်ဖြင့် ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ ပြသခြင်း၊ ရဲမှူးမြင့်ရွှေက မူခင်းကျဆင်းရေး၊ လူသတ်မှု၊ မုဒိမ်းမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပြီးနောက် ဒုရဲမှူးဝင်းညွန့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။

အခမ်းအနားသို့ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာဆရာမ သုံးဦး ၊ ကျောင်းသားကျောင်းသူ ၃၀၀ နှင့် ရွာတန်းကျေးရွာအုပ်စု ၂၄ ရွာမှ ပြည်သူ ၁၅၀ ၄၅၃ ဦးတို့အား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ တက်ရောက်လာသူ ပြည်သူများမှ သိလိုသည်များမေးမြန်းမှုကို ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

# မြစ်သားမြို့၌ Book Club အသင်းဖွဲ့စည်းဆောင်ရွက်

**မြစ်သား မတ် ၈-** မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ စာဖတ်သည့်အခါ စာအုပ်တစ်အုပ်ကို နက်နက်ရှိုင်းရှိုင်းခွဲခြမ်းစိတ်ဖြာသုံးသပ်ဝေဖန် ဖတ်ရှုမှတ်သားသည့် အလေ့အထများထွန်းကားစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့ခံစာပေဝါသနာရှင်များက ပူးပေါင်းကာ Book Club အသင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၆ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ အဆိုပါ Book Club အသင်းသည် စာဖတ်ဝိုင်းများ ဆွေးနွေးရာတွင် ရှုထောင့်စုံ၊ ကဏ္ဍအလိုက်ခေါင်းစဉ်များခွဲ၍ ဆွေးနွေးခြင်း၊ စာဖတ်ဝိုင်းများကိုပို၍စည်ကားလာစေရန် ဒေသခံစာရေးဆရာကြီးများ၊ အတွေ့အကြုံရှိ ပုဂ္ဂိုလ်များနှင့် ပညာရှင်များကို ဖိတ်ခေါ်၍ ၎င်းတို့၏ စာပေရေးရာများ၊ ဗဟုသုတများကို မျှဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ဇီးကုန်းမြို့ အရှေ့ဘက်ကျေးရွာများ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန် ရန်ပုံငွေပေးအပ်

**ပဲခူး မတ် ၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ အရှေ့ဘက်ခြမ်းရှိ ရွာဝိုင်းကြီးအုပ်စုရွှေဖလားကျေးရွာ၌ ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၃၃၀၀ တည်ဆောက်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၅ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်လှဲ့လှဲ့မွန်နှင့် ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ဒေသခံရွာသူရွာသားများတက်ရောက်ကြပြီး ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀ ကို မြို့နယ် ကျေးလက်ဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။ **ကိုသက်(ဇီးကုန်း)**

## ဖယ်လာနီအား ကမ်းလှမ်းရန် ပီအက်စ်ဂျီအသင်း စီစဉ်



ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် မန်ယူအသင်း ကွင်းလယ်ကစားသမား ဖယ်လာနီအား ခေါ်ယူရေးအတွက် ကမ်းလှမ်းမှုတစ်ခုပြုလုပ်ရန် စီစဉ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၂၉ နှစ်အရွယ်ရှိ ဘယ်ဂျီယံကစားသမား ဖယ်လာနီနှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်ပြီး ဖယ်လာနီသည် မန်ယူအသင်းက စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းပယ်ထားခြင်းကြောင့် နွေရာသီဈေးကွက် ကာလအတွင်းတွင် မန်ယူအသင်းသည် ဖယ်လာနီအား ပြောင်း ရွှေ့ကြေးအလွတ်ဖြင့် လက်လွှတ်ရမည်ဖြစ်သည်။ မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုက ဖယ်လာနီအား မန်ယူအသင်းအတွက် အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ထားကာ အသင်းတွင် ဆက်ရှိနေစေရန်လိုလားသော်လည်း ဖယ်လာနီအနေဖြင့်မူ နွေရာသီဈေးကွက်ကာလအတွင်းတွင် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် လိုလားနေသည်ဟု ဆိုသည်။

ပီအက်စ်ဂျီအသင်းသည် အဲဗာတန်ကစားသမားဟောင်း ဖယ်လာနီအား လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမည်ဖြစ်ပြီး တစ်နှစ်လုပ်ခငွေအဖြစ် အခွန်ဆောင်ပြီး ပေါင် ၅.၄ သန်းဖြင့် ကမ်းလှမ်းသွားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ပြင်သစ်သတင်းစာတစ်စောင်က ရေးသားဖော်ပြခဲ့သည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် အဲဗာတန်မှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူ ကွင်းလယ်ကစားသမား ဖယ်လာနီသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ၁၆ ပွဲ ပါဝင်ကစားခွင့် ရရှိထားကာ လေးဂိုးသွင်းယူထားဖြစ်သည်။

ကွင်းလယ်ကစားသမား ဖယ်လာနီအား တူရကီကလပ် ဘက်ရှီးတပ်စ်အသင်း၊ အီတလီကလပ်များဖြစ်သည့် ဂျူဗင်တပ်၊ အေစီမီလန်နှင့် ရိုးမားအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေပြီး ပီအက်စ်ဂျီအသင်းသည် ဖယ်လာနီအား ခေါ်ယူနိုင်ရေးအတွက် အလားအလာအကောင်းဆုံးအသင်းအဖြစ် ရှိနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

**ထက်အောင်**

## အာဆင်ဝင်းဂါး အာဆင်နယ်မှ ထွက်ခွာရန် မဲပေးမှု များပြား

စစ်တမ်းကောက်ယူမှုတစ်ခုအရ ပရီမီယာလိဂ်ကလပ် အာဆင်နယ် အသင်းမန်နေဂျာ အာဆင်ဝင်းဂါးအား လာမည့်နွေရာသီအတွင်းတွင် အသင်းမှထွက်ခွာရန် မဲပေးမှုအများအပြားရှိခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အာဆင်နယ်အသင်း၏ ပရိသတ် အစုအဖွဲ့တစ်ခုဖြစ်သည့် Arsenal Supporters' Trust က ပြီးခဲ့သည့် တနင်္လာနေ့တွင် ပြုလုပ်ခဲ့သည့် အသင်း၏ နှစ်ပတ်လည်အစည်းအဝေးမတိုင်မီတွင် အာဆင်ဝင်းဂါး၏ အနာဂတ်နှင့်ပတ်သက်၍ online မှတစ်ဆင့် အဖွဲ့ဝင်များ၏ ဆန္ဒသဘောထားကို ကောက်ယူခဲ့ခြင်းဖြစ်သည်။ မဲပေးမှုအရ လာမည့်ရာသီတွင် မန်နေဂျာအာဆင်ဝင်းဂါးအား အာဆင်နယ်အသင်း မန်နေဂျာအဖြစ် ဆက်ရှိစေလိုသည်ဟု မဲပေးမှုအရေအတွက်မှာ ခုနစ်ရာခိုင်နှုန်းသာရှိခဲ့ပြီး မဲပေးသူ၏ ၈၈ ရာခိုင်နှုန်းသည် လာမည့်နွေရာသီအတွင်း အာဆင်နယ်အသင်းမှ အာဆင်ဝင်းဂါး ထွက်ခွာသွားသင့်သည်ဟု မဲပေးခဲ့ကြသည်။ ကျန်ငါးရာခိုင်နှုန်းကမူ ကြားနေမဲအဖြစ် ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ပြင်သစ်လူမျိုး အာဆင်ဝင်းဂါးနှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၈-၂၀၁၉ ခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။ အာဆင်နယ်အသင်း ပရိသတ်များသည် အာဆင်ဝင်းဂါးအားအသင်းမှ ထွက်သွားရန် ရေးသားထားသည့် စာတန်းများကို ကိုင်ဆောင်ဖော်ပြမှုများ ပြုလုပ်လျက်ရှိသည်။

မန်နေဂျာ အာဆင်ဝင်းဂါးကမူ မိမိသည် အာဆင်နယ်အသင်း၏ အနာဂတ်ကို ပြောင်းလဲပေးရန် အသင့်တော်ဆုံး မန်နေဂျာအဖြစ် ရှိနေဆဲဖြစ်သည်ဟု ဖွင့်ဟပြောဆိုထားသည်။

"ပရိသတ်တွေ စိတ်ပျက်မှုကို ကျွန်တော်နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ဟာ အာဆင်နယ်အသင်းအတွက် သင့်တော်တဲ့ မန်နေဂျာတစ်ဦးအဖြစ် ရှိနေဆဲဖြစ်ပါသလားဆိုရင်တော့ ဟုတ်ပါတယ်လို့ပဲ ပြောရမှာပါ၊ မန်နေဂျာတစ်ဦးရဲ့ စွမ်းရည်က ဝေဖန်မှုတွေကို အတတ်နိုင်ဆုံး နည်းပါးအောင် လုပ်ဆောင်နိုင်စွမ်းရှိဖို့ဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီလိုလုပ်ဆောင်နိုင်စွမ်းရှိတယ်လို့ ယုံကြည်ထားပါတယ်"ဟု မန်နေဂျာ အာဆင်ဝင်းဂါးက ပြောဆိုခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ၏ ပရီမီယာလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိရန် အလှမ်းဝေးနေသကဲ့သို့ အက်ဖ်အေဖလားနှင့် ကားလင်းဖလားပြိုင်ပွဲများတွင်လည်း အောင်မြင်မှုရယူနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပရိသတ်များသည် အာဆင်ဝင်းဂါးအပေါ် ဝေဖန်ပြစ်တင်မှုများ ပြုလုပ်လျက်ရှိသည်။ အာဆင်နယ်အသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိနေဆဲဖြစ်သော်လည်း ၁၆ သင်း ရှုံးထွက်အဆင့်တွင် အေစီမီလန်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သောကြောင့် အခက်အခဲနှင့် ကြုံတွေ့ရဖွယ် ရှိနေသည်။

**ထက်အောင်**

## အက်စတိုရီအား ဂုဏ်ပြုသည့်အနေဖြင့် နံပါတ် ၁၃ ဂျာစီကို အနားပေး

ပြီးခဲ့သည့် မတ်လ ၄ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားခဲ့သူ ဖီယိုရင်တီးနားအသင်းကပ္ပတိန် ဒေးဗစ် အက်စတိုရီအား ဂုဏ်ပြုသည့်အနေဖြင့် ဖီယိုရင်တီးနားအသင်းနှင့် ကယ်ဂလီယာရီအသင်းတို့သည် အက်စတိုရီ ဝတ်ဆင်ကစားခဲ့သည့် ကျောနံပါတ် ၁၃ ဂျာစီအား အနားပေးသွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီခံစစ်မှူး အက်စတိုရီသည် ဖီယိုရင်တီးနားအသင်းနှင့်အတူ ဟိုတယ်တွင် တည်းခိုနေစဉ်အတွင်း ဟိုတည်ခန်း၌ အိပ်စက်နေရာမှ ပြန်လည်နိုးထလာခြင်းမရှိဘဲ ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ခံစစ်မှူး အက်စတိုရီသည် အသက်(၃၁ နှစ်)အရွယ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကာ ချစ်သူဖီအိုရက်တီနှင့် နှစ်နှစ်အရွယ်သမီး ဗစ်တိုးရီးယားတို့ ကျန်ရစ်ခဲ့သည်။

အေစီမီလန်အသင်းတွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ စတင်ခဲ့သူ အက်စတိုရီသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကယ်ဂလီယာရီအသင်းတွင် ပါဝင်ကစားခဲ့ကာ ၂၀၁၅ ခုနှစ်တွင် ဖီယိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ဖီယိုရင်တီးနားအသင်းသည် ခံစစ်မှူး အက်စတိုရီအား ဂုဏ်ပြုသည့်အနေဖြင့် ပြီးခဲ့သည့် တနင်္လာနေ့တွင် အက်စတိုရီကို လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။ အဆိုပါစာချုပ်အရ ဖီယိုရင်တီးနားအသင်းသည် အက်စတိုရီအတွက် တစ်နှစ်လုပ်ခငွေအဖြစ် ပေါင် ၁.၁၅ သန်း ပေးချေရမည်ဖြစ်ကာ အဆိုပါ ငွေကြေးများအား အက်စတိုရီ၏ချစ်သူနှင့် သမီးငယ်တို့ကို ပေးအပ်သွားမည်ဖြစ်သည်။

ဖီယိုရင်တီးနားအသင်းက အသင်း၏ တွစ်တာစာမျက်နှာတွင် "အက်စတိုရီကို ဂုဏ်ပြုပြီး ကယ်ဂလီယာရီအသင်းနဲ့ ဖီယိုရင်တီးနားအသင်းတို့က နံပါတ် ၁၃ ဂျာစီကို အနားပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်" ဟု ရေးသားဖော်ပြခဲ့သည်။

အီတလီလက်ရွေးစင်အသင်းအတွက် ၁၄ ပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုးသွင်းယူနိုင်ခဲ့သူ ခံစစ်မှူး အက်စတိုရီသည် ယခုနှစ်ဘောလုံးရာသီတွင် ဖီယိုရင်တီးနားအသင်းအတွက် ၂၇ ပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုးသွင်းယူပေးခဲ့သူ ဖြစ်သည်။

**ထက်အောင်**

# PFA ရဲ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဘယ်သူရမလဲ

**PFA ရဲ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဘယ်သူရမလဲ။ ဒါဟာနှစ်တိုင်းတော့ လူတိုင်းက စိတ်ဝင်တစားနဲ့ သိချင်ကြတဲ့အရာလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာလည်း အတောက်ပဆုံး ကစားသမားတွေကတော့ ဒီဆုကိုရဖို့အတွက် အခွင့်အရေးအများဆုံး ရှိကြတဲ့သူတွေဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ထိပ်တန်းတိုက်စစ်မှူးနှစ်ဦးဖြစ်တဲ့ ဟယ်ရီကိန်း၊ ဆာလတ်တို့နဲ့အပြိုင် PFA ဆုကိုရရှိဖို့ ရေပန်းစားနေသူကတော့ ဒီဘရူနီဖြစ်ပါတယ်။ သူတို့ သုံးဦး လုံးကတော့ ဒီနှစ်ရာသီအတွက် PFA တစ်နှစ်တာအကောင်းဆုံးဆုကို ရရှိဖို့အတွက် အခွင့်အရေးအများဆုံး ရှိနေသူတွေလို့ပြောရမှာပါ။ ဘယ်သူရရှိမယ်ဆိုတာကတော့ သူတို့ရဲ့ခြေစွမ်းတွေနဲ့ ဒဏ်ရာကင်းလွတ်နိုင်မှုတွေက အဓိကကျမယ်လို့လည်း ပြောရမှာပါ။**

**ဒီဘရူနီ**





ဒီနှစ်ရာသီမှာ အကောင်းဆုံးကစားသမားတွေ အများကြီးကြားထဲမှာမှ ဒီဘရူနီရဲ့ ခြေစွမ်းကတော့ ထင်ရှားလွန်းတယ်လို့ ပြောရမှာပါ။ သူဟာ ဆာလတ်၊ ဟယ်ရီကိန်းတို့လောက် ဂိုးတွေသွင်းယူပေးထားတာ မဟုတ်ပေမယ့် ခုနစ်ဂိုးသွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် ၁၄ ကြိမ်ပံ့ပိုးပေးထားသူလည်း ဖြစ်ပါတယ်။ ဒါ့အပြင်သူ့အနေနဲ့ ထူးခြားတာက အခြားတိုက်စစ်မှူးနှစ်ဦးနဲ့ မတူတဲ့ ခြေစွမ်းမျိုးရှိနေတာ ဖြစ်ပါတယ်။ ဆာလတ်နဲ့ဟယ်ရီကိန်းတို့ဟာ တချို့ပွဲတွေမှာ ခြေစွမ်းပြကစားနိုင်ခြင်းမရှိဘဲ ဂိုးပေါက်ပျောက်မှုတွေ ရှိနေခဲ့ပေမယ့် ဒီဘရူနီကတော့ ပုံမှန်အားဖြင့် အသင်းအတွက် အကောင်းဆုံး ကူညီမှုတွေ ပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒီဘရူနီဟာ မန်စီးတီးအသင်းမှာဆိုရင်လည်း သူ့ကစားနိုင်မှုရာခိုင်နှုန်းဟာ ၇.၉၂ ရာခိုင်နှုန်းရှိပြီး မန်စီးတီး ကစားသမားတွေထဲမှာတော့ အမြင့်ဆုံးလည်းဖြစ်ပါတယ်။ ဘောလုံးပေးပို့နိုင်မှုဆိုရင်လည်း တိကျမှုဟာ ၈၄.၃ ရာခိုင်နှုန်းရှိသူလည်း ဖြစ်ပါတယ်။ သူဟာ တစ်ပွဲချင်းစီအလိုက် အကောင်းဆုံးကစားသမားဆုကိုလည်း ခုနစ်ကြိမ် ရရှိထားခဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ PFA တစ်နှစ်တာ အကောင်းဆုံးဆုအတွက် စဉ်းစားတဲ့နေရာမှာတော့ ဒီဘရူနီဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတာလည်း ဖြစ်ပါတယ်။




**ဆာလတ်**

ဆာလတ်ဟာ ဒီနှစ်ရာသီမှာ လီဗာပူးအသင်းကို ရိုးမားအသင်းကနေ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ ဆာလတ်ဟာ လီဗာပူးအသင်းကို ပြောင်းရွှေ့လာခဲ့တဲ့တစ်ပြိုင်နက် မန်နေဂျာ ဂျာဂျင်ကလော့ရဲ့လက်အောက်မှာ ခြေစွမ်းပြကစားနိုင်နေသူလည်း ဖြစ်ပါတယ်။ ဆာလတ်ဟာ ဒီနှစ်ရာသီမှာတော့ လီဗာပူအသင်းနဲ့အတူ ၂၄ ဂိုးအထိ သွင်းယူပေးထားပြီး ဂိုးရရှိဖို့အတွက် ရှစ်ကြိမ်တိုင် ပံ့ပိုးပေးထားသူလည်းဖြစ်ပါတယ်။ ဒါဟာ ဆွာရက်ဇ်ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း လီဗာပူးအသင်းရဲ့ ဂိုးအများဆုံးသွင်းယူနိုင်တဲ့ တိုက်စစ်မှူး တစ်ဦးလို့လည်း ပြောရမှာပါ။ ဒါ့အပြင် သူဟာ တောင်ပံကစားသမားတစ်ဦး ဖြစ်ပေမယ့် ဗဟိုတိုက်စစ်မှူးတွေနဲ့အပြိုင် ဂိုးသွင်းယူနိုင်တာကလည်း သူ့ရဲ့ အရည်အချင်းတွေလို့ ပြောရမှာပါ။ သူဟာ ညာတောင်ပံကနေ ဘယ်ခြေတွေနဲ့ အံ့သြဖွယ်ရာ ဂိုးတွေသွင်းယူပေးနေသူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိ ခြေစွမ်းတွေအရတော့ ဒီနှစ်ရာသီကုန်မှာလည်း ပရီမီယာလိဂ် ရွှေဖိနပ်ဆု အတွက် ဟယ်ရီကိန်းနဲ့အပြိုင် ရှိနေသူလည်းဖြစ်ပါတယ်။ ဆာလတ်ရဲ့ စွမ်းဆောင်မှုရာခိုင်နှုန်းဟာ လက်ရှိအချိန်မှာတော့ လီဗာပူးအသင်းမှာ အမြင့်ဆုံးအဖြစ် ရှိနေပြီး ၇.၇၃ ရာခိုင်နှုန်း ရှိပါတယ်။ ဒါဟာ လီဗာပူးလက်ရှိ ကစားသမားတွေထဲမှာတော့ အမြင့်ဆုံးလည်းဖြစ်ပါတယ်။

**ဟယ်ရီကိန်း**




ဟယ်ရီကိန်းရဲ့ခြေစွမ်းကတော့ ဒီနှစ်ရာသီမှာလည်း အကောင်းဆုံးရှိနေခဲ့တာကြောင့် ပရီမီယာလိဂ်မှာသာမက ဥရောပအဆင့်မှာပါ ထိပ်တန်း အဆင့်ဝင်နေတဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာတော့ သူဟာ ပရီမီယာလိဂ်မှာ ၂၄ ဂိုးအထိ သွင်းယူပေးထားပြီး ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို တတိယအကြိမ်မြောက် ရယူနိုင်ဖို့ နီးစပ်နေတဲ့သူလည်း ဖြစ်ပါတယ်။ လက်ရှိခြေစွမ်းတွေအရ ပြောရမယ်ဆိုရင်လည်း သူဟာစပါးအသင်း ကစားသမားတွေကြားထဲမှာတော့ စွမ်းဆောင်မှု အကောင်းဆုံးဖြစ်နေပြီး ၇.၇၅ ရာခိုင်နှုန်းရှိပါတယ်။ သူ့ရဲ့ ဘောလုံးပေးပို့ရာမှာ တိကျမှုကတော့ ၇၁.၈ ရာခိုင်နှုန်းသာရှိပြီး ဒီဘရူနီ၊ ဆာလတ်တို့ထက် နိမ့်ကျပါတယ်။ ဒါပေမယ့် အမြင့်ဘောတွေနဲ့ ပတ်သက်လာရင်တော့ သူဟာအခြားကစားသမား နှစ်ဦးထက် ပိုအားသာတယ်လို့ ပြောရမှာပါ။ အမြင့်ဘော စွမ်းဆောင်မှုတွေမှာတော့ ဆာလတ်ဟာ ၀.၄၊ ဒီဘရူနီက ၀.၅ ရှိပေမယ့် ဟယ်ရီကိန်းရဲ့ စွမ်းဆောင်မှုကတော့ ၁.၅ ရှိပါတယ်။ လက်ရှိပြိုင်ပွဲတွေအတွင်း အကောင်းဆုံး ကစားသမားဆု ရရှိထားခဲ့မှုကိုကြည့်မယ်ဆိုရင်လည်း ဟယ်ရီကိန်းက ရှစ်ကြိမ် အများဆုံးရရှိထားသူဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီအတွက် PFA ရဲ့တစ်နှစ်တာအကောင်းဆုံးဆုကို စဉ်းစားတဲ့နေရာမှာတော့ ဟယ်ရီကိန်းဟာ လုံးဝချန်ထားလို့မရတဲ့ ကစားသမားလို့သာပြောရမှာ ဖြစ်ပါတယ်။

**— အောင်က —**

# ဒုတိယနေရာအတွက် အများမခံတဲ့ အနီရောင်တိုက်ပွဲ



ပရီမီယာလိဂ်ပွဲစဉ် ၃၀ ကို မတ်လ ၁၀၊ ၁၁၊ ၁၃ ရက်နေ့တွေမှာကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ မန်ယူနဲ့လီဗာပူးတို့ ဆုံတွေ့နေပါတယ်။ ဒီပွဲစဉ်ဟာနှစ်သင်းစလုံးအတွက် ဒုတိယနေရာရယူနိုင်ဖို့ အရေးပါတဲ့ပွဲဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းနေကာ ချယ်လ်ဆီး၊ အာဆင်နယ်တို့ နိုင်ပွဲပြန်ရမလားလည်း စောင့်ကြည့်ရမယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာ ချယ်လ်ဆီးရော၊ အာဆင်နယ်ပါ ပထမအကျော့က ရှုံးနိမ့်ခဲ့ရတဲ့ ပဲလေ့စ်၊ ဝက်ဖို့ဒ်တို့နဲ့ ပြန်တွေ့နေလို့ ရှုံးကြွေးပြန်ဆပ်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းတယ်။

## မန်ယူ Vs လီဗာပူး

ပကျော့ လီဗာပူး ၀ ၀ မန်ယူ

ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် ပထမအကျော့ ဂိုးပြတ်နိုင်ပွဲကြောင့် လီဗာပူးတို့ဒီပွဲအတွက် ခြေချန်ကစားလာနိုင်ပါတယ်။ မန်ယူက ပထမအကျော့က နိုင်ပွဲမရခဲ့တဲ့အတွက် ချန်ပီယံလိဂ်မှာ နိုင်ပွဲရဖို့ အားစိုက်ရဖို့ရှိနေသေးတယ်။ မန်ယူအိမ်ကွင်းမှာခြေစွမ်းကောင်းမွန်တတ်ပေမယ့် လီဗာပူးကလည်း တိုက်စစ်ထက်မြက်တယ်။ အသင်းကြီးနှစ်သင်း တွေ့ဆုံတဲ့ပွဲဖြစ်သလို ပွဲဆက်တွေလည်း များနေကြတာကြောင့် ဒီပွဲမှာ ထိန်းကစားကြနိုင်ခြေရှိနေပြီး အပြန်အလှန် သွင်းဂိုးတွေ မြင်ရဖို့ ခက်တယ်။

## ဟက်ဒါဖီးလ် Vs ဆွမ်ဆီး

ပကျော့ ဆွမ်ဆီး ၂ ၀ ဟက်ဒါဖီးလ်

ဆွမ်ဆီးရဲ့ရှန်းအား ကောင်းနေတယ်။ ဒါပေမယ့် ဟက်ဒါဖီးလ်ကလည်း အိမ်ကွင်းပွဲတွေမှာ ကစားအားကောင်းတတ်သလို တိုက်စစ်ပိုင်းလည်း ဂိုးသွင်းခြေ တည်ငြိမ်ပါတယ်။ အထူးသဖြင့် ဟက်ဒါဖီးလ်က နောက်ဆုံးပွဲစဉ်မှာ စပါးကို ရှုံးနိမ့်ခဲ့တာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရဖို့ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါ့အပြင် ဟက်ဒါဖီးလ်ရဲ့ ခြေကလည်း အိမ်ကွင်းပွဲတွေမှာ ပိုမိုကောင်းမွန်မှု ရှိနေတာကြောင့် ဒီပွဲမှာ ဆွမ်ဆီးကို ဖိအားပေးနိုင်ဖို့ ရှိတယ်။ ဟက်ဒါဖီးလ် ကပ်နိုင်မယ်။

## အဲဗာတန် Vs ဘရိုက်တန်

ပကျော့ ဘရိုက်တန် ၁ ၁ အဲဗာတန်

နှစ်ပွဲဆက် အနိုင်ကစားနိုင်ခဲ့တဲ့အပြင် အာဆင်နယ်ကိုတောင် အနိုင်ရခဲ့တဲ့ ဘရိုက်တန်ခြေက ကောင်းမွန်ပါတယ်။ ဒါပေမယ့် သတိပြုရမှာက ဘရိုက်တန်ရဲ့အိမ်ကွင်းခြေနဲ့ အဝေးကွင်းခြေက ကွာဟမှုရှိတယ်။ အဝေးကွင်း နောက်ဆုံးပွဲမှာ စတုတ်ကိုတောင် အနိုင်မရခဲ့ဘူး။ အဲဗာတန်က ခြေပျက်နေတာ မှန်ပေမယ့် နှစ်ပွဲဆက် အရေးနိမ့်ခဲ့တာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာ သေချာနေတယ်။ နိုင်ပွဲလိုနေတဲ့ အဲဗာတန်တို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်သလို နိုင်ပွဲလည်း ပြန်ရမယ်။

## ဝက်စ်ဟမ်း Vs ဘန်လေ

ပကျော့ ဘန်လေ ၁ ၁ ဝက်စ်ဟမ်း

နှစ်ပွဲဆက်တိုက်ဂိုးပြတ်တွေနဲ့ချည်း အရေးနိမ့်ခဲ့လို့ ဝက်စ်ဟမ်း အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားစိုက်လာမှာပါ။ ဒါပေမယ့် ဘန်လေက ခြေစွမ်းအတော်လေးငြိမ်ပြီး အဝေးကွင်းဖြစ်လို့ ခံစစ်အားပြုကစားလာရင် ဝက်စ်ဟမ်းကစားရခက်မယ်။ အထူးသဖြင့် ဝက်စ်ဟမ်းက ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိတာကြောင့် ဘန်လေရဲ့တန်ပြန်တိုက်စစ်ကိုလည်း ဂိုးပြန်ပေးရနိုင်တယ်။ ဝက်စ်ဟမ်း သရေထက်မပိုပါဘူး။

## ဘုန်းမောက် Vs စပါး

ပကျော့ စပါး ၁ ၀ ဘုန်းမောက်

မန်ယူနဲ့ လီဗာပူး ဆုံနေချိန်မှာ စပါးနိုင်ပွဲရအောင် အားစိုက်လာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ စပါးတိုက်စစ်ကလည်း ဂိုးသွင်းခြေအနည်းငယ်ကျဆင်းလာတယ်။ ဘုန်းမောက်က အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားမှာ ဖြစ်တယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ စပါးတို့ နိုင်ပွဲရဖို့အတွက် အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း ကပ်ပြီးသာ နိုင်ခြေရှိတယ်။

## ချယ်လ်ဆီး Vs ပဲလေ့စ်

ပကျော့ ပဲလေ့စ် ၂ ၁ ချယ်လ်ဆီး

ချယ်လ်ဆီးတို့နှစ်ပွဲဆက် အရေးနိမ့်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဖိအားဝင်လာတာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲပြန်ယူဖို့ အားစိုက်လာမှာပါ။ ဒါပေမယ့် ချန်ပီယံလိဂ်ကြောင့် ထင်သလောက် အားစိုက်နိုင်ဖို့တော့ ခက်မယ်။ ပဲလေ့စ်ကလည်း အဝေးကွင်းဖြစ်ပေမယ့် တန်းမဆင်းရဖို့အတွက် အားစိုက်လာမှာပါ။ ချယ်လ်ဆီးအိမ်ကွင်း နိုင်ပွဲရယူသွားနိုင်ပေမယ့်လည်း ဂိုးပြတ်ဖို့တော့ ခက်တယ်။

## ကာဒယ် Vs ဆောက်သမ်တန်

ပကျော့ ဆောက်သမ်တန် ၂ ၂ ကာဒယ်

ဆောက်သမ်တန်ကအခုအချိန်မှာ တန်းဆင်းဇုန်နဲ့ နီးကပ်လာတာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်က လက်ရှိအချိန်မှာ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမငြိမ်တာကို တွေ့ရတယ်။ ကာဒယ်ကလည်း အိမ်ကွင်းပွဲတွေမှာဆိုရင် ကစားပုံကောင်းမွန်တတ်သလို အိမ်ကွင်းမှာ ခံစစ်ကျစ်လျစ်မှုရှိတယ်။ အထူးသဖြင့် လီဗာပူးကို အရေးနိမ့်ခဲ့ရတာကြောင့် အိမ်ကွင်းမှာ အမှတ်ပြန်ရှာမယ့် ကာဒယ်ကို ဆောက်သမ်တန်တို့ အနိုင်ရဖို့ခက်တယ်။

## ဝက်စ်ဘရွန်း Vs လက်စတာ

ပကျော့ လက်စတာ ၁ ၁ ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းတို့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းတိုးတက်မှု ရှိမလာပါဘူး။ အိမ်ကွင်းပွဲတွေမှာ နိုင်ပွဲရဖို့ တိုက်စစ်အားပြုကစားတတ်လို့ ခံစစ်ပိုင်းကျစ်လျစ်မှုကျဆင်းကာ ဂိုးတွေပေးနေရတဲ့ အခြေအနေအရ လက်စတာတိုက်စစ်ကိုလည်း ဂိုးပေးရဖွယ် ရှိနေပါတယ်။ လက်စတာက နိုင်ပွဲပျောက်နေလို့ အားစိုက်လာမှာပါ။ အဝေးကွင်းဖြစ်ပေမယ့် လက်စတာပဲ အနိုင်ရမယ်။

## အာဆင်နယ် Vs ဝက်ဖို့ဒ်

ပကျော့ ဝက်ဖို့ဒ် ၂ ၁ အာဆင်နယ်

အာဆင်နယ် ပွဲဆက်တွေများနေတာ မှန်ပေမယ့် နိုင်ပွဲဆက်တိုက်ပျောက်ဆုံးခဲ့မှုကြောင့် နိုင်ပွဲမဖြစ်မနေ ပြန်ရှာရမယ့် အခြေအနေဖြစ်တယ်။ ဝက်ဖို့ဒ်ကတော့ နှစ်ပွဲဆက်အနိုင်ရခဲ့တာ မှန်ပေမယ့် တိုက်စစ်ပိုင်းက အခုနောက်ပိုင်း ဂိုးသွင်းခြေ အားနည်းလာတယ်။ အဝေးကွင်းပွဲတွေမှာ ဆိုရင်လည်း ဝက်ဖို့ဒ်ရဲ့ကစားအားက ပိုမိုကျဆင်းတတ်တာကို တွေ့ရတယ်။ နိုင်ပွဲပြန်ရှာမယ့်အာဆင်နယ် နိုင်ပွဲတော့ရနိုင်မယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၃၀)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၁၀-၃-၁၈** |
| မန်ယူ | - | လီဗာပူး | ည ၇း၀၀ |
| အဲဗာတန် | - | ဘရိုက်တန် | ည ၉း၃၀ |
| ဟက်ဒါဖီးလ် | - | ဆွမ်ဆီး | ည ၉း၃၀ |
| ကာဒယ် | - | ဆောက်သမ်တန် | ည ၉း၃၀ |
| ဝက်စ်ဘရွန်း | - | လက်စတာ | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | ဘန်လေ | ည ၉း၃၀ |
| ချဲလ်ဆီး | - | ပဲလေ့စ် | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၁-၃-၁၈** |
| အာဆင်နယ် | - | ဝက်ဖို့ဒ် | ည ၈း၀၀ |
| ဘုန်းမောက် | - | စပါး | ည ၁၀း၃၀ |
| **တနင်္လာနေ့** | | | **၁၃-၃-၁၈** |
| စတုတ် | - | မန်စီးတီး | နံနက် ၂း၃၀ |

## စပိန်လီဂါပွဲစဉ် (၂၈)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၉-၃-၁၈** |
| ဂျီရိုနာ | - | ဒီပို့တီဗို | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၁၀-၃-၁၈** |
| အီဘား | - | ရီးရဲ | ည ၆း၃၀ |
| ဆီဗီးလ် | - | ဗလန်စီယာ | ည ၉း၄၅ |
| ဂီတာဖေး | - | လီဗန်တေး | နံနက် ၀၀း၀၀ |
| မာလာဂါ | - | ဘာစီလိုနာ | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၁-၃-၁၈** |
| အက်စ်ပန်ညော | - | ဆိုစီဒက်စ် | ည ၅း၃၀ |
| အက်သလက် | - | ဆဲလ်တာ | ည ၉း၄၅ |
| လက်ပဲလ်မက်စ် | - | ဗီလာရီးရဲ | နံနက် ၀၀း၀၀ |
| ဘီလ်ဘို | - | လီဂါနက်စ် | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | | **၁၃-၃-၁၈** |
| အလာဗက်စ် | - | ဘက်တစ် | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၉)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၉-၃-၁၈** |
| စထရက်ဘော့ခ်ျ | - | မိုနာကို | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၁၀-၃-၁၈** |
| ပီအက်စ်ဂျီ | - | မက်ဇ် | ည ၁၀း၃၀ |
| ဘော်ဒိုး | - | အန်ဂျာစ် | နံနက် ၁း၃၀ |
| ဒီဂျွန် | - | အာမီယံ | နံနက် ၁း၃၀ |
| လေလီ | - | မောင့်ပယ်လီယာ | နံနက် ၁း၃၀ |
| နန့်စ် | - | ထရွိုင်းယတ်စ် | နံနက် ၁း၃၀ |
| ရိန်းစ် | - | စိန့်အေတီယန် | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁၁-၃-၁၈** |
| ဂူအင်ဂမ့် | - | နိုက်စ် | ည ၈း၃၀ |
| လယွန် | - | ကိန်းစ် | ည ၁၀း၃၀ |
| တူးလောက်စ် | - | မာဆေး | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၈)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၉-၃-၁၈** |
| ရိုးမား | - | တိုရီနို | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၁၀-၃-၁၈** |
| ဗီရိုနာ | - | ခီယေဗို | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၁-၃-၁၈** |
| ဖီအိုရင်တီးနာ | - | ဘီနီဗန်တို | ည ၆း၀၀ |
| ဘလော့ညာ | - | အတ္တလန္တာ | ည ၈း၃၀ |
| ကယ်ဂလီယာရီ | - | လာဇီယို | ည ၈း၃၀ |
| ခရိုတိုနီ | - | ဆမ့်ဒိုးရီးယား | ည ၈း၃၀ |
| ဆာစူအိုလို | - | SPAL | ည ၈း၃၀ |
| ဂျူဗင်တပ်စ် | - | အူဒီးနီးစ် | ည ၈း၃၀ |
| ဂျီနိုအာ | - | မီလန် | ည ၁၁း၃၀ |
| အင်တာ | - | နာပိုလီ | နံနက် ၂း၁၅ |

CHAMPIONS LEAGUE

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့်

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၁၄-၃-၁၈** |
| မန်ယူ | - | ဆီဗီးလ် | နံနက် ၂း၁၅ |
| ရိုးမား | - | ရှက်တာဒိုးနက်စ် | နံနက် ၂း၁၅ |
| **ဗုဒ္ဓဟူးနေ့** | | | **၁၅-၃-၁၈** |
| ဘက်ရှီးတပ်စ် | - | ဘိုင်ယန် | ည ၁၁း၃၀ |
| ဘာစီလိုနာ | - | ချဲလ်ဆီး | နံနက် ၂း၁၅ |

# မြစ်ကြီးနားမြို့၌ ပယင်းဝယ်လိုအားကျဆင်းလာ၍ ရောင်းသူများအဆင်မပြေဖြစ်နေ

**မြစ်ကြီးနား မတ် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ကျောက်မျက်ရတနာဝင်းတွင် ရောင်းချလျက်ရှိသော ပယင်းဈေးကွက်၌ ပယင်းဝယ်လိုအား ကျဆင်းလာသောကြောင့် ရောင်းချသူများအနေဖြင့် အဆင်မပြေမှုများရှိလာကြောင်း သိရသည်။

ပယင်းကျောက်များနှင့် ပယင်းဖြင့်ပြုလုပ်သော လက်ဝတ်ရတနာများကို ယခင်နှစ်များတွင် ဝယ်ယူသူများပြား၍ ရောင်းချသူများမှာ စီးပွားရေး အဆင်ပြေခဲ့သော်လည်း လက်ရှိတွင် ကေအိုင်အေနှင့် တပ်မတော်တို့ကြား အခြေအနေတင်းမာပြီး တိုက်ပွဲများဖြစ်ပွားနေသောကြောင့် တနိုင်းမြို့အနီးရှိ ပယင်းမော်များ တူးဖော်မှုကို ရပ်ဆိုင်းထားရကာ ပယင်းအကြမ်းထည်ရောင်းချသူ ရှားပါးလာသောကြောင့် ဈေးနှုန်းများ မြင့်မားလာသဖြင့် ပယင်းအချောထည်များမှာလည်း ဈေးမြင့်ကာ ရောင်းအားကျဆင်းလာပြီး ရောင်းချသူများအနေဖြင့် အဆင်မပြေမှုများ ကြုံတွေ့လာရခြင်းဖြစ်ကြောင်း သိရသည်။

"အရင် မော်မပိတ်ခင်ကတော့ ရောင်းရပါတယ်၊ ကုန်ကြမ်းလည်း ဈေးမမြင့်တော့ အမြတ်ရှိတယ်၊ တစ်သောင်းရင်းရင် တစ်သောင်းမြတ်တယ်၊ အခုက အကြမ်းထည်တွေက ဈေးမြင့်နေတယ်၊ အချောထည်က ဈေးတက်လို့မရဘူး၊ ပုံမှန်အတိုင်းပဲ ရောင်းရတယ်၊ အဲ့ဒီတော့ အဆင်မပြေတော့ဘူး၊ ရောင်းအားက တအားကျနေတော့ တစ်ထောင် နှစ်ထောင်လောက် အမြတ်နဲ့လည်း ရောင်းလိုက်ရတယ်"ဟု ပယင်းအချောထည်နှင့် လက်မှုပညာလုပ်ငန်း လုပ်ကိုင်သူ ဒေါ်နီလာက ပြောသည်။

ပယင်းအကြမ်းထည် ရောင်းချသူတစ်ဦးဖြစ်သည့် ဒေါ်ချိုမာကလည်း "အရင်မော်တွေစည်တုန်းကတော့ ရောင်းလို့ဝယ်လို့ကောင်းတယ်၊ တစ်နေ့ကို သောင်းကြီးပိုင်းလောက် မြတ်တယ်၊ အခုနောက်ပိုင်း ရောင်းအားကျတော့ အရှုံးပေါ်တာ များတယ်၊ တစ်ခါတလေ လေး၊ ငါးရက်နေမှပဲ ရောင်းရတာမျိုးလည်းရှိတယ်၊ ရောင်းအားက အရင်ကထက် အများကြီးကျသွားတယ်"ဟု ပြောသည်။

၂၀၁၇ ခုနှစ် ဇွန်လအတွင်းမှစ၍ တပ်မတော်က နယ်မြေရှင်းလင်းရန်အတွက် တနိုင်းမြို့နယ်ရှိ ပယင်းမော်တွင် လုပ်ကိုင်နေကြသော ပြည်သူများအား ထွက်ခွာရန် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ပယင်းမော်တွင် လုပ်ကိုင်မှုများ ရပ်ဆိုင်းထားခြင်းဖြစ်ကာ လက်ရှိ မြစ်ကြီးနားမြို့ပေါ်တွင် ပယင်းဝယ်ယူသူများမှာ ယခင်ထက် နည်းပါးလာပြီး ယခင်က တစ်နေ့ ဝင်ငွေ ၂၀၀၀၀ မှ ၅၀၀၀၀ ကျပ်အထိ ရရှိခဲ့သူများ ရှိခဲ့သော်လည်း လက်ရှိတွင် လေး၊ ငါးရက်ဆက်တိုက် ဈေးဦးမပေါက်သည့်နေ့များလည်း ရှိသောကြောင့် ဝယ်လိုအား ကျဆင်းနေကြောင်း သိရသည်။

**မင်းမင်းဦး**



# လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ကျောက်မဲမြို့၌ဖွင့်လှစ်

**ကျောက်မဲ မတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောက်မဲမြို့က ကြီးမှူး၍ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်သည့် နည်းပညာသင်တန်းကို မတ် ၆ ရက်က အဆိုပါကျောင်း သင်တန်းခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ကျေးလက်နေ ပြည်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်ပြီး သင်တန်းမှသင်ကြားပေးသော အသိပညာ၊ အတတ်ပညာများကို ကြိုးစားသင်ယူကာ လက်တွေ့နယ်ပယ်တွင် ကောင်းစွာအသုံးချနိုင်အောင် ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း အမှာစကားပြောကြားပြီး ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၂ ရက်အထိဖြစ်ကာ သင်တန်းတွင် လူသုံးကုန်နှင့် အလှကုန် ထုတ်လုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

**တံတားဦး မတ် ၈**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး မြို့နယ်ဆည်မြောင်းဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းနှင့် အသိပညာပေးဟောပြောပွဲကို မြို့နယ် ဆည်မြောင်းဦးစီးဌာနရုံး၌ မတ် ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် တံတားဦးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးစိုးမြတ်သူက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကျော်သူအောင်က လက်ရှိအချိန်သည် ပူပြင်းခြောက်သွေ့သည့် နွေရာသီ ရောက်ရှိလာပြီဖြစ်၍ မီးအသုံးပြုရာတွင် ဂရုတစိုက် ကိုင်တွယ်အသုံးပြုကြရန်၊ လျှပ်စစ်ဝိုင်ယာကြိုးများကိုလည်း စစ်ဆေးပြီးမှ အသုံးပြုရန်၊ မီးချိတ်၊ မီးကတ်၊ သဲ၊ ရေပုံးများ အပြည့်အစုံထားရှိရန်၊ မီးလောင်ကျွမ်းမှုဖြစ်ပွားလာပါက မီးသတ်တပ်ဖွဲ့သို့ ချက်ချင်း အကူအညီတောင်းခံရန် စသည်တို့ကို ဟောပြောသည်။

ထို့နောက် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို ဆက်လက်ပြုလုပ်ပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အတူ ဆည်မြောင်းဝန်ထမ်းများက မီးသတ်ဆေးဘူး အသုံးပြု၍ အရေးပေါ်မီးငြိမ်းသတ်နည်းနှင့် မီးဖိုဆောင်များတွင် ဖြစ်ပွားတတ်သည့် မီးလောင်မှုအတွက် ရေစိုအဝတ်များဖြင့်ဖုံးအုပ်ပြီး မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလေးမြို့ပြည်သူ့ဆေးရုံကြီးအတွက် အလှူရှင်များမှ ပြည်သူ့အကျိုးပြုကျောက်ကပ်ဆေးစက် လှူဒါန်းခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

**ကလေး မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ခုတင် ၃၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အတွက် ပြည်သူ့အကျိုးပြု ကျောက်ကပ်ဆေးစက် လှူဒါန်းခြင်းနှင့် ဆက်စပ်ပစ္စည်းအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကို မတ် ၇ ရက် မွန်းလွဲ ၂ နာရီက ကလေးမြို့ပြည်သူ့ဆေးရုံ အုပ်ကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား မြို့မိမြို့ဖ ဦးညီညီက ကျောက်ကပ်ဆေးစက်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ကျေးဇူးတင်စကားပြောကြားရာတွင် မြို့၏လိုအပ်ချက်ကို သိရှိ၍ ကလေးမြို့ပြည်သူ့ဆေးရုံအတွက် ကျောက်ကပ်ဆေးစက်များ အလှူခံရရှိပြီး ကုသပေးနိုင်ရန် ပထမဦးစွာ အကြံဉာဏ်ပေးသောသူမှာ အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက် ဒါရိုက်တာ ဦးကျော်သက်ဝင်း ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပံ့ဖော်ဆောင်ရွက်ပေးနိုင်ရုံသာဖြစ်ရာ ယခုလိုရုပ်လုံးပေါ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသော အလှူရှင်များနှင့် ပြည်သူ့ဆေးရုံမှ တာဝန်ကျကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီးနောက် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ကျောက်ကပ်ဆေးစက် လှူဒါန်းသော အလှူရှင်များအား ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ယခင်က အလှူရှင်များ၏ လှူဒါန်းထားသော ကျောက်ကပ်ဆေးစက်တစ်လုံးလျှင် ငွေကျပ်သိန်း ၁၈၀ ခန့်ရှိပြီး လှူဒါန်းရရှိသော ကျောက်ကပ်ဆေးစက်ငါးလုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ရေသန့်စက်နှစ်လုံး အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၂၀၀ ခန့်ဖြစ်ရာ ယခုအခါ ကျောက်ကပ်ဆေးစက်ငါးလုံးဖြင့် ကျောက်ကပ်ဝေဒနာရှင် မိဘပြည်သူများအား အဆင်ပြေစွာကုသပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရန် အသိပေးဟောပြောခြင်းနှင့် လှည့်ကင်းများဆောင်ရွက်

**နတ်တလင်း မတ် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ရှိ ရပ်ကွက်များအတွင်း မတ် ၅ ရက် ည ၇ နာရီက နယ်မြေအေးချမ်းသာယာရေးနှင့် မီးဘေးသတိမူရေးတို့အတွက် လှည့်ကင်းလှည့်လည် ဆောင်ရွက်ခြင်း၊ အလယ်ပိုင်းရပ်ကွက်ရှိ အောင်သူကိုယ်ပိုင်အထက်တန်းကျောင်းနှင့် လေသာဘုန်းကြီးကျောင်းဓမ္မာရုံတွင် ကရင်ကုန်းရွာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူများအား နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မိုး၊ နယ်မြေမီးသတ်စခန်း တာဝန်ခံ ဒုဦးစီးမှူး ဦးကိုကိုမောင်၊ ရပ်ကွက်အုပ်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာကြည့်နိုင်ရေး၊ စာဖြေနိုင်ရေးတို့အတွက် မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရန် အသိပညာပေးဆွေးနွေးပြောကြားခြင်း၊ ညအချိန်ဆိုင်ကယ်များ ဆူညံစွာစီးခြင်း၊ မူးယစ်ရမ်းကားမှုမဖြစ်ပေါ်စေရန် အရက်သေစာရောင်းချသည့် ဆိုင်များအား ကြပ်မတ်စစ်ဆေးခြင်းများ လိုက်လံဆောင်ရွက်ကြကြောင်းသိရသည်။

**တင်မြင့် (နတ်တလင်း)**

# ထင်းအစားထိုး စပါးခွံလောင်စာတောင့် လုပ်ငန်းကို ကွင်းဆင်းလေ့လာ

**ကြို့ပင်ကောက် မတ် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အုန်တောအုပ်စု အောင်ချမ်းသာကွက်သစ်ရှိ ထင်းအစားထိုး စပါးခွံလောင်စာတောင့်ထုတ်လုပ်သည့်လုပ်ငန်းကို စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများ မတ် ၇ ရက်နံနက်က ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ထင်းအစားထိုး စပါးခွံလောင်စာတောင့်ထုတ်လုပ်ခြင်း လုပ်ငန်းပိုင်ရှင် ဦးဇော်သိန်းက လောင်စာတောင့်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်၊ အသုံးပြုရသည့် လုပ်သားအင်အား၊ ထုတ်လုပ်သော လောင်စာတောင့်များအတွက် ရောင်းဈေးနှင့် ဈေးကွက်အခြေအနေ၊ လုပ်ငန်းမှရရှိသော အကျိုးအမြတ်များ စသည်တို့ကို လိုက်လံ ရှင်းလင်းပြသခဲ့ကာ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမြင့်ဦးက ထုတ်ကုန်များကို အရည်အသွေးမြှင့် ထုတ်လုပ်သွားရန်နှင့် ဈေးကွက်၏ လိုအပ်ချက်များကို ပြည့်မီအောင် ထုတ်လုပ်ဖြန့်ဖြူးသွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းမှ ထုတ်လုပ်သည့် ထင်းအစားထိုး လောင်စာတောင့်များကို တစ်တင်းခွဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ဘဝအလင်း ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်

**ခရမ်း မတ် ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျူတောဝကျေးရွာတွင် (၇၃ )နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ဘဝအလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၆ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်ဆွေဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျူတောဝကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် စာကြည့်တိုက်ခန်းမတွင် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပကာ မြို့နယ်ပြန်/ဆက်ဦးစီးမှူးက စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်သူတိုးပွားရေး၊ စာအုပ်စာစောင်များ တိုးပွားရေးကို ဆွေးနွေးပြောကြားပြီး ဘဝအလင်းစာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်မျိုးစုံကို လှူဒါန်းခဲ့သည်။ အဆိုပါ စာကြည့်တိုက်ကို ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၅၆ သိန်းအကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းမှ အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို မတ် ၇ ရက်က မိုးကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။
ဝင်းနိုင်(ကချင်မြေ)

# မန်းရွှေစက်တော် ဘုရားပွဲတော်ချိန်အတွင်း အရက်၊ ဘီယာ ရောင်းချသယ်ဆောင်ခြင်းကို တင်းကျပ်စွာတားမြစ်

**မင်းဘူး မတ် ၈**

မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားပွဲတော်သို့ ပွဲတော်ကာလအတွင်း လာရောက်ကြသည့် ဘုရားဖူးပြည်သူ တချို့မှာ မူးယစ်သောက်စား အပျော်လွန်ကာ ရေဆင်းကူး ရာမှ ရေနစ်သေဆုံးမှုများ နှစ်စဉ်နီးပါး ဖြစ်ပွားလျက်ရှိသဖြင့် ယခုနှစ်တွင် ပွဲတော်ကာလအတွင်း အရက်၊ ဘီယာ ရောင်းချ သယ်ဆောင်ခြင်းများကို ဂေါပကအဖွဲ့က တင်းကျပ်စွာ တား မြစ်ထားကြောင်း သိရသည်။

ပွဲတော်အတွင်းရှိ စားသောက်ဆိုင်များနှင့် ကွမ်းယာဆိုင် များတွင် လျှို့ဝှက်ရောင်းချနေသော အရက်များနှင့် ဘီယာ များကိုလည်း ဂေါပကအဖွဲ့၏ စီမံချက်ဖြင့် မတ် ၅ ရက်မှ စတင် ပြီး ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဂေါပက အဖွဲ့ဝင်များနှင့် မန်းရွှေစက်တော်ရဲကင်းမှူး ဒုရဲအုပ် မျိုးသက် ထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မန်းရွှေစက်တော်ဘုရား ပွဲတော်အတွင်းရှိ စားသောက်ဆိုင်များ၊ ကွမ်းယာဆိုင်များကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာတွင် ကွမ်းယာဆိုင် လေး ဆိုင်၊ စားသောက်ဆိုင်တစ်ဆိုင် နှင့် ထမင်းဆိုင် တစ်ဆိုင်တို့ တွင် အရက်နှင့်ဘီယာ စုစုပေါင်းတန်ဖိုး ကျပ် ၁၄၀၀၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ရောင်းချသူများအား စကုနယ်မြေ ရဲစခန်းတွင် အရေးယူထားကြောင်း ဂေါပကရုံး တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်ကလည်း မန်းရွှေစက်တော် ဘုရား ဝတ္ထုကံနယ်မြေထဲတွင် မည်သည့် အရက်သေစာမျှ ရောင်းချခွင့်မပြုထားကြောင်း၊ ဘုရားပွဲတော် သာယာရေး အတွက် ပွဲတော်သို့ လာရောက်ကြသော ဘုရားဖူးကားများ ကိုလည်း လှေတင်တံတားအလွန် ရဲကင်းစခန်းတွင် ဂေါပက အဖွဲ့၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မတ် ၆ ရက်မှ စတင်ပြီး ဘီယာ၊ အရက်များ ရှာဖွေစစ်ဆေးလျက်ရှိကြောင်း၊ တွေ့ရှိသော အရက်၊ ဘီယာများကို သွန်ပစ်ဖျက်ဆီးကာ နောက်နောင် ဘုရားပွဲတော်သို့ ယူဆောင်မလာရန် အသိပေး ပြောကြားခြင်းများ ဆောင်ရွက်နေကြောင်း ပြောပြသည်။

နှစ်စဉ်ကျင်းပသည့် မန်းရွှေစက်တော်ဘုရား ပွဲတော် ကာလတွင် ဘုရားဖူးပြည်သူအချို့မှာ မူးယစ်သောက်စားပြီး အပျော်လွန်ကာ မန်းချောင်းအတွင်း ရေဆင်းချိုးစဉ် ရေနစ် သေဆုံးမှုများ နှစ်စဉ်နီးပါး ဖြစ်ပွားလျက်ရှိကြောင်း၊ ယခုနှစ် တွင်လည်း ဖေဖော်ဝါရီ ၂၈ ရက်က ဘုရားဖူးပြည်သူတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း၊ မန်းရွှေစက်တော်ဘုရား ပွဲတော် ကျင်းပရာအနီးရှိ မန်းချောင်းတစ်လျှောက်တွင် ဒေသအခေါ် လှေတင်ဝဲ၊ တရုတ်ဝဲ၊ ကျောက်လက်မောင်းဝဲ ဆိုသည့် ရေနက် သည့် ရေဝဲနေရာ သုံးခုရှိရာ အဆိုပါနေရာများတွင် ဘုရားဖူး ပြည်သူများ ရေမချိုးကြရန် ဂေါပကအဖွဲ့က ဝါးကပ်များ ကာရန်ခြင်း၊ သတိပေးဆိုင်းဘုတ်များချိတ်ဆွဲခြင်း၊ ရေကင်း စောင့်များထားပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

## တိုးချဲ့လူနာဆောင် ဆောက်လုပ်မှု သုံးပုံနှစ်ပုံခန့်ပြီးစီး

**စဉ့်ကူး မတ် ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံတွင် အလျား ပေ ၁၅၀၊ အနံ ၅၆ ပေရှိ သံကူကွန်ကရစ် နှစ်ထပ် တိုးချဲ့လူနာဆောင်ကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၄၅၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံ ဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦအထူးအဖွဲ့(၆)က တာဝန်ယူ တည်ဆောက်လျက်ရှိရာ ယခုအခါ အဆောက်အအုံတစ်ခုလုံး၏ ၆၆ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"အခု နှစ်ထပ်တိုးချဲ့လူနာဆောင် ပြီးသွားရင်တော့ အတွင်းလူနာများရော အပြင်လူနာများပါ ကျယ်ကျယ်ပြန့်ပြန့် တက်ရောက်ကုသလို့ရပါပြီ၊ လူနာဆောင်များလည်း လုံလောက်သွားပါပြီ၊ ဒါ့အပြင် ဒီဆေးရုံကြီးအတွက် အထူးလိုအပ်နေတဲ့ ဆေးသိုလှောင်ရုံနဲ့ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာကို တိုးချဲ့ဆောက်လုပ်ဖို့လည်း တင်ပြထားပါတယ်"ဟု မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ထူးမြတ်က ပြောသည်။ အဆိုပါ ပြည်သူ့ဆေးရုံကို ၁၆ ခုတင်ဆံ့ဆေးရုံအဖြစ် ၁၉၆၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ၂၅ ခုတင်မှ ခုတင် ၅၀ ဆံ့အဖြစ် မြှင့်တင်သတ်မှတ်ခဲ့သော်လည်း အဆောက်အအုံ တိုးချဲ့ဆောက်လုပ်နိုင်ခြင်းမရှိခဲ့သဖြင့် ခုတင်နှင့် လူနာ ညီညွတ်မျှတစွာ တက်ရောက်ကုသနိုင်ရေးအတွက် အဆိုပါ တိုးချဲ့ နှစ်ထပ်လူနာဆောင်ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်**

## အရှိုချင်းတိုင်းရင်းသားစာပေ နွေရာသီသင်တန်းများဖွင့်လှစ်နိုင်ရန် ထောက်ပံ့ငွေပေးအပ်

**ပြည် မတ် ၈**

ယခုနှစ် နွေရာသီကျောင်းပိတ်ရက်များအတွင်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ရှိ အရှိုချင်းတိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားစာပေ သင်တန်းများ ဖွင့်လှစ်



နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေများပေးအပ်ပွဲကို ပြည်မြို့ ခေတ္တရာမြို့သစ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ၌ မတ် ၆ ရက်က ကျင်းပ ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ အုတ်ဖိုနှင့် ဇီးကုန်း မြို့နယ်တို့မှ အရှိုချင်းတိုင်းရင်းသား ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်း ဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက အမှာစကား ပြောကြားကာ တိုင်းဒေသကြီး အရှိုချင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဆလိုင်းအေးပိုင်က နွေရာသီသင်တန်းများ ဖွင့်လှစ်ရန် ဆောင်ရွက်ထားမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက မြို့နယ်များမှ အရှိုချင်းတိုင်းရင်းသား ကိုယ်စားလှယ်များထံသို့ တစ်မြို့နယ်လျှင် ငွေကျပ် ၁၀ သိန်းစီကို သင်တန်းဖွင့်လှစ်ရန် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး အရှိုချင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဆလိုင်းမောင်ညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## အားကစားကဏ္ဍ တိုးတက်လာရေးတွင် အားကစားဦးစီးအရာရှိများ၏ကဏ္ဍအရေးကြီး

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲအား မကြာခင်က အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး မြို့နယ် အချို့မှ အားကစားဦးစီးအရာရှိများသည် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာ ဆောင်ရွက်ခြင်းမရှိဘဲ ချိုးဖောက်ခဲ့ကြ ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြ မည့် လူငယ်ဘောလုံး အားကစားသမား များအား အသက်အရွယ်ကို စနစ်တကျ ကန့်သတ်ကာ တန်းမြင့်အသင်းများ တွင် ကစားနေသော အတွေ့အကြုံရင့် ဘောလုံးကစားသမားများဝင်ရောက် ကစားခြင်းမပြုရန်နှင့် မျိုးဆက်သစ်များ မွေးထုတ်နိုင်ရန်အတွက် ရည်ရွယ် ကန့် သတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လိုက်နာခြင်းမရှိ**

သို့သော်လည်း မြို့နယ်အချို့မှ အားကစားဦးစီးအရာရှိများသည် အဆိုပါ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာ ဆောင်ရွက်ခြင်းမရှိဘဲ မိမိတို့အသင်း အနိုင်ရရှိရေးအတွက်ကိုသာ ဦးတည်ပြီး စည်းကမ်းချိုးဖောက်ဆောင်ရွက်ခဲ့ကြ သည့်အတွက် ရပ်ကွက်အတွင်းရှိသော ထူးချွန်သော မျိုးဆက်သစ်အားကစား သမားများ ထွက်ပေါ်မလာဘဲ တိမ်မြုပ် ပျောက်ကွယ်လာနေကြောင်း မင်္ဂလာ တောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှဒွေးက ပြောသည်။

တန်းမြင့်အသင်းများတွင် ကစား သော ဘောလုံးကစားသမားများအား ထည့်ကစားခြင်း၊ အသက်လွန်ဘောလုံး ကစားသမားများအား အသက်လိမ် ထည့်ကစားခြင်းတို့ကြောင့် တိုင်ကြား သဖြင့် အရေးယူခံရသော မြို့နယ်များ စာရင်းကို သက်ဆိုင်ရာကော်မတီ၏ မှတ်တမ်းတွင် တွေ့ရှိရကြောင်း၊ ရန်ကုန် တိုင်းဒေသကြီးအတွင်း၌ အားကစား ကဏ္ဍတိုးတက်လာစေရန်အတွက် စိတ် ဓာတ်မှန်ကန်မှုရှိသော အားကစားဦးစီး အရာရှိများ၏ အခန်းကဏ္ဍသည် အလွန် ပင်အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါ ကြောင်း ၎င်းက ဆက်လက်ပြောကြား သည်။

**အမြန်ဆုံးဆောင်ရွက်ရန်လို**

ထို့အပြင် မြို့နယ်အတွင်း အစဉ် အလာကြီးမားခဲ့သော အောင်ဆန်း အားကစား ပြိုင်ကွင်းကြီးရှိပြီး ယခင်က အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၊ ကျွန်းဆွယ်ပွဲကြီးကို ကျင်းပနိုင်ခဲ့၍ ကျောင်းသားအားကစားပြိုင်ပွဲကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစား ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပကာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မွေးထုတ်၍ မြန်မာ့အားကစားကမ္ဘာကို လွှမ်းခဲ့သော အောင်မြေကြီးပင်ဖြစ် ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အောင်ဆန်း အားကစားကွင်းသည် ယနေ့အထိ မှေးမှိန်လာခဲ့ပြီး ချုံနွယ် ထူထပ်ကာ အရှေ့ဘက်၊ တောင်ဘက်၊ မြောက်ဘက်နေရာများတွင် ကွင်း အတွင်းဝင်ထွက်၍ မရအောင်ပျက်စီးပြီး အဆောက်အအုံ ပျက်ကြီးတစ်ခုကဲ့သို့ တည်ရှိနေကြောင်း၊ သမိုင်းဝင် အောင်ဆန်းအားကစားကွင်း ပြုပြင်ရေး လုပ်ငန်းစဉ်အား အမြန်ဆုံးအကောင် အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်းနှင့် အောင်ဆန်း အားကစား ကွင်းပတ်လည်တွင် ဆိုင်ခန်း များ မြောက်မြားစွာ ဖွင့်လှစ်ထားပြီး မော်တော်ယာဉ်များမှာလည်း စည်းကမ်း ပျက်စွာရပ်ပြီး ဖရိုဖရဲရေယာကြီးတစ်ခုလို ဖြစ်နေ ကြောင်း၊ အဆိုပါ ဆိုင်ခန်းများကို မည်သူက မည်သို့ငှားရမ်းခဲ့သည်၊ နိုင်ငံ တော်၏ ဘဏ္ဍာငွေစာရင်းအနေဖြင့် မည်မျှရရှိပြီး၊ ငှားရမ်းခဈေးနှုန်းများ ကွာဟနေပါက လက်ရှိ ကာလပေါက်ဈေး နှင့် ပြန်လည်စိစစ်ဆောင်ရွက်ရန် လိုအပ် ကြောင်း ယနေ့ကျင်းပသော တိုင်းဒေသ ကြီးလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးလှဒွေးက ပြောကြားခဲ့သည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဒေသဆိုင်ရာ အားကစား မှူးများကို ထိန်းကျောင်းသွားရန် အစီအစဉ်ရှိပြီး မှန်ကန်စွာကြီးကြပ် ကွပ်ကဲသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ပြိုင်ပွဲ စည်းမျဉ်း ချိုးဖောက်သူများကို အရေးယူ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြော ကြားခဲ့သည်။

ထို့အပြင် အောင်ဆန်းအားကစား ကွင်းအား ပြုပြင်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြီးစီးပါက ဘောလုံးနှင့်ပြေးခုန်ပစ်ပြိုင်ပွဲများ အဆင့် မြှင့်တင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ အောင်ဆန်းအားကစားကွင်းပတ်လည် တွင် ဆိုင်ခန်းပေါင်း ၃၂၀ ခန်းရှိပြီး ငှားရမ်းခငွေမှာ တစ်နှစ်လျှင်ငွေကျပ် လေးရာ့ရှစ်ဆယ့်တစ်သိန်းသုံးသောင်း သုံးထောင့်နှစ်ရာရရှိကာ နိုင်ငံတော်သို့ ပေးသွင်းရခြင်းဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ထို့အပြင် ငှားရမ်းခတိုးမြှင့်ကောက်ခံ ပြီး နိုင်ငံတော်ငွေစာရင်းပိုမိုရရှိရေး အတွက် အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်ရေး စီမံချက်နှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**



ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

## နိုင်ငံတစ်ဝန်း တက္ကသိုလ်ဝင်စာမေးပွဲများ ၇.၃.၂၀၁၈ စတင်ဖြေဆို

**ဒီမော့ဆို**

၂၀၁၈ ခုနှစ် မတ် ၇ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆိုလျက်ရှိရာ ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် စာစစ်ဌာနလေးခု၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

ဒီမော့ဆိုမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာ စာစစ်ဌာနလေးခုတွင် ကျောင်းသား ၆၉၄ ဦး၊ ကျောင်းသူ ၁၂၀၂ ဦး စုစုပေါင်း ၁၈၉၆ ဦး စာရင်းပေးသွင်း ထားပြီး မြန်မာစာဘာသာရပ်ဖြေဆိုသည့်နေ့တွင် ကျောင်းသား ၆၃၈ ဦး၊ ကျောင်းသူ ၁၁၄၅ ဦး စုစုပေါင်း ၁၇၈၃ ဦး ဝင်ရောက်ဖြေဆိုကာ ရာခိုင်နှုန်းအနေဖြင့် ၉၄ ဒသမ ဝ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မိုင်းယောင်း**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်က စတင်ပြီး အထက (မိုင်းယောင်း)စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၁၈၈ ဦး အေးချမ်းစွာဖြေဆို လျက်ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ် ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**မြို့နယ် (ပြန်/ဆက်)**

**ဖန်းမော်**

ကချင်ပြည်နယ် ဖန်းမော်မြို့၌ ၂၀၁၈ ခုနှစ်တက္ကသိုလ် ဝင်စာမေးပွဲကို မတ် ၇ ရက်နေ့နံနက် ၉ နာရီမှ ၁၂ နာရီအထိ စာစစ်ဌာနများ၌ ကျင်းပခဲ့သည်။

ဗန်းမာ်မြို့ပေါ် ရှိ အထက-၁၊ အထက -၂၊ အထက-၃၊ အထက-၅၊ အထက (ခွဲ ) လ-၄ စာစစ်ဌာနများတွင် မြန်မာစာဘာသာဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ၁၃၅၁ ဦး၊ ကျောင်းသူ ၂၀၃၇ ဦး စုစုပေါင်း ၃၃၈၈ ဦးအနက် ကျောင်းသား ၁၂၄၆ ဦး၊ ကျောင်းသူ ၁၉၄၇ ဦး စုစုပေါင်း ၃၁၉၃ ဦး ဖြေဆိုခဲ့ ကြသဖြင့် ၉၄ ဒသမ ၂၄ ရာခိုင်နှုန်းကျော် ဖြေဆိုခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

**ဆီမီးခုံ -နန်းရီ**



**မြစ်ကြီးနားမြို့နယ်၌ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၏ မြန်မာဘာသာရပ်ကို မတ် ၇ ရက်တွင် စတင်ဖြေဆိုကြရာ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။** ခရိုင်(ပြန်/ဆက်)

# ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းကိစ္စ ဆွေးနွေး



**နေပြည်တော် မတ် ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မတ် ၇ ရက်က တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီခုချိအား နေပြည်တော်ရှိဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်ရေး၊ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နွေရာသီပညာဒါန ကဗျာနှင့် စာစီစာကုံး ရေးဖွဲ့နည်း သင်တန်းဖွင့်

**ဖျာပုံ မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ကော်မတီနှင့် ဖျာပုံမြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ နွေရာသီပညာဒါန ကဗျာနှင့် စာစီစာကုံးရေးဖွဲ့နည်းသင်တန်းကို မတ် ၇ ရက် နံနက် ၈ နာရီက ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သင်တန်းပို့ချ**

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ကဗျာဆရာ မင်းထက်ခိုင်နှင့် မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က ဂုဏ်ပြုစကားပြောကြားပြီး ဖျာပုံမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးသိန်း (ကဗျာ ဆရာ ဇေယျာဘုန်းမြင့်)က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ သင်တန်းဆက်လက်ပို့ချခဲ့သည်။

ဖျာပုံမြို့ဆရာဇော်ဂျီ စာကြည့်တိုက်တွင် ဖွင့်လှစ်လျက်ရှိသည့် အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၅၀တက် ရောက်လျက်ရှိပြီး သင်တန်းကို တစ်ပတ်လျှင်သုံးရက် လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ယောမြောင်းကြီး ပြန်လည်ပြုပြင်တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေ

**ကျောက်ထု မတ် ၈**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ယောမြို့အနီးရှိ ယောမြောင်းကြီးတွင် ရေငုတ်ပြွန်မြောင်း ပြန်လည်တူးဖော်ခြင်းနှင့် မြေကာနံရံတည်ဆောက်ခြင်း လုပ်ငန်းများကို မကွေးတိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၉ ဒသမ ၅ သန်းဖြင့် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြုပြင်မှုလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်သည့် လုပ်ငန်းများမှာ အလျား ၁၇၅ ပေ၊ အမြင့် ၇ ပေ၊ အကျယ် ၄ ပေရှိ ကျောက်စီနံရံအမျိုးအစား မြောင်းထိပ် ရေပေးအဆောက်အအုံ တည်ဆောက်ခြင်း၊ အလျား ၇၉၅ ပေ၊ အမြင့် ၉ ပေ၊ အကျယ် ၃ ပေခွဲရှိ ကျောက်စီနံရံအမျိုးအစား တူးမြောင်းပေါင် မြေထိန်းနံရံ တည်ဆောက်ခြင်း၊ အလျား ၇၅၀ ပေ၊ အကျယ် ၄ ပေခွဲ၊ အနက် ၄ ပေရှိ မြေသားရေပေးမြောင်း တူးဖော်ခြင်း၊ အလျား ၈၀၀ ပေ၊ အကျယ် ၄၀ ပေ၊ အနက် ၆ ပေရှိ ရေလွှဲမြောင်း တူးဖော်ဖောက်လုပ်ခြင်းတို့ ပါဝင်ပြီး လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာနက တာဝန်ယူဆောင်ရွက်ကာ မတ်လတွင် လုပ်ငန်းများအားလုံး ပြီးစီးအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ယခင်နှစ်က မိုးများခဲ့သဖြင့် ရေတိုက်စားမှုကြောင့် ယောမြောင်းကြီးတွင် ပျက်စီးမှုများရှိခဲ့ရာ ပျက်စီးသွားခဲ့သည့်နေရာများ၌ အခိုင်အမာ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် မူလ ယောမြောင်းကြီးကို ညောင်ရမ်းခေတ်ကပင် ဖောက်လုပ်ခဲ့ကာ ယနေ့တိုင် ယောဒေသ၏ လယ်ယာစိုက်ပျိုးမှုကို အထောက်အကူပြုလျက်ရှိနေကြောင်း သိရသည်။

**၁၀၁**







# ဘော်လီဘောလေ့ကျင့်ရေးစခန်း (ဗဟို) ဖွင့်လှစ်

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘောလေ့ကျင့်ရေးစခန်း (ဗဟို) ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက်နံနက်ပိုင်းက ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးထွန်း၊ တပ်မတော်ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး စောဝင်းသော်၊ Dragon One ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးရဲနိုင်၊ တိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌဦးအောင်မင်းသူ (ရွှေထွန်းကုမ္ပဏီ) တို့က ဘော်လီဘောလေ့ကျင့်ရေးစခန်း(ဗဟို)အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အားကစားသင်တန်းဖွင့်ပွဲကို အားကစားရုံတွင် ဆက်လက်ကျင်းပရာ အရှေ့ပိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက အမှာစကားပြောကြား၍ သင်တန်းကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ဘော်လီဘောလေ့ကျင့်ရေးစခန်း (ဗဟို)တွင် လိုအပ်သော အားကစားအထောက်အကူပြုပစ္စည်းများ ဝယ်ယူရန် အလှူငွေများကို အောင်သိန်းသန်းကုမ္ပဏီ၊ ရွှေထွန်းကုမ္ပဏီနှင့် Dragon One ကုမ္ပဏီတို့က လှူဒါန်းကြရာ သင်တန်းတာဝန်ခံ နည်းပြချုပ် ဦးအောင်စိုးက လက်ခံရယူသည်။

ယင်းနောက် မြန်မာ့လက်ရွေးစင် ဘော်လီဘောသမားဟောင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောအသင်းတို့ လက်ရည်စမ်းပွဲ ယှဉ်ပြိုင်ကစားသည်။ **ရဲရင့်ရှိုင်း**

# ညောင်ရမ်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်း ၆၅ ရာခိုင်နှုန်းခန့် ပြီးစီး

**မိတ္ထီလာ မတ် ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအနီး၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေဖြင့် ညောင်ရမ်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၀ မိုင် သွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၁၇ ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ တည်ဆောက်မှု ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးယုမော်က ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ကြီးကြပ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် YTE ကုမ္ပဏီက တာဝန်ယူ၍ ၃၃ကေဗွီ ဓာတ်အားလိုင်း ၁၀ မိုင်ကို တည်ဆောက်ပြီး ၃၃/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ညောင်ရမ်းဓာတ်အားခွဲရုံကို ကျော်စုထွေးကုမ္ပဏီက တာဝန်ယူ၍ တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို မတ်လတွင်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ညောင်ရမ်းဓာတ်အားခွဲရုံ လုပ်ငန်းများ ပြီးစီးပါက သာစည်မြို့မဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ညောင်ရမ်းကျေးရွာနှင့် ပတ်ဝန်းကျင်မှ မီးလင်းပြီးသော ကျေးရွာ ၂၇ ရွာတွင် စဉ်ဆက်မပြတ် ဓာတ်အားပြည့်ဝစွာ ရရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် မီးမရရှိသေးသော ကျေးရွာများဖြစ်သည့် အိုင်ဒွန်း၊ ပေါက်ချောင်း၊ သနပ်ကန်၊ အင်းရွာ၊ ဥသျှစ်ကုန်း၊ ကွမ်းခြံ၊ ဥပ္ပလင်၊ ကြို့ပင်သာ၊ ငွေးကုန်း(အရှေ့)၊ ငွေးကုန်း (အနောက်)၊ သုံးပတ်လည်၊ အင်းဝင်း၊ သမန်းကန်၊ ကြကန်၊ သူကောင်းကုန်း၊ မင်းကံကုန်း၊ ထနောင်းကန်၊ ချောင်းဆုံ စုစုပေါင်း ကျေးရွာ ၁၈ ရွာမှ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား စတင်ရရှိ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပညာဒါန အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်ပေး

**ကာမိုင်း မတ် ၈**

နွေရာသီကျောင်းပိတ်ရက်ရှည်တွင် ကျောင်းသားကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အတတ်ပညာ ဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ နွေရာသီကွန်ပျူတာအခြေခံသင်တန်းကို ကာမိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၅ ရက်မှ စတင်ဖွင့်လှစ် ပို့ချခဲ့သည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်းကို ကာမိုင်းမြို့အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပထမအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ကာ အခမဲ့ သင်ကြားပေးသော ပညာဒါနသင်တန်းဖြစ်ကြောင်း သိရသည်။

သင်တန်းစတင်ဖွင့်လှစ်သည့်အချိန်တွင် အလှူရှင်များ စုပေါင်းပံ့ပိုးမှုဖြင့် ရရှိထားသော ကွန်ပျူတာ ၁၃ လုံးဖြင့် တစ်နေ့လျှင် သင်တန်းချိန် ၁၀ ချိန် ဖွင့်လှစ်ကာ သင်တန်းသားသင်တန်းသူ ၁၃၀ ကို စတင်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ဆက်လက်၍ သင်တန်းသားဦးရေ ပိုမိုတက်ရောက်နိုင်ရန် အလှူရှင်ရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာမိုင်းမြို့ပေါ်တွင် သင်တန်းဖွင့်လှစ်ပေးပြီးပါက ကာမိုင်းမြို့အတွင်းရှိ ကျေးရွာများသို့လည်း ကွင်းဆင်းသွားရောက်၍ အဆိုပါသင်တန်းများကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြ

**ထားဝယ် မတ် ၈**

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးလုံခြုံရေး စီမံချက်ပါ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များကို နားလည်သဘောပေါက်ပြီး အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက စနစ်တကျဆောင်ရွက် တတ်စေရန်၊ မီးသတ်ဦးစီးဌာန၏ "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်" ဆိုသော မြန် ၃ မြန်စနစ်ကို အထောက်အကူဖြစ်စေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရန်အတွက် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ မြို့မစည်ပင်သာယာဈေးကြီး၌ မတ် ၆ ရက် ည ၇ နာရီက ဆောင်ရွက်ခဲ့သည်။



သရုပ်ပြ လေ့ကျင့်မှုတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးသန်းထွဋ်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ခရိုင်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှ ဒုဦးစီးမှူး ဦးကိုကိုနိုင်နှင့်အဖွဲ့ဝင်များ၊ အမှတ်(၇၄)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲစုမှူး ဒုရဲမှူး စိုးလွင်နှင့်အဖွဲ့ဝင်များ၊ ထားဝယ်မြို့မရဲစခန်းမှ ဒုရဲအုပ်သက်ပိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်ကာ မီးသတ်ကား ငါးစီးဖြင့် မီးငြိမ်းသတ်ခြင်း၊ လူနာတင်ယာဉ်တစ်စီးဖြင့် လူနာများအား ကယ်ဆယ်ခြင်းတို့ကို သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။ **ခရိုင် (ပြန်/ဆက်)**

## ဂန္ဓဝင်ရွှေပုဂံ Travel & Tours "သက်ကြွန်ခရီးစဉ်များ"

| | | |
|---|---|---|
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော ခရီးစဉ် | (၄/၃)ရက် | ၁.၉ သိန်း |
| ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင် ခရီးစဉ် | (၅/၆)ရက် | ၂.၇ သိန်း |
| မုံရွာ၊ အလောင်းတော်ကဿပ ၊ မန္တလေး၊ ပြင်ဦးလွင် ခရီးစဉ် | (၅/၆)ရက် | ၃.၆ သိန်း |
| ထားဝယ် ခရီးစဉ် (ရှင်ကိုးရှင် + မောင်းမကန်) | (၄/၃)ရက် | ၂.၉ သိန်း |
| ထားဝယ်၊ မြိတ်၊ မော်လမြိုင်ခရီးစဉ် (ဒုံးကျွန်း/ပါပန့်ကျွန်း/ဆလုံကျွန်း) | (၆/၇)ရက် | ၄.၇ သိန်း |
| မြဝတီ၊ မဲဆောက်၊ ဘားအံ ခရီးစဉ် | (၄/၃)ရက် | ၂.၄ သိန်း |
| မြစ်ကြီးနား ခရီးစဉ် ( မြစ်ဆုံ၊ အင်းတော်ကြီး၊ ရွှေဘို၊ ဇလုံတောင် ) | (၆/၇)ရက် | ၃.၉ သိန်း |
| စစ်တွေ၊ မြောက်ဦး ခရီးစဉ် ( ကားဖြင့် ) | (၅/၆)ရက် | ၃.၉ သိန်း |
| ငပလီ ခရီးစဉ် ( ဆံတော်/အံတော်/နံတော် ) ( ကားဖြင့် ) | (၄/၃)ရက် | ၃.၅ သိန်း |

(Ygn Office) : No. 67, Baho Road, Sanchaung Township, Yangon.
Ph: 01 - 510218, 500191, 519292, 510491, 519360
(MDY Office): 38 Rd, Bet, 78 x 79 Street, Mandalay. 09 - 31693339
Facebook : Gandawun Shwe Bagan Travel & Tours
Website : www.gandawunshwebagan.com
Hot Line: 09- 790901466

## မိုးကုတ်စွန်းလွန်းတရားစခန်း

မိုးကုတ်စွန်းလွန်းဂူကျောင်းတွင် ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁)ရက် (စနေနေ့)မှ တန်ခူးလဆန်း(၁၀)ရက် (တနင်္လာနေ့)၊ (၁၇-၃-၂၀၁၈ ရက်မှ ၂၆-၃-၂၀၁၈ ရက်အထိ) ကမ္ဘာအေးစွန်းလွန်းဆရာတော် ဦးဝရ ကိုယ်တိုင်ကြွရောက်၍ တရားဟောကြားပြသတော်မူပါမည်။

**မိုးကုတ်စွန်းလွန်းပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအဖွဲ့**

## အေးချမ်းစေ စေတီဖူးမြော်နိုင်သည့်အတွက် ဝမ်းမြောက်သာဓုခေါ်စေသော်

လေးမျက်နှာမြို့နယ် သဲနကုန်းအုပ်စု ကျားကိုက်ကျေးရွာစေတလုံးတောင်တော်တွင် တည်ထားကိုးကွယ်သော အေးချမ်းစေ စေတီတော်မြတ်ကြီးအား အများပြည်သူ ကြည်ညိုသဒ္ဓါပွားများနိုင်ရန်အတွက် အလှူရှင် ဦးဇော်ငြိမ်းလတ်-ဒေါ်ခင်ဖြူဖြူဝင်း၊ သား-မြတ်သုခ၊ သမီး-ဖူးပွင့်ဖြိုးမိသားစု သာကေတ(ရန်ကုန်တိုင်း)မှ တည်ထားကိုးကွယ်နိုင်အောင် လှူဒါန်းပေးသည့်အတွက် တက်ဆိပ်ကျေးရွာ ဇီးတမ်းပိုင်းနေ ဦးကိုရွှေ-ဒေါ်ခင်စန်းဝင်းမိသားစုနှင့်အတူ အေးချမ်းစေ စေတီအနီးတစ်ဝိုက်မှ ရွာသူ/ရွာသားများက အလှူရှင်များအား ကျေးဇူးတင်ကြောင်းနှင့် ဝမ်းမြောက်အနုမောဒနာ ခေါ်ဆိုပါသည်။

**ဦးကိုရွှေ-ဒေါ်ခင်စန်းဝင်းမိသားစု တက်ဆိပ်ကျေးရွာ ရေကြည်မြို့နယ်**

### Invitation for Bids

**Republic of Union of Myanmar**
**Modernization of Public Financial Management Project**
Credit No. 54020-MM/ Grant No.: TF017190/ Project Id.: P144952

**Contract Title: Supply of IT Equipment: Desktop Computers, Laptop Computers, Routers, Online UPSs**
**Reference No.**: MPFMp-C2-ICB-GS329, Lots 1 to 4

1. The Ministry of Planning and Finance, Republic of Union of Myanmar has received financing from the World Bank for the Modernization of Public Financial Management Project and intends to apply part of the proceeds of the Project toward payments under the contract for Supply of IT Equipment: Desktop Computers, Laptop Computers, Routers, Online UPSs.
2. The Ministry of Planning and Finance now invites sealed bids from eligible bidders for Supply of IT Equipment:
   - Lot 1- Supply of Desktop computers, Quantity 225 nos
   - Lot 2- Supply of Laptop computers, Quantity 17 nos
   - Lot 3- Supply of Routers, Quantity 21 nos
   - Lot 4- Supply of Online UPSs, Quantity 150 nos

   Supply to be made to location in Nay Pyi Taw, Myanmar.
3. The qualification requirements are:
   (i) The Bidder shall furnish documentary evidence to demonstrate that it has successfully completed one (1) contract for similar goods as required under that lot in any year over the last 5 (five) years and such contract had the value greater than 50% of the value of the Bid.
   (ii) The Bidder is required to submit with his bid, documentary evidence to demonstrate that after sales service for maintenance is already set up andavailable in Myanmar,or will be set up if contract is awarded to the Bidder.
   (iii) The manufacturer of the offered goods must have minimum 10 (ten) years manufacturing experience in similar goods.
   (iv) Meet turnover requirements as follows: Lot 1-USD 500,000; Lot 2-USD 50,000; Lot 3-USD 50,000; Lot 4-USD 300,000. For combined award of several lots, the aggregate experience in value and turnover will be applied.

   The bid document may be referred for detailed information on qualification requirements.
4. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's *Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers* January 2011, revised July 2014 ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.
5. Interested eligible bidders may obtain further information from the MPFMp Office, Ministry of Planning and Finance, Building No 26, Nay Pyi Taw, Mayanmar, email id mmt.budget@gmail.comcc zawnaing652011@gmail.com, moethidarmg@gmail.com, sukumarshep@gmail.com, and inspect the bidding documents during office hours *0930 to 1630 hours* at the address given below.
6. A complete set of bidding documents in English may be obtained by interested eligible bidders upon the submission of a written application to the address below. The document may be collected from the address below.
7. Bids must be delivered to the address below on or before **7 May 2018**. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below.
8. All bids must be accompanied by a Bid Securing Declaration.
9. The address referred to above is:
   Attention: MrZaw Naing, Director General
   Address: Ministry of Planning and Finance, Building Number (26), Room Number 10, Ground Floor, Office of MPFM Project
   City: Nay Pyi Taw; Country: Myanmar
   Facsimile number: 095-067-410575, 410158;
   Electronic mail address: mmt.budget@gmail.com cc zawnaing652011@gmail.com, moethidarmg@gmail.com

## ASEAN Engineer, Associate ASEAN Engineer, ASEAN Engineering Technologist, ASEAN Technician

### လက်မှတ်များအတွက် အဆိုပြုလျှောက်လွှာများ ခေါ်ယူခြင်း

၂၀၁၈ခုနှစ်အတွက် ASEAN Engineer,Associate ASEAN Engineer,ASEAN Engineering Technologist, ASEAN Technician မှတ်ပုံတင်လက်မှတ်များကို ၂၀၁၈ခုနှစ်နိုဝင်ဘာလတွင်စင်္ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံ အင်ဂျင်နီယာများ အသင်းချုပ်ညီလာခံCAFEO-36တွင် ပေးအပ်ချီးမြှင့်မည်ဖြစ်ရာလျှောက်ထားလိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ စိစစ်၍ထောက်ခံ တင်ပြပေးမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Website - www.org.mm တွင် သတ်မှတ်ပုံစံအား download ပြုလုပ်၍ ဖြည့်စွက်ပြီးလိုအပ်သော အထောက်အထားများပူးတွဲလျက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ aer.myanmar@gmail.com သို့ email ပေးပို့၍ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ နောက်ဆုံးထားဆက်သွယ်ပေးပို့လျှောက်ထားနိုင်ပါသည်။

**ASEAN Engineer လျှောက်ထားရန်လိုအပ်ချက်များ**
၁။ BE ဘွဲ့ရပြီး လုပ်သက်(၇)နှစ်
၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Member(M) သက်တမ်း(၁)နှစ်
၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ RSE/PE လက်မှတ်

**Associate ASEAN Engineer လျှောက်ထားရန်လိုအပ်ချက်များ**
၁။ BE ဘွဲ့ရပြီး လုပ်သက်(၁)နှစ်
၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Junior Member(JM) သက်တမ်း(၁)နှစ်
၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ RE လက်မှတ်၊ (AEC ရရှိထားသူဖြစ်ပါက Assessment ဖြေဆိုရမည်။)

**ASEAN Engineering Technologist လျှောက်ထားရန်လိုအပ်ချက်များ**
၁။ BTech ဘွဲ့ရပြီး လုပ်သက်(၇)နှစ်
၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Associate Member (AM) သက်တမ်း(၁)နှစ်
၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ RGTech/RE/RSE လက်မှတ်

**ASEAN Technician လျှောက်ထားရန်လိုအပ်ချက်များ**
၁။ AGTI ဒီပလိုမာရပြီး လုပ်သက်(၇)နှစ်
၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Associate Member (AM) သက်တမ်း(၁)နှစ်
၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ RTech/RE/RSE လက်မှတ်

(အသေးစိတ်ကိုမြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊(ဖုန်း-၅၁၉၆၇၃-၆)နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(အသင်းခွဲ)များတွင်စုံစမ်းနိုင်ပါသည်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

## ဝန်ထမ်းအမြန်အလိုရှိသည်၊

တိုးတက်သမူဟ ကုမ္ပဏီ လီမိတက်တွင် တာဝန်ထမ်းဆောင်ရန်အောက်ပါ ဝန်ထမ်းများအမြန်အလိုရှိသည်။

| | |
|---|---|
| ၁။ Medical Representative | ကျား/မ (၆)ဦး |
| ၂။ Logistics Representative | ကျား/မ (၄)ဦး |
| ၃။ Regulatory Assistant | ကျား/မ (၃)ဦး |
| ၄။ ယာဉ်မောင်း | ကျား (၂)ဦး |
| ၅။ အထွေထွေဝန်ထမ်း | ကျား (၂)ဦး |

အမှတ်စဉ် (၁,၂,၃) ရာထူးနေရာများအတွက် ဘွဲ့ ရဖြစ်ပြီး ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းနယ်ပယ်တွင် အတွေ့ အကြုံရှိထားသူကို ဦးစားပေးခန့် အပ်သွားမည်။

လျှောက်ထားလိုသူများသည် C.V နှင့် လိုအပ်သောစာရွက်စာတမ်းမိတ္တူများကို Email မှတဆင့် ပေးပို့ လျှောက်ထားနိုင်ပါသည်။

Email - info@synergygn.com

ဖုန်း - 01-2301124, 2301125, 2301977 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ဇီးပင်ကန်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းမှ မနိုင်ချိုသက်၏ ဖခင်အမည်မှန်မှာ ဦးရွှေလင်း ၉/မခန(နိုင်)၁၉၆၇၅၇ ဖြစ်ပါကြောင်း။ **ဦးရွှေလင်း**

### အမည်ပြောင်း

ရန်ကုန်မြို့နေ ဦးကျော်မင်း ၈/မကန(နိုင်)၁၂၉၅၉၏သား မောင်အောင်သစ်အား မောင်ဟိန်းထက်အောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းထက်အောင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄C/၈၈၈၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ၂၀၁၈ဘဏ္ဍာရေးနှစ် ဖိလကာလ(ဧပြီလမှ စက်တင်ဘာလအထိ) ဆောင်ရွက်မည့် မြို့တော်သာယာလှပရေးနှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း (၁၀) နေရာအား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရန်အတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံ ထုတ်ပေးမည့်ရက်** | - ၁၂-၃-၂၀၁၈ရက် |
| **တင်ဒါပိတ်မည့်ရက်** | - ၁၉-၃-၂၀၁၈ရက် ညနေ ၄နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

**ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၃၂၄၉၁**

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/8524 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/3425 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## တော်ဝင်မိသားစုကုမ္ပဏီလီမိတက်

### ဝန်ထမ်းအလိုရှိသည်။

(ပြည်တွင်း၌သာ ခန့်ထားရန်)

အမှတ်(၁၀၇/၁၀၈)၊က(၆)လမ်း၊(က+ခ)မြို့သစ်ရပ်ကွက်၊အင်းစိန်
ဆက်သွယ်ရန်ဖုန်း- ၀၉ ၄၂၁၀၈၄၈၁၄၊ ၀၉ ၇၈၂၀၇၆၄၃၁

**၁။ AG ယာဉ်မောင်း - ကျား (၁၂)ဦး**

* ယာဉ်မောင်းလိုင်စင်(အနီ) ကိုင်ဆောင်သူဖြစ်ရမည်။ AG ကားမောင်းနှင်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။ အသက်(၂၅)နှစ်မှ (၅၀)နှစ်အတွင်း ဖြစ်ရမည်။ တွဲကားမှလွဲ၍ အခြားမည်သည့် မော်တော်ယာဉ်ကိုမဆို ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓါတ်ပုံ(၂)ပုံ ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ အထက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က+ခ၊ မြေကွက်အမှတ် ၅၈၅၊ မြေကွက်တည် နေရာအမှတ် ၆၉(က+ခ)၊ မာလာမြိုင်(၄)လမ်း၊ (၁၆)ရပ်ကွက်၊ (ဒေါ်သန်းသန်းဆွေ၊ ဦးထွန်းမြင့်) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းမြင့်မှာ အစ္စလာမ် ဘာသာကိုးကွယ်သူဖြစ်ပြီး ၂၀-၁၁-၂၀၀၄ရက်က ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ရှိန် ၁၂/လမန(နိုင်)၀၁၃၈၈၆နှင့် သားသမီးများဖြစ်ကြသော ဦးထွန်းမြင့်ထွန်း ၁၂/လမန(နိုင်)၀၁၃၈၆၉၊ ဒေါ်မြင့်သန္တာထွန်း ၁၂/လမန(နိုင်)၀၁၃၈၇၀၊ ဦးထွန်းလင်းထွန်း ၁၂/လမန(နိုင်)၁၁၈၂၇၈တို့မှ ဇနီးနှင့်သားသမီးများ တော်စပ်ကြောင်း၊ အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဒေါ်မြင့်မြင့်ရှိန်မှာ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း (၁၄)ရပ်ကွက်၊ အုတ်ကျင်းဂျာမေဗလီ၊ ဗလီတာဝန်ခံနှင့် (၁၆)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ထောက်ခံချက်၊ မြေရာဇဝင်မှတ်ချက်ရှိ(၂၀၁၅)ခုနှစ်တွင် ဒေါ်မြင့်မြင့်ရှိန်မှ ကန့်ကွက်စာတင်သွင်းခဲ့ခြင်းနှင့် ပတ်သက်၍ ပြန်လည်ရုပ်သိမ်းကြောင်း ၁၇-၁-၂၀၁၈ရက်စွဲပါ တင်ပြစာ ဦးထွန်းမြင့် သေစာရင်းတို့ကို တင်ပြ၍ ပူးတွဲအမည်ပေါက်ဖြစ်သူ ဒေါ်သန်းသန်းဆွေ ၁၂/လမန(နိုင်)၀၂၆၁၆၄ နှင့် ပူးတွဲလျက်ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဖိတ်ကြားလွှာ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၀၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂)မှတပည့်များက မိမိတို့အား ပညာသင်ကြားပေးခဲ့ကြသော အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို မမေ့လျော့သော အထိမ်းအမှတ်အဖြစ် ပူဇော်ကန်တော့သြဝါဒခံယူပွဲကို အောက်ဖော်ပြပါအစီအစဉ်များအတိုင်း ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| ဗိုလ်လောင်းသင်တန်းအမှတ်စဉ် | ရက် | အချိန် | နေရာ |
|---|---|---|---|
| (၂၀) | ၃၁-၃-၂၀၁၈ | ၇း၀၀ မှ ၈း၃၀ထိ | ရွှေလိပ်ပြာဟိုတယ် |
| (၂၃) | ၃၁-၃-၂၀၁၈ | ၉း၀၀ မှ ၁၀း၃၀ထိ | ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရေးဟောင်းရုပ်ပွားတော်များတန်ဆောင်း |
| (၂၄) | ၃၁-၃-၂၀၁၈ | ၁၁း၀၀ မှ ၁၂း၃၀ထိ | မိုးကုတ်ဆွမ်းစားဆောင်(ကမ္ဘာအေးကုန်းမြေ) |
| (၂၅) | ၃၁-၃-၂၀၁၈ | ၁၃း၃၀ မှ ၁၅း၀၀ထိ | မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်(နတ်မောက်လမ်း) |
| (၂၆မှ ၃၂ထိ) | ၁-၄-၂၀၁၈ | ၉း၀၀ မှ ၁၁း၀၀ထိ | တပ်မတော်ခမ္မာရုံ |
| (၃၃မှ ၃၇ထိ) | ၁-၄-၂၀၁၈ | ၁၂း၀၀ မှ ၁၄း၀၀ထိ | တပ်မတော်ခမ္မာရုံ |
| (၃၈မှ ၄၂ထိ) | ၁-၄-၂၀၁၈ | ၁၅း၀၀ မှ ၁၇း၀၀ထိ | တပ်မတော်ခမ္မာရုံ |

မှတ်ချက် ။ ။ ပြင်ဦးလွင်မှ ရန်ကုန်သို့ မော်တော်ယာဉ်စီစဉ်ထားပါ၍ လမ်းကြောင်းတွင်လိုက်ပါလိုသည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် ဝမ်းဗိုလ် ဖုန်း-၀၉-၄၄၄၀၂၀၅၃၀၊ ၀၉-၇၉၄၈၁၂၄၄၅၊ လှဌေး ဖုန်း-၀၉-၅၂၆၁၆၅၆၊ စိုးသန်း ဖုန်း-၀၉-၂၀၀၃၂၇၈၊ ကျော်လှိုင်ဦး ဖုန်း-၀၉-၂၀၄၂၀၉၁ တို့အား ဆက်သွယ်နိုင်ပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(၁၇)ဖွဲ့တို့တွင် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်ကာလအတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကျပ်သိန်း ၁၀၀နှင့်အထက်လုပ်ငန်းများ ဆောင်ရွက်နိုင်အတွက် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ ကျပ်သိန်း ၁၀၀နှင့်အထက် တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီရှိ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ သတ်မှတ်ထားသော အဆိုပြုလွှာ၊ စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအား ၃-၄-၂၀၁၈ ရက် နံနက် ၉း၀၀နာရီတွင် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးကော်မတီရုံးများ၌ ကျင်းပမည်ဖြစ်ပြီး နောက်ကျရောက်ရှိသူများအား တင်ဒါတင်သွင်းခွင့်ပြုမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်နှင့် တင်ဒါစည်းကမ်းချက်များကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးများနှင့် ဤအဖွဲ့ရုံးတို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ စဉ့်ကူး၊ စဉ့်ကိုင်၊ ညောင်ဦး၊ နွားထိုးကြီး၊ ပုသိမ်ကြီး၊ ပျော်ဘွယ်၊ ပြင်ဦးလွင်၊ မတ္တရာ၊ မိုးကုတ်၊ မိတ္ထီလာ၊ မြင်းခြံ၊ မြစ်သား၊ ဝမ်းတွင်း၊ သာစည်) မြို့နယ်စည်ပင်များ။

**မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၂-၅၇၀၀၃၊ ၅၇၀၀၄၊ ၅၇၀၀၅**

## MINISTRY OF TRANSPORT AND COMMUNICATIONS
## MYANMAR RAILWAYS
### Extension of Tender Closing Date
### Myanmar Railways Extends the Tender Closing Date as follows:

| Sr No | Tender No | Description | Initial Closing Date & Time | Extension Closing Date & Time |
|---|---|---|---|---|
| 1 | 16/MR/INDIA (E)2017-2018 | Track Recording Car EM 80 and Small Track Maintenance Machineries | 22-3-2018 (14:30)Hr | 22-5-2018 (14:30)Hr |

**Managing Director,Myanma Railways**
**Ministry of Transport and Communications, Nay Pyi Taw, Myanmar**

## မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၁၇/၂၀၁၈ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေးအား ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၁-၂၀၁၇ရက်မှ ၃၁-၁၂-၂၀၁၇ရက်အထိ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ၁၇-၃-၂၀၁၈ရက်မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/4065 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ နမ့်ဘော်ဝမ်(ခ)ရပ်ကွက်၊ အကွက်အမှတ် ၁၄၀- နမ့်ဘော်ဝမ်၊ ဦးပိုင်(က-၂၉၊ က-၃၀)၊ ဧရိယာ ၀ဒသမ၂၆၃ ဧကရှိမြေသည် မိခင် ဒေါ်မာတူး ပိုင်ဆိုင်ပြီး မိခင်မှ ကျွန်တော်ဦးစိုးမိုးနိုင်အား မေတ္တာဖြင့် ပေးကမ်းခဲ့ပါသည်။ ကျွန်တော် ဦးစိုးမိုးနိုင်တစ်ဦးတည်းသာ အကျိုးခံစားကြောင်း ကျမ်းကျိန်ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။ **ဦးစိုးမိုးနိုင် ၂/လကန(နိုင်)၀၄၈၀၁၉**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကျေးရွာ၊ နယ်မြေ(၄)ရပ်ကွက်ရှိ ဦးထွန်းလှ-ဒေါ်အေးစိန် ပိုင်ဆိုင်သော အိမ်ဝိုင်းခြံမြေအား တစ်ဦးတည်းသောသား ဦးကြည် ၉/ပမန(နိုင်)၀၁၀၅၈၄ ပိုင်ဆိုင်ကြောင်း အဆိုပြုလာပါသည်။ ၄င်းအိမ်ဝိုင်းခြံမြေပိုင်ဆိုင်မှုအား ကန့်ကွက်ရန်ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကြည် ၉/ပမန(နိုင်)၀၁၀၅၈၄**

### ပျောက်ဆုံးခြင်း

ကျွန်မ နန်းနွမ်းခမ်း(ဘ)ဦးဆွဲငင်း အိုက် ၁၃/နခန(နိုင်)၀၀၀၆၆၃ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**နန်းနွမ်းခမ်း**
**ဖုန်း-၀၉-၄၂၀၀၉၃၄၅၁**

### ပျောက်ဆုံးခြင်း

ကျွန်တော် စိုးထိုက်နောင်(ဘ) မောင်မြင့် ၉/ပမန(ပြု)၀၀၀၀၈၄ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**စိုးထိုက်နောင်**
**ဖုန်း-၀၉-၉၇၈၈၇၇၅၇၀**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံး**
**၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၁**

ဒေါ်နန်းနန်းထွေး **နှင့်** ဦးမင်းအောင်
**တရားနိုင်** **တရားရှုံး**

မန္တလေးခရိုင်တရားရုံး ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် (၃၄၁) တွင် ရရှိသော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းစာရင်းတွင် ၂၀၁၈ခုနှစ် ဧပြီ ၂ရက် (၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံစွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ၇၃လမ်း၊ ၂၈×၂၉လမ်းကြား၊ (ရထိုက်ဟိုတယ်နှင့် မျက်နှာချင်းဆိုင်) အကွက်အမှတ် (၇၃၃)၊ ဦးပိုင်အမှတ် (၁၁-က)၊ မြေဧရိယာ ၀ဒသမ၀၄၅၄ဧကရှိ ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိတိုက်အမှတ် (၆၃)၊ လေးထပ်ခွဲတိုက်အဆောက်အအုံ။

**ကြမ်းခင်းဈေး ကျပ်သိန်း ၃၆၀၀၀(ကျပ်သိန်းသုံးသောင်းခြောက်ထောင်တိတိ)**

**ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သော ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချသည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကိုဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ခုနှစ် မတ် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညိုမီစံ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ညောင်ရွှေမြို့၊ မင်္ဂလာဈေး အဆင့်မြင့်ဈေးတည်ဆောက်မည့်လုပ်ငန်းနှင့် ပုံစံများအဆိုပြုတင်ပြရန် တင်ဒါခေါ်ယူခြင်း

၁။ ညောင်ရွှေမြို့၊ ကန်သာရပ်ကွက်၊ ရွှေညောင်-ညောင်ရွှေသွားလမ်းအရှေ့ဘက်၊ ဦးပိုင်(၂/ခ၊ ၂/ဃ၊ ၂/င၊ ၈)၊ ဧရိယာ ၃ဒသမ၅၈၅ဧကရှိသည့် မင်္ဂလာဈေးကို အဆင့်မြင့်ဈေးအဖြစ် ဆောက်လုပ်ရန်အတွက် တည်ဆောက်မည့်လုပ်ငန်းနှင့်ပုံစံများကို အဆိုပြုတင်ပြရန် တင်ဒါပေးသွင်းနိုင်ရေး ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ မင်္ဂလာဈေးအား အဆင့်မြင့်ဈေးအဖြစ်ဆောက်လုပ်ပြီးစီးလျှင် စည်ပင်သာယာရေးဌာနသို့ လွှဲပြောင်းအပ်နှံရမည်ဖြစ်ပြီး ဆောက်လုပ်လိုသည့် ကုမ္ပဏီသည် ဈေးတစ်ခုတွင် ပါဝင်ရမည့် လိုအပ်ချက်များအားလုံးကို ထည့်သွင်းပုံစံထုတ် ရေးဆွဲအဆိုပြုရမည် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အောက်ပါအချက်များကို အခြေခံပြီး ကုမ္ပဏီအမြင်အရ ပိုမိုကောင်းမွန်သည့် အချက်များထည့်သွင်းရေးဆွဲနိုင်ပါသည်-

(က) မင်္ဂလာဈေးအဆင့်မြှင့်ခြင်းကို PPP(Public Private Partnership) စနစ်ဖြင့် ဆောက်ရွက်မည့် အစီအစဉ်များ၊ MIC မှ ခွင့်ပြုချက်ရယူဆောင်ရွက်မည့် အစီအမံများ၊
(ခ) ကုမ္ပဏီပိုင်ရှင်းနီးမြှုပ်နှံမှုတန်ဖိုး၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ၊ သင်းဖွဲ့စည်းမျဉ်းနှင့်ငွေကြေးပိုင်ဆိုင်မှု အထောက်အထားများ အပြည့်အစုံတင်ပြရန်၊
(ဂ) ကုမ္ပဏီ၏လုပ်ငန်းဆိုင်ရာအတွေ့အကြုံများ၊
(ဃ) တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သောယာဉ် စက်ယန္တရား၊ လူအင်အား၊ ပညာရှင်ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မှုအစီအမံ၊
(င) ဈေးသစ်ကို သံကူကွန်ကရစ်အမျိုးအစားဖြင့် ဆောင်ရွက်ရန်၊ ခေတ်နှင့်လျော်ညီသော အဆင့်မီပုံစံရေးဆွဲရန်၊
(စ) ဗိုလ်ချုပ်ပန်းခြံဟောင်းနေရာ၊ GEC၊ စစ်မှုထမ်းဟောင်းနှင့် သားငါးတန်းနေရာများကို (၃)ထပ်ပုံစံနှင့် မူလဈေးနေရာတွင်(၂)ထပ်ပုံစံရေးဆွဲရန်၊
(ဆ) အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းမှုအတွက် လိုအပ်သည့်ကြိုတင်စီစဉ် ဆောင်ရွက်ပေးနိုင်မည့် အစီအမံ။
(ဇ) ဈေးသူ/ဈေးသားများနှင့် ဈေးဝယ်လာသူများ၏ ကားနှင့်မော်တော်ဆိုင်ကယ် ရပ်နားရန်နေရာများအတွက် အစီအမံများ၊
(ဈ) အစည်းအဝေးခန်း၊ ဈေးအရာရှိရုံးခန်း၊ စားသောက်ဆိုင်၊ Shopping Mall၊ Show Room၊ အလှပြင်ဆိုင်ခန်း၊ ကုမ္ပဏီရုံးခန်း၊ Mini Theatre, Mini Bank များစသည်ဖြင့် Multi use ဖြစ်စေမည့် အစီအမံများ၊
(ည) အဆင့်မြင့်ဈေးအတွင်း မီးသတ်ကားဝင်ထွက်နိုင်သည့်အဆင့်ရှိ ဝင်/ထွက်လမ်းများနှင့် ဈေးအတွင်း/အပြင် ရေနုတ်မြောင်းများ ဆောင်ရွက်မည့် အစီအမံများ၊
(ဋ) ရောင်းကုန်အမျိုးအစားအလိုက် ဆိုင်ခန်းနေရာသတ်မှတ်မှုများ၊
(ဌ) မူလညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနတွင် မှတ်ပုံတင်ထားသော ဆိုင်ခန်းများ၏ အမည်ပေါက် ဆိုင်ခန်းရှင်များအား မူလအတိုင်းအတာထက် မလျော့ဘဲ ပြန်လည်နေရာချထားပေးမည့် အစီအမံများ၊
(ဍ) မူလဈေးနေရာရှိ နေ့စဉ် ပွဲကျဈေးသည်နှင့် ညောင်ရွှေဈေးနေ့ ပွဲကျဈေးသည် စုစုပေါင်း(၂၁၅၀)တို့အနက် ကုန်စိုပွဲကျကို မြေညီထပ်၊ ကုန်ခြောက်ပွဲကျကို ပထမထပ်တို့တွင် လျာထားပေးရန်၊
(ဎ) မူလဈေးဟောင်းဖျက်သိမ်းရှင်းလင်းမှုနှင့် ယာယီဈေးသစ် ဆောက်လုပ်ရန်အတွက် ဆောင်ရွက်ပေးမည့် အစီအမံများ၊
(ဏ) အများသုံး သန့်စင်ခန်းများအား လုံလောက်သည့် အခန်းအရေအတွက်ဖြင့် အနည်းဆုံး(၂)နေရာ ထည့်သွင်းတည်ဆောက်မည့် အစီအမံများ၊
(တ) အမှိုက်သိမ်းဆည်းမှုစနစ်နှင့် ရေဆိုးထုတ်မည့် အစီအမံများ၊
(ထ) လုံခြုံရေးစနစ်၊ မီးဘေးလုံခြုံရေးစနစ်၊ အရေးပေါ်ထွက်ပေါက်များနှင့် လေဝင်လေထွက်ကောင်းမွန်ရေး စီမံထားရှိမှု၊
(ဒ) ရေရရှိရေး၊ ရေပေးဝေရေးဆောင်ရွက်မည့် အစီအမံများ၊
(ဓ) ဆိုင်ခန်းမီးများ၊ လုံခြုံရေးမီးများအတွက် လျှပ်စစ်သွယ်တန်းတပ်ဆင်မှု အစီအမံများ၊
(န) မူလဈေးနေရာ မြေညီထပ်မြောက်ဘက်ခြမ်းတွင် သား/ငါးတန်း၊ ဒေသရိုးရာ အင်းမုန့်တီသည်များကို မီးဘေးလုံခြုံရေးအမြင်ဖြင့် လျာထားရန်၊
(ပ) တည်ဆောက်ရေးကာလအတွက် Schedules ရေးဆွဲ၍ ဆောင်ရွက်မည့်အစီအမံများ၊
(ဖ) လုပ်ငန်းခွင်နှင့် အများပြည်သူ အန္တရာယ်ကင်းရှင်းရေး၊ သဘာဝဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မည့် အစီအမံများ၊
(ဗ) အခြားဝန်ဆောင်မှုပေးမည့် အခြေအနေများ။

၃။ အဆိုပြုတင်ဒါတင်သွင်းသည့် ကုမ္ပဏီသည် မိမိတင်သွင်းသည့်ပုံစံအရ ခန့်မှန်းခြေကုန်ကျစရိတ်များ၊ ရရှိလာသည့်ဆိုင်ခန်းအသစ်များ၊ နေရာအသစ်များကို ပြန်လည်ရောင်းချမည့်ဈေးနှုန်းများ၊ ဆောင်ရွက်လိုသည့် အငှားစနစ်များကိုပါ ထည့်သွင်းအဆိုပြုရမည်။

၄။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီသည်အဆင့်မြင့်ဈေးသစ် တည်ဆောက်ပြီးစီးပါက ဖြစ်ပေါ်လာမည့်အကျိုးရလဒ်အပေါ် ကုမ္ပဏီနှင့် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနတို့အတွက် အကျိုးအမြတ်ခွဲဝေမှု အစီအမံများပါ ထည့်သွင်းတင်ပြရမည်။

၅။ အဆိုပါတင်ဒါတင်သွင်းမည့် ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းပါဝေယာ၊ မိမိဆောက်လုပ်မည့်ပုံစံများ ခန့်မှန်းခြေစာရင်းနှင့်အတူ ဆောင်ရွက်မည့်လုပ်ငန်း ကုန်ကျစရိတ်၏ ၅%ကို အာမခံငွေအဖြစ် တင်သွင်းရမည်။

၆။ ကြီးကြပ်မှု ကော်မတီအားမိမိပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရာတွင် ရှင်းပြရမည်ဖြစ်ပြီး ပုံစံရွေးချယ်မခံရလျှင် တင်သွင်းထားသည့် အာမခံငွေအား တင်ဒါအတည်ပြုရွေးချယ်ပြီးသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရွေးချယ်ခံရသည့် ကုမ္ပဏီသည် တင်ပြသည့်စံချိန်၊ စံညွှန်းများနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ပြီး မြို့မ-မင်္ဂလာ အဆင့်မြင့် ဈေးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီနှင့် အသေးစိတ်စည်းကမ်းချက်များဆွေးနွေးပြီး စာချုပ်ချုပ်ဆို လုပ်ကိုင်သွားရမည်ဖြစ်ပါသည်။

၈။ အဆိုပြုတင်ဒါကို ၂၀-၄-၂၀၁၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ တင်သွင်းရမည်။ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အိတ်ဖွင့်ပေးပို့နိုင်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးဌာနရုံး**
**ညောင်ရွှေမြို့**
**ဖုန်း-၀၈၁-၂၀၉၀၀၆၊ ၂၀၉၉၃၉**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၆၃၁/၆၃၂၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဦးဖေစန်းအမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခင်မာနွယ်(ဘ)ဦးလှမောင် ၁၂/မဂတ(နိုင်)၀၄၆၂၈၂ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၉၆၇၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးဖေစန်းအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်မာနွယ်(ဘ) ဦးလှမောင် ၁၂/မဂတ(နိုင်)၀၄၆၂၈၂မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက်ကားဈေးကြီး ဖြစ်လာမည့်

GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (ဂ) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ်အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက်ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-

GA MONE PWINT CO.,LTD.

အမှတ် (၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

# နိုင်ငံတော်နှင့် ပြည်သူ့အတွက် အကျိုးရှိစေမည့် အခွန်ကောက်ခံမှုစနစ်ကို ဖော်ဆောင်သွားမည်

**နေပြည်တော် မတ် ၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အကောက်အခွန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် အခွန်အကောက်ရရှိမှုအခြေအနေ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ( ၄/၂၀၁၈) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဦးသာဦး၊ ဒေါက်တာထွန်းနိုင်၊ ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်းနှင့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❑




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်



# မြောက်ဦးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ပျော်ရွှင်စွာဖြေဆို

**မြောက်ဦး မတ် ၈**

မြောက်ဦးမြို့နယ်တွင် ၂၀၁၈ ခုနှစ်တွင် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် ကျောင်းသား ၁၂၁၃ ဦးနှင့် ကျောင်းသူ ၁၁၇၃ ဦးရှိရာ စုစုပေါင်း ၂၃၈၆ ဦး စာရင်းရှိသည့်အနက် ဖြေဆိုသူ ကျောင်းသား ၁၀၆၁ ဦးနှင့် ကျောင်းသူ ၁၀၈၀ တို့က ပျော်ရွှင်စွာဝင်ရောက်ဖြေဆိုခဲ့ကြရာ စာမေးပွဲဝင်ရောက်ဖြေဆိုရန် ပျက်ကွက်သူ ကျောင်းသား ၁၅၂ ဦးနှင့် ကျောင်းသူ ၉၃ ဦး စုစုပေါင်း ၂၄၅ ဦး ပျက်ကွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြောက်ဦးမြို့ အထက-၂ စာစစ်ဌာနတွင် မတ် ၈ ရက် နံနက် ၉ နာရီက တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ၁၈၁ ဦး၊ ကျောင်းသူ ၂၀၉ ဦး၊ တိန်ညိုစာစစ်ဌာနတွင် ဖြေဆိုသူ ၁၅၈ ဦး၊ ကျီရာပြင်စာစစ်ဌာနတွင် ဖြေဆိုသူ ၉၆ ဦး၊ မင်းသားကျွန်းစာစစ်ဌာနတွင် ဖြေဆိုသူ ၉၃၈ဦး၊ မြောင်းဘွေ စာစစ်ဌာနတွင် ဖြေဆိုသူ ၂၀၈ ဦးတို့က အင်္ဂလိပ်စာဘာသာရပ်ကို ပျော်ရွှင်စွာဖြေဆိုကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုအကူအညီများကို ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မြို့နယ်များအတွင်းရှိ စာစစ်ဌာနများတွင် အသီးသီးဖြေဆိုလျက်ရှိရာ ရခိုင်ပြည်နယ် မြောက်ဦးမြို့အတွင်း၌ အင်္ဂလိပ်စာဘာသာရပ်ကို ပျော်ရွှင်စွာဖြေဆိုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# MFF Futsal Open Cup ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပသည်။

တတိယနေ့ပွဲစဉ်များတွင် Dala United အသင်းက Futsal Club Brother အသင်းကို ခုနစ်ဂိုး-ခြောက်ဂိုး၊ ရွှေပြည်သာအသင်းက Mariners အသင်းကို လေးဂိုး-သုံးဂိုး၊ Brotherhood အသင်းက ၁၄/၁၅ အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ VUC Youth အသင်းက Sport Idot အသင်းကို ၁၂ ဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး Winner အသင်းနှင့် ရွှေသီဟအသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများကို ဖြိုးဝေကို (Dala United)၊ သူရိန်တင်ထွန်း (ရွှေပြည်သာ)၊ သူရရှိန် (Winner)၊ မှူးသီဟသူ (Brotherhood) နှင့် ဇော်ဇော်ထွန်း (VUC Youth) တို့က *စာမျက်နှာ ၅ ကော်လံ ၄* ❍



Winner အသင်းနှင့် ရွှေသီဟအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိသော ငလျင်လှုပ်မှုကြောင့် နေပြည်တော်တွင် စေတီပုထိုးအချို့ ထိခိုက်ပျက်စီး

*ပြည်တွင်းသတင်း - စာမျက်နှာ - ၁၁*

## လူတစ်ဦးကို ဆင်က အစွယ်ဖြင့် ထိုးသတ်မှု မြောင်းမြမြို့နယ်၌ ဖြစ်ပွား

*မှုခင်းသတင်း - စာမျက်နှာ - ၁၂*

## အရှေ့ဂူတာကို စွန့်လွှတ်ရန် အစိုးရဆန့်ကျင်သည့် တိုက်ခိုက်ရေးအုပ်စုများကို ရုရှားတိုက်တွန်း

*နိုင်ငံတကာသတင်း - စာမျက်နှာ - ၁၄*

